# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၁၂၈)


**အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၅၇၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်း ကိုးခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြု** စာ » ၄

**ပြည်ထောင်စုစိတ်ဓာတ်** စာ » ၆



**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်** စာ » ၈

**ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ ပထမဆုံး အကြိမ် ရောက်ရှိ** စာ » ၁၄





ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။

သတင်းစဉ်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

**နေပြည်တော်  ဖေဖော်ဝါရီ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)နှင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(MESC) တို့အနေဖြင့် မည်သည့် မြို့နယ်များကို တာဝန်ယူလုပ်ကိုင်ပြီး မည်သည့်မြို့နယ်များကို Franchise တာဝန်ပေးအပ်လုပ်ကိုင်နေသည်ကို သိလိုခြင်း၊ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် Franchise၊ YESC နှင့် MESC တို့၏ တာဝန်ယူလုပ်ကိုင်နေသော ဓာတ်အားပျောက်ဆုံးမှု အခြေအနေစာရင်းများကို သိလိုခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှုများရှိနေခြင်းကြောင့် နိုင်ငံတော် ပြည်သူ့ဘဏ္ဍာငွေများ နစ်နာမှုများဖြစ်ပေါ်နေ၍ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းအောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် YESC မှ ၄၂ မြို့နယ်၊ Franchise ကုမ္ပဏီများမှ ၁၅ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် MESC မှ ၁၄ မြို့နယ် နှင့် Franchise ကုမ္ပဏီများမှ မြို့နယ်ပေါင်း ၂၀ တို့ကို တာဝန်ယူလုပ်ကိုင်လျက်ရှိပါကြောင်း။

မသမာသူများက တရားမဝင်ခိုးယူသုံးစွဲမှုများကိုလည်း စစ်ဆေးဖော်ထုတ်ပြီး ဒဏ်ရိုက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရပ်၊ ပျက်၊ နှေး မီတာများ ဖော်ထုတ်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းသုံး ထရန်စဖော်မာများတပ်ဆင်ရာတွင် စက်မှုသုံး မော်တာများကြောင့် Power Factor ညံ့ဖျင်းမှုဖြစ်ပေါ်စေပြီး ဆုံးရှုံးမှုများ ဖြစ်လာခြင်းကြောင့် Capacitor Bank တပ်ဆင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် Franchise ကုမ္ပဏီများနှင့် စာချုပ်များ ချုပ်ဆိုလုပ်ကိုင်ရာတွင် လက်ရှိဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်လာစေမည့် ရေတိုစီမံချက်နှင့် တိုးတက်တောင်းခံလာသည့် ဓာတ်အားလိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရန်အတွက် (System Development Plan) တို့ကို ချမှတ်ဆောင်ရွက်စေခြင်း၊ ဓာတ်အားပျောက်ဆုံးမှုလျှော့ချရေး အစီအမံနှင့် လိုအပ်သည့် လျာထားဘတ်ဂျက်ငွေကို Franchise က စီမံချက်ရေးဆွဲခြင်းတို့ကိုလည်း

*စာမျက်နှာ ၅ ကော်လံ ၁* ✤


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ပြည်သူ့သဘောထားကို အလေးထားကြမည်ဆိုလျှင်

'သမဂ္ဂါ သခိလာ ဟောထ' ညီညွတ်ကြ၊ တစ်ဦးနှင့်တစ်ဦး ပြေပြေပြစ်ပြစ် ဆက်ဆံကြ။ သည်လိုဆိုလျှင် ငြိမ်းချမ်းသာယာမည်ဟု ဗုဒ္ဓဘုရားရှင်က ဆိုသည်။

မညီညွတ်နိုင်သရွေ့၊ တစ်ဦးနှင့်တစ်ဦး ပြေပြေပြစ်ပြစ် မဆက်ဆံနိုင်ဘဲ နင်ပဲငဆ တိုင်းထွာနေကြသရွေ့ ပူလောင်နေကြဦးမည်ပဲဆိုသည်မှာ အသိဉာဏ် အနည်းငယ်ရှိကာမျှနှင့် တွေးဆသိရှိနိုင်ပါမည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မည်ဆိုကတည်းက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို ပြေပြေပြစ်ပြစ်ဆက်ဆံကာ မဖြေရှင်းနိုင်ခဲ့ကြ။ မျက်နှာချင်းဆိုင်ကာ စကားမပြောနိုင်ခဲ့ကြ။

ဘာကြောင့် ညီညွတ်လိုစိတ် မရှိခဲ့ကြတာပါလိမ့်ဟု တွေးမိတိုင်း နိုင်ငံရေး လောဘများကြောင့်လည်း ပါမည်။ ကိုယ့်အယူအဆသာ အမှန်၊ ကိုယ်နှင့်အယူအဆ မတူမျှသူအပေါ်ထားသည့် ဒေါသကြောင့်လည်း ပါမည်။ တိုင်းပြည်၏ အကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှုမည်ဆိုလျှင် ညီညွတ်မှုဖြစ်မည်၊ သဘောထားကြီးကြမှ ဖြစ်မည်ဟူသည့်အမှန်ကို မမြင်နိုင်သည့် မောဟလည်းပါမည်ဟု တွေးထင်မိပါသည်။

သည်လိုနှင့် လွတ်လပ်ရေးမရမီကတည်းက မြန်မာပြည်သူတို့ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ရသော ငြိမ်းချမ်းရေးက နှစ်ကြာလာသည်နှင့်အမျှ ဝေးဝေးလာသည်မှာ နှစ်ထပ်တိုးဖြင့် တက်တက်လာနေသကဲ့သို့။

ပြည်သူတို့ကြားမှာ စစ်ကိုမလိုချင်ဘူးဟူသော ကြွေးကြော်သံကို အလေးအနက် ထုတ်ဖော်ပြောဆိုလာခဲ့ကြသော်လည်း စစ်ကို ယနေ့တိုင် မရှောင်လွှဲနိုင်ကြသေး။ စစ်တိုက်နေကြသူတို့၏ အဆုံးအဖြတ်များ အတွင်းမှာ သေဆုံးနေရ ဒုက္ခခံနေရသည်က ပြည်သူတို့သာ ဖြစ်ချေသည်။

ထို့ကြောင့်လည်း ပြည်သူတို့မှာ ငြိမ်းချမ်းချင်လှပြီ။

မိသားစုတွင်း၌ အငြင်းပွားမှုများဖြင့် ပူလောင်နေသည့်အခါ ထိုအခြေအနေတွင်းက အကျိုးအမြတ်ထုတ်လိုသည့် သူများက အခါအခွင့်ကောင်းဟု ယူဆကာ မီးထိုးပေးခြင်းကို သတိထားကြရန်လိုပါမည်။ မိသားစုရန်ပွဲများဖြစ်ခြင်းက မည်သူတို့ကို စီးပွားတက်စေသလဲ၊ အငြင်းပွားခြင်းများကြားက မည်သူတို့သာ အကျိုးစီးပွား တိုးသည်ထက် တိုးလာနေကြသလဲ၊ မိမိတို့ တကယ်အကျိုးဆောင်ပေးချင်သည်ဆိုသော လူထုမှာ စစ်ပွဲများကြောင့် မည်မျှလောက် ထိခိုက်ဒုက္ခ ရောက်နေကြပြီလဲ ဆိုသည်တို့ကို ခေတ္တမျှ ရပ်တန့်စဉ်းစားကြဖို့ လိုပါပြီ။

ပြည်တွင်း ပဋိပက္ခများသည် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့် နိုင်ငံသားများအားလုံးကြားရှိ တန်းတူညီမျှမှုစသည့် အရေးအရာများပေါ်တွင် များစွာမူတည်နေသည်ဖြစ်ကြောင်းကိုလည်း အလေးအနက်ထား စဉ်းစားကြရန် လိုပါမည်။

အပြန်အလှန်အားဖြင့် ပဋိပက္ခများ ကြီးမားလာလေလေ ပြည်သူတို့ကြားက အဆိုပါအခွင့်အရေးများ ပိုမို ဆုံးရှုံးရလေဖြစ်လာနေသည်ကိုလည်း သတိပြုမိကြပါမည်။

အချုပ်အားဖြင့်ဆိုရလျှင် ကွဲပြားခြင်းက ပြည်သူလူထုအတွက် အကျိုးမဖြစ်။ ညီညွတ်ခြင်းကသာလျှင် ငြိမ်းချမ်းရေးကို ယူဆောင်လာနိုင်မည်ဖြစ်ပြီး နိုင်ငံရေးအခက်အခဲ အကျပ်အတည်းများ၊ နိုင်ငံရေးကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းကြမည်ဟူသော ဆုံးဖြတ်ချက်များပေါ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ကြဖို့ လိုပါမည်။

စစ်ပွဲများကို အားကိုးနေသရွေ့ ငြိမ်းချမ်းရေးကား ဝေးနေဦးမည်။ ပဋိပက္ခများပေါ်တွင်သာ အာရုံပြုနေခြင်းက ဒုက္ခနွံတွင်းသို့ ပြည်သူတို့ သက်ဆင်းနေရဦးမည်ဟူသည်ကို နိုင်ငံရေးအင်အားစုများအားလုံး၊ လက်နက်များ ကိုင်ဆောင်ထားသူများအားလုံး သတိပြုကြဖို့ လိုပါမည်။

ပြည်သူတို့ ဆန္ဒပြုနေကြသကဲ့သို့ 'စစ်ပွဲများရပ်' ကြရမည့်အချိန်ကို ရောက်နေပြီဟု ယူဆမိပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစု ပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး "စည်းလုံးညီညွတ်စွာ"ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။




## သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး

**လယ်ဝေး ဖေဖော်ဝါရီ ၄**

နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်ကာ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွှန့်က ဦးဆောင်ပြီး သက်ငယ်မုဒိမ်းမဖြစ်ပွားစေရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က သာဝတ္တိနယ်မြေရဲစခန်းအပိုင် တည်ထောင်အုပ်စု ကြံဖိုစုကျေးရွာတွင် ကျင်းပခဲ့သည်။

ယင်းဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွေးနှင့် ဒေသခံများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

တန်းတူညီမျှ အခွင့်အရေးရ
ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ
တန်းတူညီမျှ တာဝန်ယူကြ
လုံခြုံခိုင်မာ ပြည်ထောင်စုမှာ။

## အောင်လံမြို့ စက္ခုဒါနဆေးရုံတွင် အခမဲ့မျက်စိခွဲစိတ်ကုသပေး

**အောင်လံ ဖေဖော်ဝါရီ ၄**

အောင်လံမြို့၌ သီတဂူရွှေပြည်ဟိန်းဆရာတော်နှင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ သိန်းမြင့် (အငြိမ်းစား) ဦးဆောင်သော မျက်စိအထူးကုဆရာဝန်နှင့် ဆရာမ ၁၈ ဦးတို့က သီတဂူဇောတိကစက္ခုဒါနဆေးရုံတွင် ငါးကြိမ်မြောက် စက္ခုဒါန အလှူတော်အဖြစ် တာဝန်ခံဆရာတော် အရှင်ဇောတိကက ကြပ်မတ်လျက် ရန်ကုန်မြို့နေ ပိုင် ကုမ္ပဏီမိသားစု၏ ပံ့ပိုးလှူဒါန်းမှုဖြင့် အခမဲ့ မျက်စိခွဲစိတ်ကုသပေးခြင်း အလှူဒါနကို ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သီတဂူဇောတိက ကော်မတီအဖွဲ့သူ အဖွဲ့သားများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

## မီးဘေးအန္တရာယ်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**မိုးမောက် ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ် မိုးမောက်မြို့ လျှပ်စစ်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖတို့ ပူးပေါင်း၍ ယနေ့နံနက်က ကြေးနန်းရပ်ကွက်အတွင်းရှိ အိမ်ခြေ ၅၀ တွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးကြွင်းမီးကျန် ဂရုပြုရေး၊ မီးချိတ်မီးကပ်၊ သဲပုံး ရေပုံးများ ထားရှိရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်ဝိုင်ယာကြိုးများ၊ ထမင်းချက် မီးဖိုဆောင်များသို့ သွယ်တန်းထားသော ဝိုင်ယာကြိုးများ စနစ်တကျ ဆောင်ရွက်ရေး၊ လျှပ်စစ်အန္တရာယ်၊ မီးဘေးအန္တရာယ်ကျရောက်ပါက သက်ဆိုင်ရာဌာနများသို့ ချက်ချင်းအကြောင်းကြားရေးတို့နှင့် ပတ်သက်၍ အသိပညာပေးမှု၊ ပြုပြင်သင့်သည့်အရာများ ပြုပြင်နိုင်ရန် တစ်အိမ်ဝင် တစ်အိမ်ထွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွှမ်းနန်းထွေး**

*ထင်သာမြင်သာ ပြုပြင်စရာ*

## မြစ်ကြီးနားဘက်မှ မိုးကောင်းဘူတာအဝင်တွင် ပလက်ဖောင်းမရှိ၍ မြင့်နေသောနေရာကို ပြုပြင်ပေးစေလို

ကချင်ပြည်နယ် မိုးကောင်းမြို့၌ နေ့စဉ် အစုန်၊ အဆန် ရထား ခြောက်စင်း ဝင်၊ ထွက် သွားလာလျက်ရှိရာ မြစ်ကြီးနားဘက်မှ မိုးကောင်းဘူတာအဝင်တွင် ပလက်ဖောင်းမရှိ၍ မြင့်နေသောနေရာ၌ ခရီးသည်များ၊ ကုန်တင်၊ ကုန်ချဝန်ထမ်းများ အခက်အခဲနှင့် ကြုံတွေ့နေရသည်။

ယင်းနေရာသည် မီးရထားတွဲနှစ်တွဲစာ နေရာတွင်ကျရောက်နေခြင်းကြောင့် မန္တလေးဘက်သို့ ထွက်ခွာလျက်ရှိသော အစုန်ရထားများ၏ ကုန်တင်တွဲများ ကုန်တင်၊ ကုန်ချ ပြုလုပ်ရာ၌ လိုအပ်သည်ထက်ပို၍ အချိန်ကြန့်ကြာခြင်း၊ မြစ်ကြီးနားဘက်သို့ ထွက်ခွာလျက်ရှိသည့် အဆန်ရထားများတွင် ခရီးသည်များ၊ သက်ကြီးရွယ်အိုများ မီးရထားပေါ် အတက်၊ အဆင်း ပြုလုပ်ရာတွင် အခက်အခဲများ ကြုံတွေ့နေရခြင်းကြောင့် ပြုပြင်ပေးစေလိုကြောင်း ရထားစီးခရီးသည်များထံမှ သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးကောင်းတပ်နယ်နှင့် မိုးညှင်းတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ

**နေပြည်တော်  ဖေဖော်ဝါရီ  ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိုးကောင်းတပ်နယ်နှင့် မိုးညှင်းတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက သုတ၊ ရသ၊ စာအုပ်စာစောင်များ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးညှင်းခရိုင် အင်းတော်ကြီး၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိုးကောင်းမြို့နယ်နှင့် မိုးညှင်းခရိုင်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံပြီး ရရှိသည့်လျှပ်စစ်ဓာတ်အားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် အဆင့်မြင့်ဒေသထွက်ကုန်ချောများထုတ်လုပ်ပြီး ဝင်ငွေရရှိအောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်စေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်ပြီး ဆောင်ရွက်ရန်လိုအပ်မှု၊ အုပ်ချုပ်မှုဆိုင်ရာများအား မျှမျှတတဖြင့် ဆောင်ရွက်ရန်လိုအပ်မှုနှင့် ဒေသခံပြည်သူများ၏ ပညာရည် မြင့်မားရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုများကို တတ်နိုင်သမျှ တားဆီးဆောင်ရွက်ရန် လိုအပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိမှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ် မိုးညှင်းခရိုင်ရှိ အင်းတော်ကြီးသို့ ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးရာ ရှေးဦးစွာ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ပြည်သူ့စစ်ဌာနေခေါင်းဆောင်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ တိုင်းရင်းသားများနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း။

## ကူညီဆောင်ရွက်ပေးလျက်ရှိ

အင်းတော်ကြီးဒေသသည် စိုက်ပျိုးမြေ၊ ရေနှင့်စားနပ်ရိက္ခာပေါများသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ရရှိသည့်လျှပ်စစ်ဓာတ်အားကိုအသုံးပြုပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ချောထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ကြက်ဥများကို စားသုံးရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသားပညာတတ်များ မွေးထုတ်ရန်လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများမရှိစေရေး အားလုံးမှဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကြေညာခဲ့ပြီး တစ်လတာကာလကျော်လွန်ချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်တချို့မှ ကတိကဝတ်များချိုးဖောက်သည်ကိုတွေ့ရှိရကြောင်း၊ ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းကြရန် လမ်းဖွင့်ပေးထားကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ပြည်သူများမှ ရွေးချယ်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေချိန်၌ စည်းကမ်းရှိသည့် ဒီမိုကရေစီဖြစ်စေရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိရန် အရေးကြီးကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က ဒေသခံတိုင်းရင်းသားများနှင့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ကြသည်။

## အလှူငွေများ ပေးအပ်လှူဒါန်း

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အင်းတော်ကြီးအတွင်းရှိ ရွှေမဥ္ဇူဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ရွှေမိုးတောင်ပေါ်ရှိ ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရွှေမိုးတောင်ဓမ္မာရုံ၌ ပြည်နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသို ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော်သံဃာတော်များအား ဖူးမြော်ကန်တော့ကာ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေမိုးတောင်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**နေပြည်တော်  ဖေဖော်ဝါရီ  ၄**

မြန်မာ့တပ်မတော်အနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း UN Peacekeeping Operation Course ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

## သင်တန်းသားစစ်သည်များ တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Saurabh Kumar နှင့် စစ်သံမှူး Col. Naveen Mahajan၊ အိန္ဒိယတပ်မတော် Centre for United Nations Peacekeeping (CUNPK) မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားစစ်သည်များ တက်ရောက်ကြသည်။




**ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနား၌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှာစကားပြောကြားစဉ်။**
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Saurabh Kumar တို့က အဖွင့်အမှာစကားပြောကြားကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အိန္ဒိယနိုင်ငံ Centre for United Nations Peacekeeping (CUNPK) မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှုကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ CUNPK မှ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## (၆) ကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်

အဆိုပါသင်တန်းမှာ (၆) ကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အရာရှိ ၉၆ ဦး၊ စစ်သည် ၅၄ ဦး တက်ရောက်ခဲ့ပြီးဖြစ်သည်။ ယခုသင်တန်း၌ စစ်သည် ၃၀ ဦးတက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပြီး သင်တန်း၌ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများ အား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေးဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း Blue Helmet၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၏ သမိုင်းကြောင်းနှင့် ဆောင်ရွက် နေမှုများ စသည့်ဘာသာရပ်များအား စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၇၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းကိုးခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြု

**နေပြည်တော်　ဖေဖော်ဝါရီ　၄**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ( ၂ / ၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လုပ်ငန်း ကိုးခုကို ခွင့်ပြုခဲ့**

အဆိုပါလုပ်ငန်းများတွင် စက္ကူပျော့ဖတ် အမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ Photosensitive Powder ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အိတ်နှင့် ခါးပတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ ငါးမွေးမြူ အေးခဲပြုပြင်ထုတ်လုပ်နှင့် ဆက်စပ်သောလုပ်ငန်း၊ ရေသတ္တဝါ အစားအစာထုတ်လုပ်ခြင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ E-Payment ကတ်စနစ်ဖြင့် ပေးချေခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ ဆိပ်ကမ်းတည်ဆောက်၍ ဓာတ်ဆီ၊ ဒီဇယ်နှင့် LPG တင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ရုပ်ရှင်ပြသခြင်းတို့ ပါဝင်ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၇၅၃ ဦး ဖန်တီးပေးနိုင်မည့်လုပ်ငန်း ကိုးခုကို ခွင့်ပြုခဲ့သည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ( ၂ / ၂၀၁၉) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Yasuhisa Ojima၊ အကြံပေးများဖြစ်ကြသော Mr. Giorgi Barbakadze၊Mr. Inwon Song တို့နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော်　ဖေဖော်ဝါရီ　၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Yasuhisa Ojima၊ အကြံပေးများဖြစ်ကြသော Mr. Giorgi Barbakadze၊ Mr. Inwon Song တို့နှင့် ယနေ့ နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးစဉ် လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ဘဏ်များစနစ်တကျ ကြပ်မတ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၇ နာရီ အချိန်တွင် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၆ နာရီအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ် / လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှ လည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင် လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မူးယစ်ဆေးစွဲရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်　ဖေဖော်ဝါရီ　၄**

မူးယစ်ဆေးစွဲရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ဆေးကုသရေးလုပ်ငန်းအဖွဲ့ကို ဦးစီးဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးစွဲရောဂါကုဌာနကြီးပေါင်း ၂၆ ခု၊ မူးယစ်ဆေးစွဲရောဂါကု ဌာနငယ်ပေါင်း ၄၇ ခု အပါအဝင် မက်သာဒုန်းဆေးခန်းပေါင်း ၅၅ ခုကို ဖွင့်လှစ်ထားရှိပြီး ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ဝန်ဆောင်မှုများ ပိုမိုလုပ်ဆောင်**

မူးယစ်ဆေးစွဲခြင်းမှာ နာတာရှည်ရောဂါအမျိုးအစားတစ်ခု ဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ အကြောင်းအရာများနှင့် အကျိုးဆက်များစွာရှိသည့် အလျောက် မူးယစ်ဆေးစွဲရောဂါကာကွယ်ရေးနှင့် မူးယစ်ဆေးစွဲရောဂါကုသရေး ဝန်ဆောင်မှုများကို ပိုမိုလုပ်ဆောင်ရန် လိုအပ်လျက်ရှိပြီး မူးယစ်ဆေးစွဲခြင်းအား ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ရှုမြင်ပေးခြင်းနည်းပါးပြီး ခွဲခြားဆက်ဆံမှုများကြောင့် ကုသမှုနှင့် အခြားဝန်ဆောင်မှုများကို လက်လှမ်းမီရန် အခက်အခဲရှိနေဆဲပင်ဖြစ်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက်အထိ နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး မူးယစ်ဆေးကုဌာနများ၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အစီအမံများ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ မူးယစ်ဆေးကုဌာနများ၏ Current Status, Challenges, ways forwards နှင့် Strategic key points များ၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ် (National Drug Control Policy) ကိုအခြေခံ၍ မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် ပတ်သက်သော အမျိုးသားမဟာဗျူဟာမူဘောင်ကိုရေးဆွဲပြီး ရှေ့ဆက်လုပ်ဆောင်မည့် နည်းဗျူဟာများကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း မူးယစ်ဆေးစွဲရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

တနင်္သာရီ တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Saurabh Kumar အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်၍ ခရီးသည်နှင့် ကုန်စည်များ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်ရန်အတွက် Motor Vehicle Agreement စာချုပ် လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံအကြား ခရီးသည်တင် မော်တော်ယာဉ်များ (Coordinated Bus Service) ပြေးဆွဲရေး၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံအကြား လေကြောင်းလိုင်းများ တိုးမြှင့်ပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (မူကြမ်း) ရေးထိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Saurabh Kumar အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်



**ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**



**ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်**

✤ *ရှေ့ဖုံးမှ*

အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြို့နယ်များတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန် လျာထားချက်များ သတ်မှတ်ကာ လျှော့ချဆောင်ရွက်စေလျက်ရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေအား ခရိုင်၊ မြို့နယ် လျှပ်စစ်မန်နေဂျာများမှ ကွင်းဆင်းစစ်ဆေးခြင်း၊ Management Level မှ အခါအားလျော်စွာ စစ်ဆေးခြင်း၊ ရုံးချုပ်မှ လစဉ်လုပ်ငန်းတိုးတက်မှုအခြေအနေကို သုံးသပ်ကာ စစ်ဆေးကြပ်မတ်ခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ကျေးရွာလေးရွာသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေတွင်လည်းကောင်း ဘဏ္ဍာငွေထည့်သွင်း လျာထား

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးပျံ့နှံ့စွာရရှိစေရန် မြို့နယ်နှင့်ဆက်သွယ်သည့် ၁၁ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းများ တိုးချဲ့ချိတ်ဆက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကျောင်းကုန်း-အိမ်မဲ ကားလမ်းမကြီးဘေးရှိ ဘုရားကြီးကုန်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ မိုင်၊ ကျောင်းကုန်း-ကျုံပျော် ကားလမ်းမကြီးဘေးရှိ မိုးမခ၊ ရွာသာကုန်း၊ ကျောင်းအိုင်နှင့် အစုကြီး စသည့် ကျေးရွာ လေးရွာသို့ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၂၂ မိုင်၊ ကျောင်းကုန်း -သုံးဂွ ကားလမ်းမကြီးဘေးရှိ ပန်းတောရိုး၊ လူသန့်ချောင်းနှင့် ဝက်ခြံဂရက်စသည့် ကျေးရွာသုံးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်လည်းကောင်း၊ ကျောင်းကုန်း-ဒါးက ကားလမ်းမကြီးဘေးရှိ ကွမ်းခြံကုန်း၊ ရင်ဆိုင်နှင့် သဲကုန်းစသည့် ကျေးရွာသုံးရွာသို့ ဓာတ်အားရရှိနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၉၇ မိုင်နှင့် လက်ပံချောင်း၊ ဂုံမင်း၊ ဇီးချောင်းနှင့် ဖြိုက်ကြီး စသည့် ကျေးရွာလေးရွာသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၈ ဒသမ ၈၉ မိုင် တည်ဆောက်ခြင်းလုပ်ငန်းတို့အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေတွင်လည်းကောင်း ဘဏ္ဍာငွေထည့်သွင်း လျာထားမည်ဖြစ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ထရန်စဖော်မာနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ထည့်သွင်းလျာထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်

မြစ်သား မဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၏ **မြစ်သားမြို့နယ် မြောင်းကြီးဘောင်၊ ပွဲလုံးကျော်နှင့် ထိန်ကန်ကြီးကျေးရွာများမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာမီးလင်းရန် အခက်အခဲရှိနေသောကြောင့် လျှပ်စစ်မီးရရှိရေးအတွက် ရန်ပုံငွေလျာထားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း မြောင်းကြီးဘောင် ကျေးရွာလျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၁ ဒသမ ၇၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်း၊ ပွဲလုံးကျော်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁/၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်း ၁ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်း၊ ထိန်ကန်ကြီးကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ထည့်သွင်းလျာထားပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မန်တုံ မဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၊ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်းနှင့် လင်းခေး မဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်က **ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် လေးမြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာ မြို့သစ် ခြောက်မြို့နယ်တွင် တိကျသည့် နယ်နိမိတ်သတ်မှတ်ချက်၊ တိကျသည့် စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ကာ တရားဝင်မှတ်ပုံတင်စေပြီး အချိန်ကာလတစ်ခုအထိရည်ရွယ်၍ မော်တော်ဆိုင်ကယ်စီးနင်းခွင့်ပြုပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ရန်ကုန်မြို့၏ ဆင်ခြေဖုံးအရပ်ဖြစ်ပြီး မြို့သစ်နေရာများတွင်နေထိုင်သည့် ပြည်သူများအတွက် ဆက်သွယ်သွားလာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းစနစ်ကျနရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ရည်ရွယ်၍ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့မှ စဉ်းစားဆောင်ရွက်ပေးနိုင်ရန်အတွက် တင်သွင်းရခြင်းဖြစ်ပါကြောင်း။

မိမိတို့ မြို့သစ်အခြေအနေသည် ကျယ်ပြန့်သောကြောင့် YBS စနစ်ကဲ့သို့ မြို့တစ်ခုလုံးကို မည်သို့မျှ လွှမ်းခြုံနိုင်ခြင်း မရှိပါကြောင်း၊ မိမိတို့ မြို့နယ် ခြောက်မြို့နယ်ကို ဘတ်စ်ကားကွန်ရက်ပြုလုပ်ပေးရန် တောင်းဆို၍လည်း ရမည်မဟုတ်ပါကြောင်း၊ မြို့သစ်ပြည်သူများအတွက် ရွေးစရာလမ်းမရှိပါကြောင်း၊ ဈေးနှုန်းသက်သာ၊ လူမပင်ပန်း၊ လောင်စာဆီဖိုးလည်းမကုန်ကျမည့် မော်တော်ဆိုင်ကယ်များ သုံးနေရသည်မှာ အဖြစ်မှန်သာ ဖြစ်ပါကြောင်း၊ ပြည်သူများသည် ဥပဒေဘောင်အတွင်းတွင် ဥပဒေနှင့်အညီ နေချင်ပါသော်လည်း ဥပဒေပြင်ပသို့ ရောက်ရှိနေခြင်းဖြစ်ပါကြောင်း၊ နှစ် ၂၀ နီးပါး နားလည်မှုဖြင့် မိမိတို့ဘဝ အသက်မွေးဝမ်းကျောင်းကိစ္စများ၊ ပညာသင်ကြားရေးနှင့် ကျန်းမာရေးများကို မော်တော်ဆိုင်ကယ်များဖြင့် ပြုလုပ်နေရပါကြောင်း၊ နားလည်မှုဖြင့် ပြုလုပ်သည့်အခါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးများတွင် ထိခိုက်လာပါကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းရန်အတွက် တိကျသည့် သတ်မှတ်ချက်များသည် မလွဲမသွေ လိုအပ်နေပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုအား လက်ခံဆွေးနွေးနိုင်ရန် အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်က ထောက်ခံတင်ပြသည်။

## အဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၅၀ မဲ၊ ကန့်ကွက်မဲ ၂၆၅ မဲနှင့် ကြားနေမဲ သုံးမဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာ

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူရှိသောကြောင့် စက်ခလုတ်နှိပ်၍ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၅၀ မဲ၊ ကန့်ကွက်မဲ ၂၆၅ မဲနှင့် ကြားနေမဲ သုံးမဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ တမူး မဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းနှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး ဇင်လင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဦးက ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် အစီရင်ခံစာကို သဘောတူလက်ခံရန် စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဦးက အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်၏အတည်ပြုချက် ရယူသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းတစ်ရပ်လုံးနှင့် ပြင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စု စိတ်ဓာတ်

◆ **အောင်မြင့်စိုး (ရေစကြို)**

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီးတို့ဖြင့် စုပေါင်းဖွဲ့စည်းထားပြီး အချုပ်အခြာအာဏာပိုင်၍ လွတ်လပ်သောနိုင်ငံတော်ဖြစ်သည်။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ်ရပ်တည်နိုင်စေရန် အခြေခံအကျဆုံးတည်ဆောက်ထားရန် လိုအပ်သောစိတ်ဓာတ်မှာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ အတူတကွ ပူးပေါင်းလက်တွဲနေထိုင်ခဲ့ကြရာ မြန်မာ့သမိုင်းတွင် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ဟူ၍ စုစည်းညီညွတ်သောနိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။



"ပြည်ထောင်စု၏အားသည် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်၊ တိုင်းအားလုံး၏ စုပေါင်းအားဖြစ်သည်။ ထိုစုပေါင်းအားသည် ပြည်ထောင်စုသား တိုင်းရင်းသားလူမျိုးတို့၏ စည်းလုံးညီညွတ်မှုအပေါ်တွင် မူတည်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားနည်းလျှင် ပြည်ထောင်စုအင်အား ယုတ်လျော့၍ စည်းလုံးညီညွတ်မှု အင်အားကောင်းလျှင် ပြည်ထောင်စု အင်အားတောင့်တင်း ခိုင်မာမည်ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးတွင် တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံရေးအသိ နိုးကြားတက်ကြွစွာဖြင့် ပါဝင်ခဲ့ကြသည်။ ထိုသို့ တိုင်းရင်းသားများ အညီအညွတ် တစ်ခဲနက်အားပေးကူညီထောက်ခံပါဝင်ခဲ့သဖြင့် မြန်မာ့တပ်မတော်၏ ဖက်ဆစ်တော်လှန်ရေးသည် အချိန်တိုအတွင်း အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု၏ အောင်ပွဲရလဒ်ပင်ဖြစ်"

၏ စုပေါင်းအားဖြစ်သည်။ ထိုစုပေါင်းအားသည် ပြည်ထောင်စုသားတိုင်းရင်းသားလူမျိုးတို့၏ စည်းလုံးညီညွတ်မှုအပေါ်တွင် မူတည်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားနည်းလျှင် ပြည်ထောင်စုအင်အား ယုတ်လျော့၍ စည်းလုံးညီညွတ်မှုအင်အားကောင်းလျှင် ပြည်ထောင်စုအင်အား တောင့်တင်းခိုင်မာမည် ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးတွင် တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံရေးအသိ နိုးကြားတက်ကြွစွာဖြင့် ပါဝင်ခဲ့ကြသည်။ ထိုသို့ တိုင်းရင်းသားများ အညီအညွတ် တစ်ခဲနက်အားပေးကူညီထောက်ခံပါဝင်ခဲ့သဖြင့် မြန်မာ့တပ်မတော်၏ ဖက်ဆစ်တော်လှန်ရေးသည် အချိန်တိုအတွင်း အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု၏ အောင်ပွဲရလဒ်ပင် ဖြစ်သည်။



အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး အမျိုးစောင့်(ဝံသာနုရက္ခိတ)တရားပေါ်တွင် တည်ဆောက်ထားသည့် မျိုးချစ်စိတ်ဓာတ်နှင့်အတူ နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ တိုင်းရင်းသားလူမျိုးအချင်းချင်း အေးအတူ ပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစ်စည်းတစ်လုံးတည်းသော စိတ်ဓာတ်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စုနိုင်ငံဖြစ်သည့်အလျောက် ပြည်ထောင်စုစိတ်ဓာတ်သည် မရှိမဖြစ် လိုအပ်လှသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ချစ်ကြည်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အသက်သွေးကြောသဖွယ် အရေးကြီးလှသည်။

**"မြန်မာ"သည် တိုင်းရင်းသားအားလုံးအတွက်**

မြန်မာဟူသော ဝေါဟာရ၏အနက်ကို ကုန်းဘောင်မင်းဆက် ရာဇဝင်ဆရာဦးမောင်မောင်တင် ပြုစုသည့် "ရွှေနန်းသုံးဝေါဟာရ အဘိဓာန်" တွင် 'မြန်' သဒ္ဒါမှာ စစ်ချီတက်ခြင်းမုစ၍ ခက်ခဲသောအရေးအကြောင်းနှင့် တွေ့ကြုံသည့်အခါ ဤအရေးကို ပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်၊ တန်ဏှာပ္ပတ္တိဉာဏ်တို့ဖြင့် လျင်မြန်စွာ ကြံစည်တတ်သော သတ္တိဂုဏ်နှင့် ပြည့်စုံခြင်းဟူ၍ ဖွင့်ဆိုသည်။ "မာ" သဒ္ဒါမှာ မည်သည့်အရာကိစ္စမဆို လိုရာဆန္ဒအာသီသ နှလုံးသွင်းတိုင်း ပေါက်မြောက်အောင် မလျော့သောလုံ့လဖြင့် ဇာတိသွေး၊ ဇာတိမာန် ခက်ထန်တင်းမာသော သတ္တိဂုဏ်နှင့် ပြည့်စုံခြင်းဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ(၃)တွင် မြန်မာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် နှစ်ကာလရှည်စွာ အစဉ်အဆက်ပျံ့နှံ့စွာ အတူတကွအခြေစိုက်နေထိုင်သော တိုင်းရင်းသားလူမျိုးဟူ၍ ဖွင့်ဆိုထားသည်။ ကမ္ဘာ့ရှေးအကျဆုံး လူသားမျိုးနွယ်၏ မူလအစဖြစ်သော လူတူပရိုင်းမိတ် (ခေါ်)အဆင့်မြင့်ပရိုင်းမိတ်များ ရှင်သန်ပေါက်ဖွားနေထိုင်ခဲ့ကြောင်း အထောက်အထားများကို မြန်မာနိုင်ငံ ပုံတောင်ပုံညာဒေသတွင် တွေ့ရှိခဲ့သည်။ ထိုတွေ့ရှိခဲ့ရသော ကျောက်ဖြစ်ရုပ်ကြွင်းများမှာ လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ က လူတူ မျိုးနွယ်စုရုပ်ကြွင်းများဖြစ်ကြောင်း မြန်မာသုတေသီတို့သာမက ကမ္ဘာ့သုတေသီများကပါ တညီတညွတ်တည်း မှတ်ချက်ပြုကြသည်။ "မြန်မာ" သည် ပြည်ထောင်စုတစ်ခုလုံးအတွက်၊ "မြန်မာ"သည် တိုင်းရင်းသားအားလုံးအတွက် အများဆိုင်အမည် ဖြစ်သည်။ ထို့ကြောင့် "ပြည်ထောင်စုမြန်မာ"၊ "တိုင်းရင်းသားမြန်မာ"ဟု အညီအညွတ်စွဲမြဲစွာ လက်ခံသိမှတ် ခံယူထားအပ်ပေသည်။

**ပြည်ထောင်စုအင်အား တောင့်တင်းခိုင်မာမည်**

ပြည်ထောင်စု၏အားသည် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်၊ တိုင်းအားလုံး

**တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်းလွတ်လပ်ရေးပေးရန်ကိစ္စ**

စစ်ပြီးခေတ် ၁၉၄၇-ခု နှစ်ဦးပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရတို့ အင်္ဂလန်၌ မြန်မာ့လွတ်လပ်ရေးကိစ္စဆွေးနွေးကြစဉ် ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးမည်ဆိုလျှင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်းလွတ်လပ်ရေးပေးရန် တင်ပြသည်။ ဗြိတိသျှတို့သည် မလွှဲမရှောင်သာ၍ လွတ်လပ်ရေးပေးရသည့်တိုင် တောင်တန်းဒေသများကိုမူ မပေးလိုဘဲ ခြွင်းချန်ထားလိုသည်။ တောင်တန်းဒေသများကို မိမိတို့၏ ကိုလိုနီများအဖြစ် ဆက်လက်သိမ်းပိုက်ထားပြီး အုပ်စိုးလိုကြသည်။ ထို့ကြောင့် တောင်တန်းနှင့်မြေပြန့်နေ တိုင်းရင်းသားတို့ အချင်းချင်းစိတ်ဝမ်းကွဲအောင် သွေးခွဲမှုအမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ သွေးခွဲမှုကို လွဲမှားစွာလက်ခံခဲ့သူအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းစော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း အင်္ဂလန်နိုင်ငံဝန်ကြီးချုပ်ထံသို့ ကြေးနန်းရိုက် အကြောင်းကြားသည်။ ထိုအခါ တောင်ကြီးနှင့် သီပေါမြို့များတွင် လူထုစည်းဝေးပွဲများပြုလုပ်ကာ ဗိုလ်ချုပ်အောင်ဆန်းမှာ ရှမ်းလူထုကိုယ်စားလှယ်ဖြစ်သည်သာမက ဗိုလ်ချုပ်အောင်ဆန်း၏ တင်ပြတောင်းဆိုချက်များကိုပါ လူထုကထောက်ခံကြောင်း အင်္ဂလန်ဝန်ကြီးချုပ် အက်တလီထံ ကြေးနန်းရိုက် ပြန်ကြားကြသည်။ သို့ဖြစ်၍ အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ စာချုပ်တွင် တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်းလွတ်လပ်ရေးပေးရန်ကိစ္စနှင့်ပတ်သက်၍ ပင်လုံ သို့မဟုတ် အခြားသင့်လျော်မည့် တစ်နေရာရာတွင် တောင်တန်းသားများနှင့် တွေ့ဆုံဆွေးနွေး၍ ဆုံးဖြတ်ချက်ယူရမည်ဆိုသော အချက်တစ်ချက်ကို စာချုပ်၌ ထည့်သွင်းဖော်ပြခဲ့သည်။ ဤအချက်အရ ၁၉၄၇- ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပင်လုံမြို့၌ တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်သောညီလာခံကို ကျင်းပခဲ့သည်။

**ပင်လုံစာချုပ်၏ အကျိုးဆက် လွတ်လပ်ရေးရယူနိုင်ခဲ့**

ဗြိတိသျှတို့က နည်းမျိုးစုံသုံးကာ တောင်ပေါ်မြေပြန့် တိုင်းရင်းသားတို့ အချင်းချင်းစိတ်ဝမ်းကွဲပြားအောင် မည်မျှပင်သွေးခွဲခဲ့သော်လည်း တိုင်းရင်းသားအားလုံးတို့ သည် ပင်လုံမြို့တွင် ညီလာခံကျင်းပ၍ ပင်လုံစာချုပ်ကြီးကို ၁၉၄၇ -ခုနှစ် ဖေဖော် ဝါရီလ ၁၂ ရက်နေ့၌ ချုပ်ဆိုကာ သွေးစည်းညီညွတ်မှုကို ပြသလိုက်ကြသဖြင့် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ရေးအကြံအစည်မှာ ပျက်ပြားသွားခဲ့ရ လေသည်။ "စည်းလုံးညီညာ အောင်ကြောင်းဖြာ"ဟူသောစကားနှင့်အညီ ပင်လုံစာချုပ် ချုပ်ဆိုပြီး တစ်နှစ်တာကာလအတွင်း ပင်လုံစာချုပ်၏ အကျိုးဆက်အဖြစ် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်။ ထို့ကြောင့် လွတ်လပ်သည့် ပြည်ထောင်စုကြီးပေါ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးပေးသည့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို "ပြည်ထောင်စုနေ့ " ဟု သတ်မှတ်ပြီး ပြည်ထောင်စုနေ့အခမ်းအနား ကို နိုင်ငံတော်ကကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသည်။

အမိမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအသီးသီးတို့ ချစ်ခင်ရင်းနှီးစွာဖြင့် အေးအတူပူအမျှ အတူတကွပူးပေါင်းနေထိုင်ကြရင်း ဖွံ့ဖြိုးတိုးတက်အောင် အမျိုးစောင့် (ဝံသာနုရက္ခိတ)တရားပေါ်တွင် တည်ဆောက်ထားသည့် စိတ်ဓာတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံကာ အမိနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရန် မျိုးချစ်စိတ်ဓာတ်ထက်သန်စွာဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်းရေးသားရင်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သည့်(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပေသည်။ ။

❀ *ကျောဖုံးမှ*

ကျောက်တော်မြို့နယ် ဆင်အိုးချိုင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၆၇ ဦးသာရှိသည့်အပြင် အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်သော အပေါက်ဝ အခြေခံပညာ အထက်တန်း ကျောင်းနှင့် ခြောက်မိုင်ခန့်သာ ကွာဝေးသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် ဦးစားပေးသတ်မှတ်ထားခြင်း မရှိပါကြောင်း၊ လက်ရှိတွင်လည်း အခြေခံပညာ အထက်တန်းပညာရပ်များ သင်ကြားခွင့်ရှိနေပါကြောင်း ဖြေကြားသည်။

## မော်တော်ယာဉ် အစီး ၃၀ ကို ထုတ်ယူပြီး ဖြန့်ဝေပေးရန် စီစဉ်ထား

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)တွင် အသက်မွေးဝမ်းကျောင်း အတတ်ပညာ လက်တွေ့သင်ကြားပြသမှုအတွက် အထောက်အကူပြု မော်တော်ယာဉ်များ အသုံးပြုပြီး စီမံဆောင်ရွက်သကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အထောက်အကူပြုမော်တော်ယာဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်ကိုယ်စားလှယ် တင်ပြသကဲ့သို့ သံရည်ကျိုအဆင့် ကားများကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြပြီး ရရှိရေး ဆောင်ရွက်လျက်ရှိရာ ခွင့်ပြုသည့်အတွက် မကြာမီတွင် အစိုးရစက်မှုလက်မှု သိပ္ပံ(အင်းစိန်)အတွက် ယာဉ် ငါးစီး၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ) အတွက် ငါးစီး၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(မန္တလေး)အတွက် ငါးစီး၊ အစိုးရ စက်မှုလက်မှု သိပ္ပံ(ပြင်ဦးလွင်)အတွက် ငါးစီး၊ ဂျပန် - မြန်မာ အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်းအတွက် ငါးစီး၊ နည်းပညာမြှင့်တင်ရေးသင်တန်းကျောင်းဌာန၊ ဆရာအတတ်သင် သိပ္ပံအတွက် ငါးစီး စုစုပေါင်း မော်တော်ယာဉ် အစီး ၃၀ ကို ထုတ်ယူပြီး ဖြန့်ဝေပေးရန် စီစဉ်ထားပါကြောင်း၊ ကျန်သောကျောင်းများအတွက်လည်း ယခုကဲ့သို့ ဆက်လက်တင်ပြပြီး ရရှိပါက ခွဲဝေဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သဇင်လှိုင်

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်းက ထိမ်းမြားလက်ထပ်ခြင်းသည် ကာယကံရှင် နှစ်ဦးနှင့် တိုက်ရိုက်ပတ်သက်သည့် လူမှုရေးကိစ္စဖြစ်သော်လည်း လူ့အသိုက်အဝန်းတစ်ခုလုံးနှင့်လည်း သက်ဆိုင်သည့်ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိမ်းမြားလက်ထပ်ရေး သတ်မှတ်ချက်များကို ဥပဒေနှင့်ပြဋ္ဌာန်း သတ်မှတ်ပေးကြပါကြောင်း၊ ယခုပြဋ္ဌာန်းမည့် ဥပဒေသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေဖြစ်သောကြောင့် ကလေးသူငယ်များ၏ အခွင့်အရေးကို အပြည့်အဝကာကွယ်ပေးနိုင်ရန် အပိုဒ် ၂၃ ၏ အဆိုပြုပြဋ္ဌာန်းချက်အစား အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သောအသက်သည် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်ဟု ပြင်ဆင်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းကြောင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်း များပြား

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သဇင်လှိုင်က အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းကြောင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်း များပြားလာခြင်း၊ မိခင်ရောကလေးပါ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာခြင်းနှင့် နိုင်ငံ၏ အနာဂတ်အတွက် ကျန်းမာဖွံ့ဖြိုးသည့် လူငယ်၊ လူရွယ်များ နည်းပါးလာစေခြင်းများ ဖြစ်ပေါ်စေနိုင်သည့်အတွက်ကြောင့်သော်လည်းကောင်း၊ အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဉာဏ်ရည်ပိုင်းဆိုင်ရာများတွင်ပါ ဖွံ့ဖြိုးမှုနောက်ကျသည့် ကလေးငယ်များကို မွေးဖွားလာနိုင်သည့်အတွက်ကြောင့်သော်လည်းကောင်း၊ ယခုဥပဒေကို ရေးဆွဲသည့်အခါတွင် အရွယ်မတိုင်မီ ကိုယ်ဝန်ဆောင်ခြင်းကြောင့် မွေးဖွားလာသည့် ကလေးငယ်များတွင် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကိုလည်း ထည့်သွင်းစဉ်းစားပြီး ရေးဆွဲစေလိုသည့်အတွက်ကြောင့်သော်လည်းကောင်း၊ ထို့ပြင် ယခုပြဋ္ဌာန်းမည့် ဥပဒေသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေဖြစ်သည့်အားလျော်စွာ ကလေးသူငယ်များ၏ အခွင့်အရေးကို ထိထိရောက်ရောက် ဆောင်ရွက်စေလိုသည့်အတွက်ကြောင့်သော်လည်းကောင်း၊ ဥပဒေကြမ်းမှ ထိမ်းမြားလက်ထပ်ခြင်းနှင့် သက်ဆိုင်သည့် အခန်း ၇ ၊ အပိုဒ် ၂၃ ပါ အဆိုပြုပြဋ္ဌာန်းချက်အစား အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်သည် ၁၈ နှစ်ပြည့်ပြီး ဖြစ်ရမည်ဟူသော စကားရပ်ဖြင့် ပြင်ဆင်လိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်ဝင်းသီရိဆွေ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇာနည်ထက်အောင်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး နိုင်ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

## မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ယင်းနောက် **မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၇ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့ ဆီမီးထွန်းညှိစဉ်။

# သီရိလင်္ကာနိုင်ငံ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

သီရိလင်္ကာနိုင်ငံ၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ WYNDHAM GRAND ဟိုတယ်၌ ယနေ့ ည ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mr. Nandimithra Ekanayake တို့က ဆီမီးထွန်းညှိပေးကြပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mr. Nandimithra Ekanayake တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**

# ငဖဲမြို့နယ်၌ (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပမည်

**ငဖဲ ဖေဖော်ဝါရီ ၄**

မင်းဘူးခရိုင် ငဖဲမြို့နယ် ကျောင်းကုန်းကျေးရွာတွင် (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ခြောက်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအဆင့် ချင်းအမျိုးသားနေ့ရက်များတွင် အမျိုးသားအမျိုးသမီး အားကစားပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု ပြိုင်ပွဲများကျင်းပကာ ရိုးရာအကများ၊ ချင်းတိုင်းရင်းသားရိုးရာနှင့် သဘာဝအလှကို ဖော်ကျူးစပ်ဆိုထားသော သီချင်းများဖြင့် ဖျော်ဖြေသွားမည်ဖြစ်သည်။

မြို့နယ်အဆင့် ချင်းအမျိုးသားနေ့ရက်များတွင် ချင်းတိုင်းရင်းသား ကလေးငယ်များအား ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ချင်းအမျိုးသားနေ့သို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်မှ ချင်းတိုင်းရင်းသား ၁၀၀၀ ကျော် လာရောက်ဆင်နွှဲကြမည် ဖြစ်ကြောင်း သိရသည်။ **မယု(ငဖဲ)**

# ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

## စားသုံးဆီသုံးစွဲမှုပမာဏ တစ်နှစ် မက်ထရစ်တန် ၁ ဒသမ ၁၇ သန်းရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ မန္တလေးမြို့ရှိ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ စာတမ်းရှင်ပေါင်း ၁၅ ဦးတို့က ဆီထွက်သီးနှံကဏ္ဍသုံးနှစ် စီမံကိန်းရေးဆွဲ ဆောင်ရွက်ရေး၊ ပြည်ပပို့ကုန်မြှင့်တင်ရေး၊ ကမ္ဘာ့ဈေးကွက် လက်လှမ်းမီနိုင်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ အရည်အသွေးမြှင့်တင်ရေး၊ ပဲပုပ်နှင့်ပန်းနှမ်းတိုးချဲ့စိုက်ပျိုးရေး၊ ပြည်တွင်း လုပ်ငန်းရှင်များ ဖွံ့ဖြိုးရေး၊ ဆီထွက်သီးနှံနှင့် စားသုံးဆီမူဝါဒချမှတ်နိုင်ရေး တို့အတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ကြီးမှူး၍ Capital Diamond Star Foundation ၏ ပူးပေါင်းကူညီမှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ညှိနှိုင်းဆွေးနွေး**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဈေးကွက်မကောင်းသော ပဲစိုက်မြေများပေါ်တွင် နိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သော ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရန်၊ အထွက်တိုးမျိုးစေ့နှင့် နည်းပညာ အသုံးပြု၍ ဆီထွက်သီးနှံဈေးနှုန်းကျဆင်းရေး ကြိုးပမ်းရန်နှင့် နိုင်ငံတော်က တောင်သူများအတွက် လိုအပ်သော သွင်းအားစု၊ မျိုး၊ နည်းပညာ၊ အရင်းအနှီးများ ပံ့ပိုးနိုင်ရန်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက ဆိုသည်။

**ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသင့်**

အသင်းဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းက ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒရေးဆွဲနိုင်ရန် ဆွေးနွေးပွဲတစ်ရပ် ကျင်းပရန်လိုကြောင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအပြင် ဆီထွက်သီးနှံကြိတ်ခွဲ၊ ထုတ်လုပ်တင်ပို့ရောင်းချခြင်းနှင့် ဆက်စပ်သည့် ကုမ္ပဏီကြီးများ၊ ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သည့် လုပ်ငန်းရှင်များ၊ သွင်းအားစုလုပ်ငန်းရှင်များ၊ တောင်သူများကိုပါ ဖိတ်ကြားပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသင့်ကြောင်း အကြံပြုပြောကြားသည်။

**ပြည်ပမှ စားသုံးဆီပမာဏ ၅၈ ရာခိုင်နှုန်း နှစ်စဉ်တင်သွင်း**

မြန်မာနိုင်ငံ၏ စားသုံးဆီသုံးစွဲမှုပမာဏမှာ တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၁ ဒသမ ၁၇ သန်းရှိပြီး နှစ်စဉ်ပြည်ပမှ မက်ထရစ်တန် ၀ ဒသမ ၆၉ သန်း ဝယ်ယူရကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ပြည်ပမှ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ မုန်ညင်းဆီနှင့် သံလွင်ဆီတို့ကို ဝယ်ယူရပြီး နှစ်စဉ်တင်သွင်းနေရသည့် စားသုံးဆီပမာဏမှာ ၅၈ ရာခိုင်နှုန်းရှိကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။ **ကိုထွေး**



ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၅ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်**
**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ မန်းကျည်းကုန်းကျေးရွာနေ ဝင်းမြင့်နှင့် သားဖိုးထက်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ခံသာကျေးရွာနှင့် မန်းကျည်းကုန်းကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရ စောင့်ဆိုင်းစိစစ်နေစဉ် မန်းကျည်းကုန်းကျေးရွာနေ အာကာစိုး(ခ) ရန်ကင်း(၃၂)နှစ်၊ (ဘ) ဦးထွန်းငြိမ်းနှင့် အောင်းကုန်းကျေးရွာနေ ဇော်လင်းအောင်(ခ) ကုလား(၃၀)နှစ်၊ (ဘ)ဦးဘမော် တို့ စီးနင်းလာသည့် ဆိုင်ကယ် အား ရပ်တန့်ရှာဖွေရာ အာကာစိုး(ခ)ရန်ကင်း က ပါးစပ်အတွင်းသို့ ဘိန်းဖြူများ ထည့်လိုက်သဖြင့် ဘိန်းဖြူ (အလေးချိန် ချိန်တွယ်စိစစ်မရ)နှင့်အတူ ဖမ်းဆီးရမိပြီး မန်းကျည်းကုန်းကျေးရွာနေ ဝင်းမြင့်(၅၅)နှစ်၊ (ဘ) ဦးအေးမောင်နှင့် သားဖြစ်သူ ထက်လင်းနိုင် (ခ)ဖိုးထက် (၂၃)နှစ်တို့ထံမှ ဝယ်ယူခဲ့သဖြင့် ၎င်းတို့(၄)ဦးအား မမစ (ကောလင်း)မယ(ပ)၁၁/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ဝင်းမြင့်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းနှင့် ထက်လင်းနိုင်(ခ) ဖိုးထက် တို့ (၂)ဦးထံမှ ဘိန်းဖြူများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ (ကောလင်း)မယ (ပ)၁၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ အင်းကုန်းကျေးရွာနေ စိုးထွေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ အင်းကုန်းကျေးရွာ၊ အင်းကုန်းမြောက်လယ်တောနေ စိုးထွေး(၃၈)နှစ်၊(ဘ)ဦးလုကျော် အား သွားရောက်ရှာဖွေရာ လယ်တောအနီး ဖိုးတကဲချောင်းတွင် ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ မြကျွန်းသာကျေးရွာအနီးနေ ကျော်ခင်နှင့် ဇနီး မထွေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁-၂၀၁၉ ရက်နေ့တွင် ခန္တီးမြို့နယ်၊ မြကျွန်းသာကျေးရွာအနီး တောင်ယာတဲနေ ကျော်ခင်(၅၁)နှစ်၊ (ဘ) ဦးကျော်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်နေပြီး ဇနီးဖြစ်သူ မထွေး (ခ) ခင်ခင်ထွေး (၄၅)နှစ်၊ (ဘ)ဦးကျန်နှင့် အလုပ်သမားများဖြစ်သော အင်းတော်မြို့နယ်၊ မဲဇာကျေးရွာနေ စိုးသူ(၃၀)နှစ်၊ (ဘ) ဦးတင်ဖေနှင့် မိုးညှင်းမြို့နယ်၊ နန်မွန်ကျေးရွာနေ မိုးကျော် (၄၀)နှစ်၊ (ဘ)ဦးစံအိမ် တို့(၃) ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ တူမီးသေနတ် (၁)လက်၊ အီတလီနိုင်ငံထုတ် ပွိုင့်(၂၂)ပစ္စတို သေနတ်(၁)လက်၊ ၎င်းကျည် (၄၆)တောင့်၊ ကျည်အိမ်(၁)ခုတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခန္တီး) မယ(ပ)၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁/၂၂(ခ) နှင့် မမစ(ခန္တီး )(ပ)၇/၂၀၁၉၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ) တို့ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ချောင်းကရက်ကျေးရွာမှ တောင်လိပ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၂၉-၁-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ချောင်းကရက် ကျေးရွာနေ ဝင်းကို(ခ)တောင်လိပ်(၅၃)နှစ်၊ (ဘ)ဦးနေစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း)မယ(ပ)၃/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သစ်ချောက်ခင်ကျေးရွာနေ မလှမြင့်ငွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁-၂၀၁၉ ရက်နေ့တွင် ဖြူးမြို့နယ်၊ သစ်ချောက်ခင်ကျေးရွာနေ မလှမြင့်ငွေ(၅၀)နှစ်၊ (ဘ)ဦးကျော်မြ၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ ၎င်းအား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖြူး) မယ(ပ)၁/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့်အမှုဖွင့် အရေးယူထား ရှိပါသည်။ |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သစ်ချောက်ခင်ကျေးရွာနေ ကိုဖြိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁-၂၀၁၉ ရက်နေ့တွင် ဖြူးမြို့နယ်၊ သစ်ချောက်ခင်ကျေးရွာနေ ကိုဖြိုး(ခ) ပြည့်ဖြိုးအောင်(၂၇)နှစ်၊ (ဘ) ဦးကျော်လှိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ဇနီးဖြစ်သူ မခင်မျိုးဦး (၂၈)နှစ်၊ (ဘ) ဦးကျော်သန်း အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖြူး) မယ(ပ) ၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၂၇-၁-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကျောင်းလမ်းနှင့်(၂)လမ်းထိပ်တွင် စောင့်ကြည့် သတင်းစုံစမ်းနေစဉ် ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၆)ရပ်ကွက်၊ ပန်းဝါလမ်း၊ အမှတ်(၁၀၄၉)နေ မတင်တင်မာအောင် (၃၁) နှစ်၊ (ဘ)ဦးသိန်းဆွေ၊ ဒေါ်လှမြင့်(၄၈)နှစ်၊ (ဘ)ဦးလှရွှေနှင့် မိုးအောင်(ခ)အဘူး(၂၅)နှစ်၊ (ဘ)ဦးတင်ထူးအောင်တို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ)၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဝါးရုံဆိပ်ရပ်ကွက်နေ ကျင်သိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၁-၂၀၁၉ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဝါးရုံဆိပ်ရပ်ကွက်၊ ရန်အောင်ပိုင်လမ်းနေ ကျင်သိန်း(၆၅)နှစ်၊ (ဘ)ဦးသိန်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် တစ်ရပ်ကွက်တည်းနေ ဇင်မင်းအောင်(ခ)ကိုဇင် (၁၈)နှစ်၊ (ဘ)ဦးမောင်မြင့် တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂) ဦးအား နမစ(စက်ဆန်း) မယ(ပ)၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများမူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၃၈)ဦး၊ မ(၄)ဦး၊ ပေါင်း(၄၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၇-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၇)ရပ်ကွက်၊ ကွတ်ခိုင်-တာမိုးညဲသွားကားလမ်းမပေါ်၌ စောင့်ကြည့် သတင်းစုံစမ်းနေစဉ် ၎င်းမြို့ အမှတ်(၄)ရပ်ကွက်၊ အုပ်စု (၁၀)နေ ရန်ဆုန့်ချန့်(၄၇)နှစ်၊ (ဘ)ဦးရန်ရှိုးချန့်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ (ပ)၁၃/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၂၈-၁-၂၀၁၉ ရက်နေ့တွင် ကွတ်ခိုင်မြို့ အမှတ်(၂)ရပ်ကွက်နေ လဒီး(၆၁)နှစ်၊ (ဘ)ဦးအင်ပေ့ါရှောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်နမ့်ခုံကျေးရွာနေ အိုက်ညမ်(၃၂)နှစ်၊ (ဘ)ဦးအိုက်ယီတို့အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ကွတ်ခိုင်) မယ(ပ)၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၁၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်း ထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၇-၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၁၀)၊ ဆင်နှစ်ကောင်ရပ်၌ စောင့်ဆိုင်းနေစဉ် စဝ်စံထွန်းရပ်ကွက်၊ နယ်မြေ(၁၆)နေ ဆန်းဝင်းလတ် (၁၈)နှစ်၊(ဘ)ဦးအောင်သူ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရန် ပြုလုပ်စဉ် နောက်ပြန်လှည့် မောင်းနှင်ထွက်ပြေးပြီး နောက်ထိုင်လိုက်ပါလာသူ နယ်မြေ (၁၁)နေ အောင်အောင်ဦး(၁၇)နှစ်၊ (ဘ) ဦးငွေလင်းမှာ ပြုတ်ကျကျန်ခဲ့၍ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂-၂-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၉၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၆၄၇)ဦး၊ မ(၁၂၄)ဦး၊ ပေါင်း(၇၇၁) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၆၈၉.၅၂)ဂရမ်၊ ICE (၆၇.၁၄)ဂရမ်၊ ဘိန်း(၃၈၆၀၆.၄၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၂၃၃၉)ပြား၊ ဆေးခြောက်(၄၆၆၈.၂၇)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၇၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ဆည်စုကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဝေခါကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၈၀)ပြား၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ထီးစဲခါးကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၇)ပြား၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့ ကြာကန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မင်္ဂလာကြီး ချောင်းဝအနီး နှစ်နိုင်ငံနယ်စပ် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံသို့ အမျိုးသား(၂)ဦး လှော်ခတ်နေသည့် လက်ခတ်လှေ(၁)စင်းအား တွေ့ရှိသဖြင့် သတိပေးအချက်ပြ ခေါ်ယူသော်လည်း

***စာမျက်နှာ ၉ သို့***

# ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

**"ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" ကို နေပြည်တော်တွင် ဖေဖော်ဝါရီ ၁၉ ရက် (၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်နေ့)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

ထိုကဲ့သို့ ဝန်ကြီးဌာနများ စုပေါင်းပြီး မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနဲ့ ပျော်ပွဲရွှင်ပွဲကို ဝန်ကြီးဌာနအချင်းချင်း အကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ဖြစ်ထွန်းဖို့နဲ့ ပျော်ရွှင်စေဖို့ နေပြည်တော်မှာ ကျင်းပခြင်း ဖြစ်ပါတယ်။ ထမနဲထိုးတယ်ဆိုတာ မြန်မာ့ရိုးရာဓလေ့တစ်ခု ဖြစ်ပါတယ်။ ဒီလို ထမနဲထိုးရာမှာလည်း စုပေါင်းလုပ်ဆောင်ရတဲ့အတွက် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအချင်းချင်းအကြားမှာလည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေမှာ ဖြစ်ပါတယ်။ ပြီးတော့ အများပြည်သူကြားမှာ ပိုမိုပြန့်ပွားအောင်နဲ့ တခြားနိုင်ငံတွေက မြန်မာရဲ့ရိုးရာဓလေ့တစ်ခုအဖြစ် သိမြင်အောင် ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့်ကိစ္စများကို အကြံပြု ဆွေးနွေးပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန် ရှိသူများကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆက်လက်တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပပြုလုပ်မည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ တာဝေးစက်ဘီး အားကစားကွင်းသို့ သွားရောက်ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် "ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" ကျင်းပရေး ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

"ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" ကို ဖေဖော်ဝါရီ ၁၉ ရက်(၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်နေ့) ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ တာဝေးစက်ဘီးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဝန်ကြီးဌာနကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဝန်းရံအားပေးသည့် ဖျော်ဖြေမှုများအပြင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှလည်း ဖျော်ဖြေမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု (၁၂)လရာသီပွဲတော်တွင် ပါဝင်သည့် တပို့တွဲလ ထမနဲပွဲကို ဝန်ကြီးဌာနများ စုပေါင်း၍ ပထမဦးဆုံးအကြိမ်အဖြစ် နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ ပွဲတော်သို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်း ဖိတ်ကြားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်သည့် အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာရှလူမျိုးခရီးသွားဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗီဇာဖြေလျှော့မှုများကို သက်ဆိုင် သည့် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပေးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိခဲ့ပါကြောင်း၊ ယခုထပ်မံပြီး အနောက်ဥရောပမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်၍ မြန်မာနိုင်ငံ၏ အေးချမ်းသာယာသည့် ပကတိအခြေအနေကို ပြသနိုင်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အနောက်ဥရောပ ခရီးသွားဈေးကွက် မြှင့်တင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# စလင်း၌ ချမ်းမြေ့ဆည်းဆာ ဘိုးဘွားရိပ်သာ ဖွင့်လှစ်

**စလင်း ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ချမ်းမြေ့ဆည်းဆာ ဘိုးဘွားရိပ်သာကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ဖွင့်လှစ်ကာ သက်ကြီးဘိုးဘွားများအား စောင့်ရှောက်ပေးလျက်ရှိသည်။

အဆိုပါဘိုးဘွားရိပ်သာ ဆောက်လုပ်ရန်မြေနေရာကို ဦးစိုးဝင်း-ဒေါ်ရေးမိသားစု ရတနာစိုးရွှေဆိုင်က လှူဒါန်းပြီး အဆောက်အအုံကို အများစုပေါင်းငွေဖြင့် ဆောက်လုပ်ခဲ့ရာ ငွေကျပ် ၅၄၂ သိန်းကုန်ကျခဲ့သည်။ အဆိုပါ ရိပ်သာ၌ အဘိုးအဘွား ၂၀ ကျော်ကိုထားရှိ စောင့်ရှောက်မည်ဖြစ်ပြီး လောလောဆယ် အဘွား နှစ်ဦး ရောက်ရှိနေပြီး လာရောက်နေထိုင်ရန် ခုနစ်ဦး စာရင်းပေးထားကြောင်းနှင့် အဘိုးအဘွားများ၏ တစ်နေ့တာ စားသောက်စရိတ် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ချမ်းမြေ့ဆည်းဆာ ဘိုးဘွားရိပ်သာကော်မတီသို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

*စာမျက်နှာ ၈ မှ*

ဦးစောလု ကျွန်းဘက်သို့ ဆက်လက်လှော်ခတ်၍ ကျွန်းပေါ်သို့ ထွက်ပြေးသွားသဖြင့် ကျန်ရှိသည့် လှေပေါ်မှ စိတ်ကြွဆေးပြား (၃၀၂၂၅၀)ပြား၊ လှေ(၁)စင်း၊ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၃)ဂရမ်၊ လှဘော်ဇားကျေးရွာအနီး လှဘော်ဇား-ကျဲတာပြင်သွား ကားလမ်းမပေါ်၌ အမျိုးသား(၁)ဦး မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားပြီး ပစ်ချခဲ့သည့်အိတ်အတွင်းမှ စိတ်ကြွဆေးပြား (၈၀၀၀)ပြား၊ စစ်တွေမြို့နယ်၊ ဘောဒူဖကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ မြေပုံမြို့နယ်၊ ပြင်ချောင်းကျေးရွာအနီး ရန်ကုန်-စစ်တွေကားလမ်းမပေါ်၌ သတင်းအရ Wish ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂.၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၊ အမှတ်(၃) ကျေးရွာ၌ သတင်းအရ Nissan (၆)ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၀၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့နယ်၊ ဟိုပိတ် ကျေးရွာအနီး၊ မူဆယ်-လားရှိုးသွားကားလမ်းပေါ်၌ သတင်းအရ မူဆယ်မှ လားရှိုးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းစိမ်း (၁၁၄၀၀)ဂရမ်၊ လားရှိုးမြို့နယ်၊ ခါးသျှိုအောက်ကျေးရွာအဝင်၊ လားရှိုး-တန့်ယန်းကားလမ်းမပေါ်၌ သတင်းအရ Nissan ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ တန့်ယန်းမြို့ အမှတ်(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၀၀)ပြား၊ မူဆယ်မြို့ ပန်လုံဟောင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၆၀၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ၄င်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၀၄၀၀)ပြား၊ နောင်ချိုမြို့နယ်၊ ရွှေပြည်ညွှန့်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၇၅)ပြား၊ ဘိန်းဖြူ (၁.၆) ဂရမ်၊ အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မဘိမ်းမြို့နယ်၊ ရမ်ပူကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၂၀၀၀)ပြား၊ ရမ်းဘိုကျေးရွာအနီး နမ့်ဟန်လေး ကျေးရွာသွားလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ ကျိုင်းတုံမြို့နယ်၊ ဝမ်တုံကျေးရွာ အနီး ကျိုင်းတုံ-လွယ်မွေသွားကားလမ်းမပေါ်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ သာယာကုန်းကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်အနီး၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ဇေယျာသီရိ(၂)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့အနီး ကလိန်အောင်-ကံပေါက်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ကံပေါက်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၁၈၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့ ရေဝေရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၉၆)ပြား၊ ICE (၁၂.၉၅)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ပိတောက်လမ်းနှင့်ချယ်ရီလမ်းကြား၊ (၆၂)လမ်းမပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မြို့သစ်(၃)ရပ်ကွက်ရှိ တရားခံနေအိမ်မှ စိတ်ကြွဆေးပြား (၉၃၀)ပြား၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမှ မန္တလေးသို့ လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း (၆)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ ကျောက်ဆည်မြို့ တံတားလည်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၄)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက်အတွင်း ချုံနွယ်များရှင်းလင်းရေး ရပ်ကွက်နေပြည်သူများမှ ပြုလုပ်စဉ် ရေမြောင်းအတွင်း၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၆၉၉၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ ဉယျာဉ်မြောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၀)ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှု ဖြစ်စဉ်(၂)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ မြို့မ(၁၂-က)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသားအမျိုးသမီး(၁)ဦး၊ ပေါင်း (၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၄)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၌ တရားခံအမျိုးသား (၂)ဦးထံမှ ပြည်ပတင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ထိန်းသိမ်းထားသည့် Ketamine(၁၃၀၅၀၀)ဂရမ်၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ပါဝင်ပတ်သက်သူ တရားခံ မြန်မာနိုင်ငံသားအမျိုးသား(၄)ဦး၊ စုစုပေါင်း(၆)ဦးနှင့် ပြည်ပ ပြန်လည်ထွက်ခွာတိမ်းရှောင်သူ ထိုင်ဝမ် အမျိုးသား(၂)ဦး(ဖမ်းမမိ)တို့အား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ ဟိုပုန်းမြို့နယ်၊ ဟွေလုံးကျေးရွာ၌ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၆)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၀)ဂရမ်၊ ဘိန်းစိမ်း(၁၀၀၀)ဂရမ်၊ တူမီးသေနတ်(၂)လက်၊ ယမ်းမှုန့် (၁၅)ဂရမ်၊ ခဲသီးဖြတ်စ(၇၅)ခု၊ ယမ်းကတ်သီး (၁၅)ခု၊ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပန်းတောင်းကျွန်း အနောက်ဘက်တောင်ပေါ်၌ တရားခံ အမျိုးသား(၅)ဦးထံမှ ဘိန်းစာမှုန့်(၅၁၀)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ယမ်းမှုန့်(၂၄၆)ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်း အနေဖြင့် ယခုသီတင်းပတ် (၂၇-၁-၂၀၁၉ ရက်နေ့မှ ၂-၂-၂၀၁၉ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၀၄)မှုတွင် တရားခံကျား(၂၆၉)ဦး၊ မ(၃၃)ဦး၊ ပေါင်း (၃၀၂)ဦးကို ဘိန်းဖြူ(၂၆၀.၄၁၃)ဂရမ်၊ ICE(၄၁.၈၆)ဂရမ်၊ ဘိန်းစိမ်း(၁၂၅၃၆.၈၉)ဂရမ်၊ ဘိန်းစာမှုန့် (၆၉၅)ဂရမ်၊ စိတ်ကြွဆေးပြား(၂၆၄၇၅၁၈.၅)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၄၃.၅)ဂရမ်၊ ဘိန်းဆီခဲ (၁.၅)ဂရမ်၊ Ketamine (၁၃၀၅၀၀)ဂရမ်၊ တူမီးသေနတ်(၃)လက်၊ ယမ်းမှုန့် (၂၆၁) ဂရမ်၊ ခဲသီးဖြတ်စ(၇၅)ခု၊ ယမ်းကတ်သီး(၁၅)ခုတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# တက္ကသိုလ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အရည်အသွေးရှိသော အင်ဂျင်နီယာများ စဉ်ဆက်မပြတ်မွေးထုတ်

ရန်ကုန် ဖေဖော်ဝါရီ ၄

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(မှော်ဘီ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ ပါမောက္ခချုပ် ဒေါက်တာ ကေသီလွင်က နည်းပညာတက္ကသိုလ်(မှော်ဘီ)၏ ပညာသင်နှစ်ဆောင်ရွက်ပြီးစီးခဲ့သည့် အချက်အလက်များ၊ နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ သုတေသနစာတမ်းရေးသားမှုများ၊ တည်ဆောက်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက မှော်ဘီ နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများ၏ သင်ကြားသင်ယူမှုနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ သုတေသနလုပ်ငန်းဆောင်ရွက်ချက်များ၊ တက္ကသိုလ်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်မှုများအပေါ် အားရမိပါကြောင်း၊ ထိုသို့ မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်တတ်သည့် စိတ်ဓာတ်ကောင်းများကို ဆက်လက် ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် ဘွဲ့သင်တန်းများသည် ဒေသနှင့် လိုက်လျောညီထွေရှိ၍ ပရောဂျက်အခြေပြု သင်ယူခြင်းဖြင့် အားပေးဆောင်ရွက်ရန်လိုပါကြောင်း၊ အရည်အချင်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင် သင်ကြားသင်ယူ လေ့ကျင့်ရန်နှင့် တစ်သက်တာသင်ယူခြင်းဖြင့် စွမ်းဆောင်ရည်များမြှင့်တင်ရန် အရေးကြီးပါကြောင်း၊ သုတေသနများဆောင်ရွက်ခြင်း၊ သုတေသနစာတမ်း ဆွေးနွေးခြင်း၊ ပြည်တွင်း ပြည်ပသုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားခြင်းတို့ကို အားပေးရန် လိုအပ်ပါကြောင်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ ပန်းချီ ဂီတအနုပညာ၊ သင်္ချာ၊ အားကစားဆိုင်ရာ စွမ်းရည်မြင့်မားရေး ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)၊ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

**သုတေသနလုပ်ငန်းများ ဆောင်ရွက်**

ထို့ပြင် ဘွဲ့ရလူငယ် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်လိုစိတ်များကို လက်တွေ့ကျကျ အထောက်အကူပြုပြီး လက်တွေ့အသုံးချနိုင်သည့် သင်ခန်းစာများဖြင့် သင်ကြားပေးပြီး လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်များ၏ ကိုယ်ပိုင် domain နှင့် website များထားရှိပြီး အင်္ဂလိပ်ဘာသာများဖြင့် ရေးသားဖော်ပြနိုင်ရန် လိုအပ်ပါကြောင်း၊ အင်ဂျင်နီယာဘွဲ့ရလူငယ်များအနေဖြင့် လက်တွေ့အကျိုးပြုနိုင်သော လုပ်ငန်းများအပြင် ၂၁ ရာစု စွမ်းရည်များလည်းရှိရန် လိုအပ်ပါကြောင်း၊ ယနေ့ခေတ်ကာလသည် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ရန် အင်္ဂလိပ်စာ အရည်အသွေးကောင်းရန်လိုအပ်ပြီး အိုင်စီတီအရည်အသွေးနှင့် အိမ်နီးချင်းနိုင်ငံများ၏ ဘာသာစကား တတ်ကျွမ်းမှသာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိလာမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရှိရန်လိုအပ်ပြီး ကြုံတွေ့ခဲ့ရသည့် အားနည်းချက်များကိုစိစစ်ပြီး အားသာချက်များကို အားကောင်းလာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် တက္ကသိုလ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အရည်အသွေးရှိသော အင်ဂျင်နီယာများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ဆက်လက်ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပါမောက္ခချုပ်များ၊ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုးနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်တို့က University Autonomy နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ပညာရေးကဏ္ဍဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများက ဆရာသမဂ္ဂ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ဆရာ ဆရာမ တိုးမြှင့်ခန့်ထားရေး၊ ကွန်ပျူတာလိုအပ်ချက်များ၊ စာကြည့်တိုက်မှူး ခန့်အပ်ပေးနိုင်ရေးနှင့် ကျောင်း၏ လုံခြုံရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၁၉) ကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

**အခွင့်အရေးများကို ဖော်ဆောင်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေး (၄)ရပ်ကို ဖော်ဆောင်ရန် အမျိုးသားကော်မတီကိုဖွဲ့စည်း၍ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနက အသစ်ရေးဆွဲပေးပို့ထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းကို လွှတ်တော်တွင် စိစစ်လျက်ရှိပြီး ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ပြုပြင်ရေးဆွဲပြီး မကြာမီ အတည်ပြုပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ကုလသမဂ္ဂသဘောတူ စာချုပ်များကို လက်မှတ်ရေးထိုး ဆောင်ရွက်နေရသည်များရှိကြောင်း၊ ကလေးသူငယ်များနှင့် ပတ်သက်၍လည်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့်အညီ ကလေးသူငယ်များ၏ အခွင့်အရေးများကို ဖြည့်ဆည်းဖော်ဆောင်ပေးရန်တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ ကလေးများအတွက် အကျိုးရှိမည့် အခွင့်အရေးများကို ဖော်ဆောင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဦးတည်ချက်(၃)ရပ်မှ ပထမ ဦးတည်ချက်ဖြစ်သော "တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး"သည် ကလေးသူငယ်အခွင့်အရေးများ အကောင်အထည်ဖော်ရေးနှင့် သက်ဆိုင်လျက်ရှိကြောင်း။

ရှေးဦးအရွယ် ကလေးသူငယ်များကို စနစ်တကျ ပြုစုပျိုးထောင်ပါက နောင်အနာဂတ်တွင် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ကလေးသူငယ် များ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးခြင်းဖြစ်ပြီး မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် ကလေးသူငယ်များအတွက် တရားဥပဒေစိုးမိုးမှုရှိစေမည်ဖြစ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ် အတည်ပြုပြီးပါက ဥပဒေအတိုင်း ကလေးသူငယ်အခွင့်အရေးများအတွက် အမျိုးသားကော်မတီက ဦးဆောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စွမ်းဆောင်ရည် မြင့်မားသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လျှင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူ၊ ပြည်သားများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

အတွက်လည်း ရှေးဦးအရွယ် ကလေးသူငယ်ဘဝမှစ၍ လူမှု သဟဇာတဖြစ်ရေးကို လေ့ကျင့်ပေးနိုင်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွင်းရှိ ကလေးသူငယ်များ၏ အရေးသည် ငြိမ်းချမ်းရေးနှင့် ဆက်စပ်နေသဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီစနစ်သည် သာတူညီမျှစနစ်၊ ခွင့်တူညီမျှခံစားရသည့် စနစ်ဖြစ်သည့်အတွက် ကလေးသူငယ်များ၏အခွင့်အရေးကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုနိမ့်ကျသည့် ချင်း၊ ရခိုင်၊ နာဂ၊ ကရင်၊ ကယားပြည်နယ်တို့ကို ဦးစားပေးစနစ်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးကို ရွေးချယ်ဆောင်ရွက်ရပြီး လူမှုစီးပွားဖွံ့ဖြိုးမှုနိမ့်ကျသော ဒေသများရှိသည့် ကျန်ရှိသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် မျှမျှတတခံစားရရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်း**

မိမိတို့ဝန်ကြီးဌာန၏ ကလေးသူငယ်များဆိုင်ရာ မူဝါဒတွင် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီပြီး အားလုံးပါဝင်နိုင်မည့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်မူဝါဒရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသည့် ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan - MSDP) ပါ ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ကိုက်ညီရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် Sustainable Development Goal နှင့်ကိုက်ညီရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီဝင်များအနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခက်အခဲများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်ရမည့်တာဝန်များနှင့် အစီရင်ခံစာတင်သွင်းမှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုရေးဝန်ကြီးများက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များအား ချမှတ်ခဲ့ကြသည်။

ယင်းနောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# ကမ္ဘာ့ကင်ဆာနေ့အထိမ်းအမှတ်အဖြစ် ကင်ဆာရောဂါလျှော့ချရေးပညာပေးပြပွဲနှင့် အော်ဂဲနစ်ဈေးရောင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ကင်ဆာနေ့အထိမ်းအမှတ်အဖြစ် ကင်ဆာရောဂါလျှော့ချရေး ပညာပေးပြပွဲနှင့် အော်ဂဲနစ်ဈေးရောင်းပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီးတွင် ကျင်းပသည်။

"မြန်မာနိုင်ငံမှာ ကင်ဆာဖြစ်ပွားမှုနှုန်းက အလွန်မြင့်တက်နေတယ်။ ဒီထဲမှာ အစားအသောက်ကြောင့်ဖြစ်တာ ရာခိုင်နှုန်းများနေတယ်။ ပြည်သူလူထုအနေနဲ့ ရွေးချယ်စားသုံးဖို့ လိုနေတယ်။ ဒီအတွက်ကို ကျွန်မတို့အသင်းက အသိပညာမျှဝေပေးနေတယ်။ ပြည်သူလူထုအနေနဲ့လည်း ရွေးချယ်ဝယ်ယူစားသုံးဖို့ကို အစားထိုးလေးတွေ လိုအပ်နေတယ်။ ဒါတွေကို အစားထိုးဖို့အတွက် ပြည်သူလူထုကို ချပြတာပါ"ဟု စားသုံးသူကာကွယ်ရေးအသင်း အတွင်းရေးမှူး ဒေါ်စိုးကလျာထိုက်က ပြောသည်။

**အစားအသောက်နှင့် မျိုးရိုးဗီဇကြောင့် ကင်ဆာဖြစ်ပွား**

ကင်ဆာဖြစ်ပွားစေနိုင်သောအကြောင်းရင်း သုံးမျိုးရှိရာ သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော လေထုညစ်ညမ်းမှုကြောင့် ကင်ဆာဖြစ်ပွားခြင်း၊ စားသောက်နေထိုင်မှုစရိုက်နှင့် အန္တရာယ်ရှိသော အစားအသောက်များကြောင့် ကင်ဆာဖြစ်ပွားခြင်းနှင့် မျိုးရိုးဗီဇကြောင့် ကင်ဆာဖြစ်ပွားခြင်းတို့ ဖြစ်ကြောင်း သိရသည်။



အော်ဂဲနစ်ဈေးရောင်းပွဲတော်တွင် ဓာတုလွတ်အစားအစာများ ခင်းကျင်းရောင်းချနေမှုကို တွေ့ရစဉ်။

မျိုးရိုးဗီဇကြောင့် ကင်ဆာဖြစ်ပွားခြင်းတွင် အော်ဂဲနစ်သီးနှံတွင် ပါဝင်သော ဓာတ်တိုးဆန့်ကျင်ဓာတ်က ကင်ဆာကို အထိုက်အလျောက်ဟန့်တားနိုင်ပြီး လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားသော ကင်ဆာများကိုလည်း အထိုက်အလျောက် တားဆီးကာကွယ်မှုများ ပြုလုပ်နိုင်ကြောင်းသိရသည်။ ကမ္ဘာ့နိုင်ငံကြီးများတွင် လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပွားသော အဆုတ်ကင်ဆာအဖြစ်များပြီး မြန်မာနိုင်ငံတွင် အစားအသောက်နှင့် လူနေထိုင်မှုစရိုက်များကြောင့် ဖြစ်ပွားသောကင်ဆာများ ပို၍များကြောင်း သိရသည်။

**အော်ဂဲနစ်ဈေးတန်း ဖွင့်လှစ်**

မြို့နယ်တစ်မြို့နယ်လျှင် တစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် အော်ဂဲနစ်ဈေးတန်းဖွင့်လှစ်နိုင်ရန် စားသုံးသူကာကွယ်ရေးအသင်းက တောင်းဆိုထားကြောင်း သိရသည်။ အင်းစိန်မြို့နယ် ကြို့ကုန်း ဘီပီအိုင်မှတ်တိုင်အနီးရှိ စိုက်ပျိုးရေးဝင်းရှေ့တွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အော်ဂဲနစ်ဈေးတန်း ဖွင့်လှစ်ခဲ့သည်မှာ နှစ်လနီးပါးခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် တာမွေ၊ ကျောက်မြောင်းရှိ ဘေဘီနီနီ(၃)တွင် စနေနေ့ ညနေတိုင်း အော်ဂဲနစ်ထုတ်ကုန်များ ရောင်းချသည့်ဆိုင်ရှိပြီး မကြာမီ ရန်ကင်းရွှေအုန်းပင်အိမ်ရာနှင့် မြောက်ဒဂုံ မဟာမြိုင်အိမ်ရာအနီးတွင် အပတ်စဉ် အော်ဂဲနစ်ဈေးတန်း ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ စားသုံးသူများ တောင်းဆိုမှုအရ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ခွင့်ပြုချက်ရပါက ဆူးလေ၊ မဟာဗန္ဓုလပန်းခြံအနီးတွင် အော်ဂဲနစ်ဈေးတန်းဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ခင်းကျင်းပြသထားသော ကင်ဆာရောဂါလျှော့ချရေး ပညာပေးပြပွဲနှင့် အော်ဂဲနစ်ဈေးရောင်းပွဲတွင် သဘာဝမြေဩဇာ၊ သဘာဝဟင်းသီးဟင်းရွက်များ၊ ဓာတုလွတ်ထုတ်ကုန်များ၊ အစားအသောက်ပြခန်းပေါင်း ၂၅ ခန်း ခင်းကျင်းပြသထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း**

# မုံရွာမြို့၌ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ ကျင်းပမည်

**မုံရွာ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်း ကျင်းပမည့် ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပြခန်းတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဆုပေးပွဲကျင်းပမည်**

"သစ်သီးဝလံနဲ့ ပန်းမန်ပြိုင်ပွဲကို နှစ်စဉ် ပြည်ထောင်စုနေ့အခမ်းအနားမှာ ကျင်းပတာဖြစ်ပါတယ်။ အခုနှစ်ပြိုင်ပွဲမှာလည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြိုင်ပွဲဝင်တောင်သူများအနေနဲ့ ကိုယ်တိုင်စိုက်ပျိုးထားတဲ့ ပြည်တွင်းမျိုးတွေ၊ နိုင်ငံခြားမျိုးတွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ ထူးခြားတဲ့အသီး၊ အပွင့်၊ အရွက်၊ အပင်နဲ့ ဥတွေကိုလည်း လာရောက်ပြသနိုင်ပါတယ်။ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီမှာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပြခန်းမှာ ကျင်းပသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ညွန့်က ပြောသည်။



ယမန်နှစ် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် သစ်သီးဝလံများကို တွေ့ရစဉ်။

**လာရောက်ယှဉ်ပြိုင်နိုင်**

ပြည်ထောင်စုနေ့ အထိမ်းအမှတ် သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တောင်သူများအနေဖြင့် သစ်သီးဝလံပြိုင်ပွဲတွင် မိမိတို့ကိုယ်တိုင်စိုက်ပျိုးထားသော ဘူးသီး၊ ဖရုံသီး၊ သခွားသီး စိတ်ကြိုက် တစ်လုံးစီ၊ မုန်လာပွင့် တစ်ပွင့်၊ ဂေါ်ဖီထုပ် စိတ်ကြိုက် တစ်ထုပ်၊ မုန်လာဥဖြူ၊ မုန်လာဥနီ၊ နိုကိုဥနှင့် ခရမ်းသီးတို့ကို ငါးလုံးနှုန်း၊ နဂါးမောက်သီးနှင့် သင်္ဘောသီးတို့ကို သုံးလုံးနှုန်း၊ သံပရာသီးနှင့် ရှောက်သီးတို့ကို ငါးလုံးပါ အတွဲတစ်တွဲနှုန်း၊ ငရုတ်သီး ၁၀ တောင့်၊ ဆီးသီးနှင့် ခရမ်းချဉ်သီး ၁၀ လုံးနှုန်းဖြင့်လည်းကောင်း၊ အာလူး၊ ပိန်းဥနှင့် ဝဥတို့ကို ငါးလုံးနှုန်း၊ ငှက်ပျောသီး၊ အုန်းသီးနှင့် ကွမ်းသီးတို့ကို တစ်ခိုင်နှုန်း၊ ပန်းမန်ပြိုင်ပွဲတွင်(ပန်းအလှ၊ အရွက်အလှ)အတွက် ပန်းအိုးတစ်အိုးနှုန်းဖြင့်လည်းကောင်း ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၅ နာရီ နောက်ဆုံးထားပြီး စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ပြခန်းတွင် လာရောက်ပြသယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကမ္ဘာ့ကင်ဆာရောဂါနေ့ အထိမ်းအမှတ် လူထုလှုပ်ရှားမှုလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ဦးဆောင်၍ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာ့ကင်ဆာရောဂါအထိမ်းအမှတ်နေ့ သုံးနှစ်တာကာလ လူထုလှုပ်ရှား လမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက မိုင်ဒါကွင်းအနီး မြို့မကျောင်းလမ်းနှင့် စကားဝါလမ်းထောင့်မှ ဗဟန်းမြို့နယ်ဘောလုံးကွင်းသို့ စုပေါင်း လမ်းလျှောက်ကြသည်။

ယင်းနောက် ဗဟန်းမြို့နယ်ဘောလုံးကွင်းအတွင်း တိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒေါက်တာထွန်းမြင့်က အမှာစကားပြောကြားပြီး ကင်ဆာဆိုင်ရာလူထုလှုပ်ရှားမှု စတင်သည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတို့နှင့် မိုးပျံပူဖောင်းများကို လွှတ်တင်သည်။ အခမ်းအနားတွင် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မိမိရင်သား မိမိစမ်းသပ်နည်းသင်ပြရန် ရင်သားအတု အခု ၅၀ လှူဒါန်းခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကျွမ်းဘားနှင့် ကိုယ်လက်ကြံ့ခိုင်ရေးကို သရုပ်ပြသသည်။ ကမ္ဘာ့ကင်ဆာရောဂါ အထိမ်းအမှတ်နေ့တွင် ပူးပေါင်းပါဝင်ရခြင်း ရည်ရွယ်ချက်မှာ ကင်ဆာရောဂါအကြောင်း ပြည်သူထုအကြား အသိပညာများတိုးပွားစေပြီး ကင်ဆာရောဂါကာကွယ်ရေးနှင့် စောစီးစွာဖော်ထုတ်သိရှိနိုင်စေရန်နှင့် နိုင်ငံတကာကင်ဆာထိန်းချုပ်ရေးအဖွဲ့ကြီးက ကြီးမှူးကျင်းပသော (၂၀၁၉-၂၀၂၁) ခုနှစ် ကမ္ဘာ့ကင်ဆာရောဂါအထိမ်းအမှတ်နေ့ သုံးနှစ်တာကျင်းပမည့် လှုပ်ရှားမှုကြီးကို စတင်ခြင်းအစီအစဉ်တွင် ပါဝင်ရန်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကင်ဆာရောဂါ အထိမ်းအမှတ်နေ့ သုံးနှစ်တာကာလ ကင်ဆာအသိပညာမြှင့်တင်ရေး လူထုလှုပ်ရှားမှုအား မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပခြင်းဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆေးရုံ၊ ဆေးခန်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ကုမ္ပဏီများ ပူးပေါင်းအင်အားတစ်ထောင်ကျော် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**သန်းထိုက်**

# ကောလင်းမြို့၌ ဒေသထွက်ကုန်များ အဆင့်မြှင့်တင်ထုတ်လုပ်ရေး စုပေါင်းအလုပ်ရုံတည်ထောင်မည်

**ကောလင်း ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဒေသထွက်ကုန်များ အဆင့်မြှင့်တင်ထုတ်လုပ်ရေး စုပေါင်းအလုပ်ရုံ တည်ထောင်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ စုပေါင်းအလုပ်ရုံကို ကောလင်းမြို့၏ အရှေ့ဘက် တန်စူးကျေးရွာ အနောက်မြောက်အရပ်ရှိ မြေဧက ၈ ဒသ ၅ ဧကပေါ်တွင် တည်ထောင်သွားမည်ဖြစ်ပြီး လက်ရှိတွင် စိတ်ပါဝင်စားသည့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားကြောင်း အဆိုပါ စုပေါင်းအလုပ်ရုံကို ဦးစီးဆောင်ရွက်သူ ဦးအောင်မျိုးဝေက ပြောသည်။

"အခု ကျွန်တော်တို့က နေရာရှိတယ်။ အဲဒီနေရာမှာ လုပ်ငန်းလုပ်ချင်ပြီး နေရာဝယ်ဖို့၊ မီးရရှိဖို့ အခက်အခဲရှိတဲ့ လုပ်ငန်းရှင်တွေကို ကူညီတဲ့အနေနဲ့ ကျွန်တော်တို့က အဲဒီနေရာကို စုပေါင်းအလုပ်ရုံအနေနဲ့ တည်ထောင်မှာပါ။ ဒါက ပုဂ္ဂလိကအနေနဲ့ လုပ်တာပါ။ မြို့နယ်အနေနဲ့ မဟုတ်ဘူး။ အဓိကက ဒေသကထွက်တဲ့ ကုန်ပစ္စည်းတွေကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်မယ့် လုပ်ငန်းတွေပါတယ်"ဟု ၎င်းက ပြောသည်။

စုပေါင်းအလုပ်ရုံကို တည်ထောင်မည့် မြေနေရာသည် အခြားသုံးစွဲခွင့်ပြုမိန့်ကျထားသည့် မြေနေရာဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ရန် မြေနေရာငှားရမ်းမည့် လုပ်ငန်းရှင်များကို ၁၀ နှစ် လုပ်ပိုင်ခွင့်ပြုစာချုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း၊ မြေနေရာငှားရမ်းခ ပထမ နှစ်နှစ်တွင် ပေ ၁၀၀ ပတ်လည် ကျပ်တစ်သိန်းနှုန်းဖြစ်ပြီး အနည်းဆုံး ပေ ၅၀ မှ ၁၀၀ × ၂၀၀ ထိ ငှားရမ်းတည်ဆောက်နိုင်ကြောင်း သိရသည်။

ထို့အပြင် မီးရရှိရေး၊ ရေရရှိရေးကို အဖွဲ့မှ တာဝန်ယူပေးသွားမည်ဖြစ်ပြီး မိမိသုံးစွဲသည့် ယူနစ်အလျောက် အစိုးရဈေးနှုန်းအတိုင်းသာ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် သန့်ရှင်းရေးစနစ်ကို စရိတ်မျှပေးစနစ် ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ ပြန့်ပြူးသောမြေနေရာနှင့် ရာသီမရွေး ဝင်ထွက်နိုင်ရန်အတွက်လည်း အဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ကျောက်တော်ကြီးဘုရားသမိုင်း စာအုပ်ထွက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးမြို့ မန္တလေးတောင်တော်၏ တောင်ဘက်ရှိ မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော မဟာသက္ကျမာရဇိန်ကျောက်တော်ကြီးဘုရားသမိုင်း စာအုပ်ထွက်ရှိသည်။

အဆိုပါ ဘုရားသမိုင်းစာအုပ်ကို လူမှုထူးချွန်(တတိယဆင့်)ရ စာရေးဆရာမောင်မြဝေ(ယောမင်းကြီး)က ရေးသားပူဇော်ပြုစုကာ မဟာသက္ကျမာရဇိန်ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့က ထုတ်ဝေပူဇော်ထားသည်၊ သမိုင်းစာအုပ်တွင် အခန်း ကိုးခန်းဖြင့် ဖွဲ့စည်းထားပြီး ထေရဝါဒဗုဒ္ဓသာသနာတော်၊ တကောင်းမှသည် အင်းဝဆီသို့၊ အသရေတန္ခိုးဆောင်သည့် ရွှေကုန်းဘောင်ပြည်၊ ဘဝရှင်မင်းတုန်းမင်းတရားကြီးနှင့် ရတနာပုံမန္တလေးနေပြည်တော်၊ မဟာသက္ကျမာရဇိန်ကျောက်တော်ကြီးဘုရားမှတ်တမ်းအကျဉ်း(မြန်မာ+အင်္ဂလိပ်)၊ ဘုရားရှင်တို့ ပွင့်ထွန်းတော်မူသည့် တောင်တန်းကြီးများရှိရာ စကျင်ရွာ၊ ဘဝရှင်မင်းတုန်းမင်းတရား နတ်ရွာစံတော်မူခြင်း၊ သားတော်သီပေါမင်း ထီးနန်းဆက်ခံခြင်း၊ ခေတ်အဆက်ဆက် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များ၏ ဆောင်ရွက်ချက်များ၊ သတ္တဌာနသာသနိက အဆောက်အအုံများ အသစ် ဆောက်လုပ်လှူဒါန်းခြင်း ရောင်စုံဓာတ်ပုံမှတ်တမ်းများနှင့် စိတ်ဝင်စားဖွယ်ရာကောင်းအောင် ရေးသားပြုစုတင်ပြထားသည်။

ယင်းစာအုပ်ကို ကျောက်တော်ကြီးဘုရားဂေါပက အဖွဲ့အလှူခံဌာနတွင် တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ပူဇော်ကာ ဝယ်ယူဖတ်ရှုကြည်ညိုနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ONE ဝယ်သာဝိတ် လက်ရှိကမ္ဘာ့ချန်ပီယံ ကာဒက်စတန်၏ ချန်ပီယံခါးပတ် ကာကွယ်မည့်ပြိုင်ပွဲ ရန်ကုန်မြို့၌ မတ် ၈ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ဝယ်သာဝိတ်ကမ္ဘာ့ချန်ပီယံ ဇဘက်ရှန် ကာဒက်စတန်၏ ချန်ပီယံခါးပတ်ကို ကာကွယ်သွားမည့် ONE: REIGN OF VALOR ပြိုင်ပွဲကို မတ် ၈ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် အဓိကတွဲဆိုင်းများကို ကြေညာလိုက်ပြီ ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အဓိကတွဲဆိုင်းဖြစ်သော ONE ဝယ်သာဝိတ် ကမ္ဘာ့ချန်ပီယံဖြစ်သူ ဆွီဒင်နိုင်ငံသား ကာဒက်စတန်သည် ကာဇက်စတန်နိုင်ငံသား ဂျော်ဂျီကီချီဂျင်နှင့် ယှဉ်ပြိုင်ကာ ၎င်း၏ ချန်ပီယံခါးပတ်ကို ပထမဆုံးအကြိမ်အဖြစ် ကာကွယ်ထိုးသတ်သွားမည်ဖြစ်သည်။

ကာဒက်စတန်သည် ပြီးခဲ့သည့် နိုဝင်ဘာလက ရှုံးပွဲမရှိသော အမေရိကန်ကစားသမား တိုင်လာမက်ဂိုင်ယာကို ပဥ္စမအချီတွင် အလဲထိုးပြီး အနိုင်ယူကာ လစ်လပ်နေခဲ့သော ONE ဝယ်သာဝိတ်ကမ္ဘာ့ချန်ပီယံနေရာကို အရယူနိုင်ခဲ့သည်။ ယခုအခါ ဝါရင့်ကစားသမား ကီချီဂျင်နှင့် ယှဉ်ပြိုင်ကာ ၎င်း၏ ONE ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာကွယ်သွားမည် ဖြစ်သည်။ ကီချီဂျင်သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ရှုံးပွဲမရှိ အနိုင်ရရှိခဲ့ကာ ယခုအချိန်အထိ ပြိုင်ပွဲ ၁၄ ပွဲ ဆက်တိုက်အနိုင်ရရှိထားသည်။

နောက်ထပ်တွဲဆိုင်းများမှာ ONE ကမ္ဘာ့ချန်ပီယံ စိန်ခေါ်သူဟောင်း တိုနီတော်ရှူနှင့် ကနေဒါနိုင်ငံမှ ဂယ်ရီမန်ဂက်၊ ရိုးရာလက်ဝှေ့နှစ်ထပ်ကွမ်းချန်ပီယံ မြန်မာနိုင်ငံသူ အန်တိုနီယာနှင့် မလေးရှားနိုင်ငံမှ ဘွန်နီဖေ့၊ ဖိလစ်ပိုင်နိုင်ငံသူ တောရက်စ်နှင့် တရုတ်နိုင်ငံသူ ဟီကျင်၊ တီယယ်ထန်နှင့် ကမ္ဘောဒီးယား လက်ဝှေ့ကစားသမား ရင်ဆာရွတ်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် မြန်မာ့ဂုဏ်ဆောင် ကစားသမား ဖိုးသော်နှင့် အင်ဒိုနီးရှားကစားသမား မူလီယာလီဂိုဝိုတို့ တွဲဆိုင်းလည်း ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ONE: REIGN OF VALOR ပြိုင်ပွဲကြီးတွင် ထပ်မံယှဉ်ပြိုင်မည့် တွဲဆိုင်းများကို မကြာမီရက်များတွင် ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲများကို ဦးဆောင်ကျင်းပမည့် ONE Championship က ထုတ်ပြန်ထားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**




# ရန်ကုန်မြို့တွင် နွေရာသီအခြေခံအားကစားနည်းသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီအခြေခံအားကစား သင်တန်းများနှင့် အဆင့်မြင့် သင်တန်းအားကစားနည်း ၃၅ နည်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က နှစ်စဉ် နွေရာသီအခြေခံနှင့် အဆင့်မြင့် အားကစားသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာမည် ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ် အားကစားသမားများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းဖြင့် ထူးချွန်ထက်မြက်သော မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ သင်တန်းများမှာလည်း ရေကူး၊ ဘောလုံး၊ ကြက်တောင်နှင့် ဝူရှူးအားကစားနည်းများတွင် သင်တန်းဦးရေ များပြားသည့်အတွက် သင်တန်းကြေးကို ယခင်နှစ်များထက် လျှော့ပေါ့ပေးစေလိုကြောင်း ပြောကြားသည်။ အဆိုပါ နွေရာသီအခြေခံသင်တန်းများကို မတ်၁ ရက်မှ ၂၉ ရက်အထိလည်း ကောင်း၊ အဆင့်မြင့်သင်တန်းများကို ဧပြီ၂၂ ရက်မှ မေ ၁၇ ရက်အထိလည်းကောင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအခြေခံ အားကစားနည်းသင်တန်းများကို ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားကွင်း/ရုံများ၌ အဖွဲ့ချုပ်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ မြားပစ်၊ ပြေးခုန်ပစ်၊ ဘေ့စ်ဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်/စနူကာ၊ ကာယကြံ့ခိုင်မှု၊ ဘိုးလင်း၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ ခရစ်ကက်၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေးဒို၊ လှေလှော်၊ ပိုက်ကျော် ခြင်း၊ ရေကူး၊ သေနတ်ပစ်၊ စားပွဲတင် တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သိုင်း၊ ဘော်လီဘော၊ အလေးမ၊ အမျိုးသမီးအားကစား (အေရိုးဗစ်)၊ ဝူရှူး၊ ရွက်လှေ၊ မသန်စွမ်း၊ ကမ်ပို၊ ရိုးရာလက်ဝှေ့စသည့် အားကစားနည်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

# ကျောက်ဆည်နှင့် လှိုင်သာယာမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး မြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကျောက်ဆည်မြို့နယ် လက်ပန်ကျေးရွာ အမှတ်(၁၀)ရပ်ကွက် ရွာလယ် ဗလီလမ်းနေ ငွှေင်(ခ)ဇော်ခန့်(ခ)စလစ်မွတ်တစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်အနောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်သာယာမြို့နယ်၊ အနော်ရထာလမ်းနှင့် ရေတံခါးကန်ပတ် လမ်းထောင့်အနီးတွင် တွေ့ရှိသူ ဒေါ်ခင်မြတ်သူအား စစ်ဆေးရှာဖွေရာ ၎င်းကိုင်ထားသည့် စက္ကူဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ လှိုင်သာယာမြို့နယ်၊ အလယ်ကျေးရွာ ဘောဂလမ်းရှိ ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ခင်ပွန်းဖြစ်သူ အောင်မျိုးသွင်(ခ) ကုလားအား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ငွှေင်(ခ)ဇော်ခန့်(ခ)စလစ်မွတ်တစ်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# တန့်ယန်းမြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဘိန်းစိုက်ခင်းများအား ဖျက်ဆီးလျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်တွင် တန့်ယန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က တန့်ယန်းမြို့နယ် လုံမုံကျေးရွာ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့် ၁ ဒသမ ၅ ပေခန့်ရှိ ဘိန်းစိုက်ခင်း ၇ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

တန့်ယန်းမြို့နယ်အတွင်းရှိ ဘိန်းစိုက်ခင်းတစ်ခင်း ဖျက်ဆီးနေသည်ကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

သို့မဟုတ် နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ ယူ-၂၂ အသင်းတွင် **နည်းပြချုပ်**-ပိုပေ့ါဗ်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးစိုးမြတ်မင်း၊ **ကြံ့ခိုင်ရေးနည်းပြ** - ဟွမ်ရိုမန်၊ **ဂိုးနည်းပြ**- ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် **ဂိုး**-ဘုန်းသစ္စာမင်း (ရှမ်း)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ **နောက်တန်း**-ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (ရှောဝတီ)၊ အောင်ဝဏ္ဏစိုး (ဇွဲကပင်)၊ ရဲရင့်အောင် (ရတနာပုံ)၊ ထူးခန့်လွင်၊ သူရိန်စိုး (ရန်ကုန်)၊ ရဲမင်းသူ (ရှမ်း)၊ ဇင်ရဲနိုင် (အား/ကာသိပ္ပံ)၊ ဟိန်းဖြိုးဝင်း (ရှမ်း)၊ **အလယ်တန်း**-နန်းထိုက်ဇော်၊ လွင်မိုးအောင် (ရှောဝတီ)၊ ဇေယျာနိုင်၊ မြတ်ထွန်းသစ်၊ ဇင်မင်းထွန်း (မကွေး)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ဇွဲသက်ပိုင် (ရှမ်း)၊ အောင်ကိုဦး၊ ဇော်ဝင်းသိန်း (MFF ယူ-၁၉)၊ **ရှေ့တန်း**-ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ (ရှမ်း)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ ကောင်းထက်စိုး၊ လွှမ်းမိုးဦး (ရန်ကုန်) တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

✪ *ကျောဖုံးမှ*

ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်ပါက AFC Cup တွင် အခြားအသင်းတစ်သင်းက အစားထိုးယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီရက်စ်နှင့် ရန်ကုန်အသင်းသည် ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



**2018 AFC Cup ပြိုင်ပွဲတွင် ရန်ကုန်နှင့် ဆီရက်စ်အသင်း တွေ့ဆုံခဲ့စဉ်။**

ဓာတ်ပုံ-စိုးညွန့်

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ယမန်နေ့က လီဂူးဝမ်းပွဲစဉ် ၂၃ အဖြစ် လိုင်ယွန်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လိုင်ယွန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ရာသီ၌ ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သော်လည်း လက်ကျန် နှစ်ပွဲကစားရန်ကျန်ရှိနေပြီး အမှတ်ပေးဇယား အဆင့် ၂ နေရာတွင် ရပ်တည်နေသော လိုင်လီအသင်းအား ၁၀ မှတ်ဖြတ်ထားနိုင်ကြောင်း သိရသည်။
- ပီအက်စ်ဂျီနည်းပြ တူချယ်လ်သည် ၎င်း၏ အသင်းအနေဖြင့် လာမည့်အပတ်တွင် မန်ယူအသင်းနှင့်ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်၌ ဒဏ်ရာရနေသော ဘရာဇီးတိုက်စစ်ကစားသမား နေမာမပါဝင်နိုင်သော်လည်း မန်ယူအသင်းအား ကျော်ဖြတ်နိုင်ကြောင်း ပြောကြားလိုက်သည်။
- ရီးရဲမက်ဒရစ်အသင်းသည် မန်စီးတီးအသင်းထံမှ ခေါ်ယူထားသော စပိန်ကွင်းလယ်ကစားသမား ဘရာဟင် ဒိုက်ဇ်အား နွေရာသီတွင် အငှားစေလွှတ်သွားမည် မဟုတ်ကြောင်း အေအက်စ်ဒေ့ါကွန်းတွင် ဖော်ပြထားသည်။
- ယမန်နေ့က လာလီဂါပွဲစဉ် ၂၂ အဖြစ် ရီးရဲဘက်တစ်အသင်းနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲဘက်တစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုပွဲတွင် မိုရာတာသည် အက်သလက်တီကိုမက်ဒရစ် အသင်းအတွက် ပွဲဦးထွက်ပါဝင်ကစားခဲ့သည်။
- ပီယာတက်ခ်သည် ယမန်နေ့က စီးရီးအေပွဲစဉ် ၂၂ အဖြစ် ရိုးမားနှင့် အေစီမီလန်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်တွင် အေစီမီလန်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း၊ ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂျီနိုအာအသင်းမှ ပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အေစီမီလန်အသင်းအတွက် သုံးပွဲကစားထားရာ သုံးဂိုးသွင်းယူထားနိုင်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- လိစ်ယူနိုက်တက်အသင်းသည် တောင်ပံကစားသမားဟောင်း လန်နွန် (၃၁နှစ်) အား ဘန်လေအသင်းထံမှ ပြန်လည်ခေါ်ယူလိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။ ၎င်းသည် ဒီဇင်ဘာလလယ်လောက်တည်းက ဒူးဒဏ်ရာရရှိနေသောကြောင့် အနားယူနေရသူဖြစ်ကြောင်းလည်း သိရသည်။

**အောင်ဇော်**

# မင်းတုန်းမြို့နယ်၌ အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၀ ဦးနှင့် လိုက်ပါပို့ဆောင်ပေးသူနှစ်ဦး ဖမ်းဆီးရမိ

**မင်းတုန်း ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ်မှ မကွေးတိုင်းဒေသကြီးအတွင်းသို့ အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၀ဦး နှင့် လိုက်ပါပို့ဆောင်သူ နှစ်ဦးကို ဖေဖော်ဝါရီ ၄ရက် နံနက် ၄နာရီခွဲက ဖမ်းဆီးရမိခဲ့ကြောင်း မင်းတုန်းမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

မင်းတုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မောင်၊ ဒုရဲအုပ်ကျော်လွင်ဖြိုးနှင့် တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မင်းတုန်းမြို့ ကန်လည်တံတားရဲကင်းဂိတ်တွင် ဖေဖော်ဝါရီ ၄ ရက် နံနက် ၂နာရီခန့်တွင် ယာဉ်တစ်စီးကို စစ်ဆေးနေစဉ် အခြားယာဉ်တစ်စီးက မောင်းတံဂိတ်ကိုတိုက်၍ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရမိခဲ့သည်။

ယာဉ်ပေါ်ပါသူများအား စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ယာဉ်နှစ်စီးနှင့်အတူ လိုက်ပါလာသည့် အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၀ ဦးနှင့် လိုက်ပါပို့ဆောင်သူနှစ်ဦးတို့ကို မင်းတုန်းမြို့နယ် ပုသိမ်-မုံရွာကားလမ်းမိုင်တိုင်အမှတ် ၂၀၆/၅ နှင့် ၂၀၆/၆ ကြား ကျီးကန်ကျေးရွာအနီး လျှိုထဲတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသည့် အထောက်အထားမဲ့ ဝင်ရောက်လာသူ အဘုရှေ အပါအဝင် ၁၀ ဦးနှင့် လိုက်ပါပို့ဆောင်သူယာဉ်မောင်း နှစ်ဦးကို ဥပဒေအရအရေးယူထားကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၈ ခုနှစ် တစ်နှစ်အတွင်း အထောက်အထားမဲ့ဝင်ရောက်လာသူ ၁၃၁ ဦးရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်အထိ ၃၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



မင်းတုန်းမြို့နယ်၌ ဖမ်းဆီးရမိသည့် အထောက်အထားမဲ့ဝင်ရောက်လာသူများကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၅-၂-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - အလှဖြူဝေ ကယားတို့ဌာနေ
- ၈း၃၅ - ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရ စာရေးဆရာကြီးများနှင့် စာပေစကားဝိုင်း
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - ဥပဒေရေးရာအဖြာဖြာ **သဲသဲလေးက လိမ္မာတယ်**
- ၁၁း၀၀ - ကန်ပက်လက်မြို့နယ် ညီအစ်ကိုများ၏ရိုးရာပလွေ ဂီတ
- ၁၁း၃၅ - People Talk "မူးယစ်ကင်းစင် မြန်ပြည်တစ်ခွင်"
- ၁၄း၃၀ - Yes or No Talk Show
- ၁၅း၀၀ - "မြေပြန့်တောင်ပေါ်ပင်လယ် တောင်တန်း"

**ညပိုင်း**

- ၁၆း၃၅ - "ထူးခြားထင်ရှား နောင်ချိုမြို့က ဂုတ်ထိပ်တံတား"
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - "နတ်မောက်သားအာဇာနည်"
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၈၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပညာရေးစကားဝိုင်း "အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်း ဆိုင်ရာဆွေးနွေးပွဲ" (အပိုင်း-၁)
- - အနုပညာခန်းရိပ်သာ ဒါရိုက်တာအောင်မြင့်မြတ် **ဒါရိုက်တာဘဝ**
- - နိုင်ငံခြားဇာတ်လမ်းတွဲ **အိမ်ကြီးသခင်** (အပိုင်း-၄၃)

# သာပေါင်းမြို့နယ်၌ တောဆင်ရိုင်းအနင်းခံရ၍ အမျိုးသမီးတစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

သာပေါင်းမြို့နယ် ဘောမိကြိုးပြင်တောရွှေမိဂ္ဂဆုံအနီး၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီခွဲက အမျိုးသမီးတစ်ဦး တောဆင်ရိုင်းအနင်းခံရ၍ သေဆုံးနေကြောင်း သတင်းအရ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ သာပေါင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးသူမှာ သာပေါင်းမြို့နေ မယဉ်လွင်ဦး (၃၀ နှစ်) ဖြစ်ပြီး ၎င်းသည် တစ်မြို့တည်းနေ စိုးသက်ပိုင်(၂၉နှစ်)နှင့်အတူ ကျောက်ချောင်းကြီးကျေးရွာမှ နေအိမ်သို့ ဈေးရောင်းပြီး ဆိုင်ကယ်ဖြင့် ပြန်လာစဉ် ရွှေမိဂ္ဂဆုံအနီးအရောက်၌ တောဆင်ရိုင်းငါးကောင်ကို တွေ့ရှိသဖြင့် ဆိုင်ကယ်ကို ရပ်တန့်ထွက်ပြေးရာ စိုးသက်ပိုင်မှာ လွတ်မြောက်ခဲ့သော်လည်း မယဉ်လွင်ဦးမှာ ခြေချော်လဲကျပြီး တောဆင်ရိုင်း အနင်းခံရ၍ သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် သာပေါင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုင်းဆတ်၌ တရားမဝင်နေထိုင်သော ထိုင်းနိုင်ငံသား ၈၀ ဖမ်းဆီးရမိ

**မိုင်းဆတ် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် မိုင်းထလန်းအုပ်စု မိုင်းကန်ကျေးရွာ "ဝ" အထူးဒေသ(၂)ရှိ တည်းခိုခန်း နှစ်ခု၌ တရားမဝင် လာရောက်တည်းခိုနေသော ထိုင်းနိုင်ငံသား ၈၀ ကို ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းက ဖမ်းဆီးရမိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီက မိုင်းဆတ်မြို့နယ် မိုင်းထလန်းအုပ်စု မိုင်းကန်ကျေးရွာ "ဝ"အထူးဒေသ(၂)ရှိ နားယောင်းတည်းခိုခန်းနှင့် စင်းခမ်းတည်းခိုခန်းတို့တွင် ထိုင်းနိုင်ငံသားများ တရားမဝင် လာရောက်နေထိုင်ကြောင်း သတင်းအရ မိုင်းဆတ်မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးဝင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မိုင်းတွမ်နယ်မြေရဲစခန်းမှ ဒုရဲအုပ် လေးကိုကိုနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဖက်စလားကစ်ပါ အပါအဝင် အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၈၀ တို့ကို တွေ့ရှိသဖြင့် စစ်ဆေးရာ ဥပဒေမဲ့ အထောက်အထားမဲ့ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိသည်။ အဆိုပါ ဖမ်းဆီးရမိသည့် အထောက်အထားမဲ့ ဝင်ရောက်လာသူ ထိုင်းနိုင်ငံသား ၈၀ ကို မိုင်းတွမ်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



မိုင်းဆတ်မြို့နယ်၌ ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားများကို တွေ့ရစဉ်။

# မင်းလှမြို့နယ်၌ အထောက်အထားမဲ့ ဝင်ရောက်လာသူတစ်ဦး ဖမ်းဆီးရမိ

**မင်းလှ ဖေဖော်ဝါရီ ၄** - မင်းလှမြို့နယ်၌ အထောက်အထားမဲ့ဝင်ရောက်လာသူ တစ်ဦးကို ဖမ်းဆီးရမိသည်။ မင်းလှမြို့နယ်ရဲတပ်ဖွဲ့ လက်ပံတံခါးရဲကင်းစခန်းမှူးဒုရဲအုပ် သက်နိုင်ဦး ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် သတင်းအရ လုံခြုံရေးဆောင်ရွက်နေစဉ် မင်းလှမြို့နယ် သက္ကယ်မြောင်ကျေးရွာ အနောက်တောင်ဘက် သုံးဖာလုံခန့်အကွာ တောစပ်တွင် အထောက်အထားမဲ့ဝင်ရောက်လာသူ ကိုဆွင်(ခ)ကျော်နိုင်ကို ဖမ်းဆီးရမိခဲ့ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ- ၆(၂)/၆(၃)ဖြင့် အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဘူးသီးတောင်၌ မသင်္ကာသူတစ်ဦးအား ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ငါးတောင့်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၃ ရက်တွင် ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူတစ်ဦးအား ပစ္စတိုတစ်လက်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၃ ရက်က နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ဘူးသီးတောင်မြို့နယ် ညောင်ချောင်းနယ်မြေ ဖိုးခေါင်ချောင်းချောင်းစပ်အနီး မသင်္ကာသူ နှစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးရန် ခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ ၎င်းတို့ လွယ်ထားသော လွယ်အိတ်ကို ပစ်ချ၍ ထွက်ပြေးသွားခဲ့ကြောင်း၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ ပြိုင်းတောင်ကျေးရွာ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာတွင် ရွက်ညိုတောင် အလယ်ရွာနေ မာမောက်ဇူဘိုင် (၂၄ နှစ်) ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ ပစ်ချခဲ့သည့် လွယ်အိတ်အတွင်းမှ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထွက်ပြေးလွတ်မြောက်သွားသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဘူးသီးတောင်မြို့နယ်၌ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသူကို တွေ့ရစဉ်။

# တွံတေးတူးမြောင်းအတွင်း တရားမဝင် ကျွဲ ၁၁ ကောင် တင်ဆောင်လာသည့် ရေယာဉ်တစ်စင်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တွံတေးမြို့နယ် တွံတေး တူးမြောင်းအတွင်း မိုင်တိုင်(၁၆)မိုင်အနီး၌ ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၃)ရေကြောင်းရဲတပ်ဖွဲ့ခွဲ ရန်ကုန် မှ တပ်ဖွဲ့ဝင်များသည် မအူပင်မှ တွံတေးသို့ တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက်နေ အောင်ဆန်း(ခ)အောင်သန်း (၄၇ နှစ်) မောင်းနှင်လာသည့် ရေယာဉ်ပေါ်မှ တရားမဝင် ကျွဲ ၁၁ ကောင်ကို ဖမ်းဆီးရမိခဲ့သဖြင့် အောင်ဆန်း(ခ)အောင်သန်းကို တွံတေးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# လှိုင်မြို့နယ်၌ ကုမ္ပဏီဝန်ထမ်းအား ချွန်ထက်သောအရာဖြင့်ထိုးပြီး လွယ်အိတ်ကို ကောက်ယူသွားသူအား ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

လှိုင်မြို့နယ် ရတနာမွန်အိမ်ရာနေ မ------သည် ဇန်နဝါရီလ နောက်ဆုံးပတ်က ၎င်း၏ ကုမ္ပဏီရုံးမှ နေအိမ်သို့ ပြန်လာစဉ် ဓမ္မပါရဂူဘုန်းကြီးကျောင်းရှေ့ လမ်းထောင့်အရောက် အသက် ၂၀ ဝန်းကျင်ခန့်ရှိ လူငယ်တစ်ဦးက ချွန်ထက်သောအရာဖြင့် ထိုးလိုက်ရာ ဒဏ်ရာရရှိခဲ့ပြီး ၎င်း၏ လွယ်အိတ်မှာ ပြုတ်ကျကျန်ခဲ့သည်။ ၎င်းက ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီ တောင်း၍ ပြုတ်ကျကျန်ခဲ့သော အိတ်ကို သွားရောက်ကြည့်ရှုရာ မတွေ့ရှိတော့ဘဲ အိတ်အတွင်းပါရှိသော ဖုန်းနှစ်လုံး၊ ဘဏ်ငွေထုတ်ကတ် တစ်ကတ်၊ မှတ်ပုံတင်တစ်ခုတို့ ပျောက်ဆုံးသွားသဖြင့် အရေးယူပေးပါရန် ပိတောက်ချောင်းနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေး ဌာနစု၊ ပိတောက်ချောင်း နယ်မြေရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းစုံစမ်းခဲ့ရာ စက်ဆန်းရပ်ကွက်နေ မင်းခန့်ကျော်(ခ) ဘိုဘို ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်နေ မင်းခန့် ကျော်(ခ)ဘိုဘို (၁၇နှစ်) ကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းအား စစ်ဆေးရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဇန်းမော်ခရိုင်အတွင်း ပိုင်ရှင်မဲ့ကျွန်းသစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမော်ခရိုင် နမ့်ဖားအဆိုပြုကြိုးပြင်ကာကွယ်တောအတွင်းမှ သစ်တန်ချိန် ၂၂ ဒသမ ၁၄၀၆ တန်ရှိ ပိုင်ရှင်မဲ့ကျွန်းသစ်နှင့် ကျွန်းခွဲသား စုစုပေါင်း ၁၅၂၅ လုံး၊ ပတ်လွှသစ်ခွဲစက်ငယ် သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းက ဇန်းမော်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ တရားမဝင် သစ်ခိုးထုတ်နေသူများကို ဖမ်းဆီးရမိရေးနှင့် နယ်မြေရှင်းလင်းဆောင်ရွက်ခြင်းအား လုံခြုံရေးအခြေအနေအရ ဒေသခံတာဝန်ရှိသူများ၏ လုံခြုံရေးအကူအညီ ရယူ၍ ဆောင်ရွက်လျက်ရှိပြီး သိမ်းဆည်းရမိ သစ်နှင့် ဆက်စပ်ပစ္စည်းများကို လုံခြုံရာသို့ အမြန်ဆုံးသယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်လင်းနိုင်**

# ရေပူစစ်ဆေးရေးစခန်း၌ ယာဉ်စစ်ဆေးစဉ် ပိတောက်ခားရွေများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၃ ရက်က Toyota Wish ယာဉ်နှစ်စီးနှင့် ထော်လာဂျီယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၀ ဒသမ ၆၉ တန်၊ သစ်စေးတိုင် ၁ ဒသမ ၂၉ တိုင်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၁၃၃ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုပ်ရဟန်းမင်းကြီးဖရန်စစ် အာရပ်စော်ဘွားများပြည်ထောင်စုသို့ ပထမဆုံးအကြိမ်ရောက်ရှိ

အဘူဒါဘီ ဖေဖော်ဝါရီ ၄

**ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အစ္စလာမ်ဘာသာထွန်းကားရာ အာရေဗျကျွန်းဆွယ်ဆီသို့ ပုပ်ရဟန်းမင်းကြီးတစ်ပါး၏ ပထမဆုံး အကြိမ် ခရီးစဉ်အဖြစ် တနင်္ဂနွေနေ့တွင် အာရပ်စော်ဘွားများပြည်ထောင်စုသို့ ရောက်ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်း၌ ဖော်ပြခဲ့ သည်။**

ပုပ်ရဟန်းမင်းကြီးသည် ၄၈ နာရီကြာ ခရီးစဉ်အဖြစ် အဘူဒါဘီသို့ လေယာဉ်ခရီးစဉ်ဖြင့် ပျံသန်းရောက်ရှိခဲ့ပြီး အဆိုပါ ခရီးစဉ်အတွင်း အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဘုန်းတော်ကြီးများနှင့် တွေ့ဆုံကာ ကက်သလစ်ဘာသာဝင် ၁၃၅၀၀၀ တို့နှင့် လဟာပြင်၌ လူထုတွေ့ဆုံမှုတစ်ခု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကို အဘူဒါဘီ အိမ်ရှေ့မင်းသား ရှိတ်ခ်မိုဟာမက် ဘင်ဇေယက်က လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသည် အင်္ဂါနေ့တွင် ရောမသို့ လေယာဉ်ဖြင့် မပြန်မီ နာရီအနည်းငယ်အကြာတွင် အဘူဒါဘီရှိ အားကစားရုံတစ်ခု၌ အာရပ်စော်ဘွားများပြည်ထောင်စု၏ အကြီးဆုံးလူထုစုဝေးမှုကြီးတစ်ခုအဖြစ် လူထုကိုဦးဆောင်သွားမည်ဖြစ်ကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

အာရပ်စော်ဘွားများပြည်ထောင်စုက ယီမင်ရှိ ကာလရှည် စစ်ဆင်ရေးတစ်ခုတွင် ပါဝင်လာပြီး အိမ်နီးချင်း ကာတာနိုင်ငံနှင့် သံတမန်ရေးရာ တင်းမာမှုများဖြစ်ပွားနေချိန်တွင် ပုပ်ရဟန်းမင်းကြီး၏ အာရပ်နိုင်ငံခရီးစဉ် ပေါ်ထွက်လာခြင်းဖြစ်သည်။ ပင်လယ်ကွေ့နိုင်ငံများသို့ မထွက်ခွာမီ ပုပ်ရဟန်းမင်းကြီးသည် ယီမင်ရှိ ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့အစည်းများကို အပစ်ရပ်စဲရေးစာချုပ်အပေါ် လေးစားလိုက်နာကြရန် တိုက်တွန်းခဲ့သည်။ အာရပ်စော်ဘွားများပြည်ထောင်စုသည် ယီမင်၌ ဟူသီသူပုန်များနှင့် ပဋိပက္ခဖြစ်နေသည့်အစိုးရကို ကျောထောက်နောက်ခံပေးလျက်ရှိသည်။

ကာလကြာရှည်ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် ပြည်သူများ အားအင်ချည့်နဲ့ကာ ကလေးငယ်မြောက်မြားစွာတို့ ဆာလောင်နေရကြောင်း၊ သို့သော်လည်း အစာရေစာထောက်ပံ့မှု လုံလောက်စွာမရရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အာရပ်စော်ဘွားများပြည်ထောင်စုသို့ ပုပ်ရဟန်းမင်းကြီးရောက်ရှိလာမှုကို ဘာသာရေးဆိုင်ရာလွတ်လပ်မှု သမိုင်းဝင် အခိုက်အတန့်တစ်ခုအဖြစ် ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကို အဘူဒါဘီအိမ်ရှေ့မင်းသား ရှိတ်ခ်မိုဟာမက် ဘင်ဇေယက်နှင့်အတူ တွေ့ရစဉ်။

# ဩစတြေးလျရေကြီးမှုနှင့်အတူ မိကျောင်းများပါ လမ်းမပေါ်ရောက်လာ



**ဆစ်ဒနီ ဖေဖော်ဝါရီ ၄**

ဩစတြေးလျ နိုင်ငံတွင် ရာစုနှစ်အတွင်းအဆိုးရွားဆုံးအကြိမ်အဖြစ် ရေကြီးမှုဖြစ်ပေါ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများ ကူညီဖြေရှင်းပေးရန်အတွက် ဩစတြေးလျတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားကြောင်း သိရသည်။ ဆိုးရွားလှသည့် ရေကြီးမှုကြောင့် နိုင်ငံအရှေ့မြောက်ပိုင်းရှိ နေအိမ်များ၊ ကျောင်းများ၊ လေဆိပ်များကို ရေဝင်ရောက်ခဲ့ပြီး လူပေါင်းရာနှင့်ချီကာ ထွက်ပြေးခဲ့ရသည့်အပြင် ရေနှင့်အတူ မိကျောင်းများလည်း လမ်းမများပေါ် ရောက်ရှိလာခဲ့သည်။ ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့သည် သဲအိတ်ပေါင်း ၇၀၀၀၀ ခန့်ကို ပို့ဆောင်ပေးခဲ့ပြီး ကုန်းပေါ်၊ ရေပေါ် သွားနိုင်သည့် ယာဉ်များကိုပါ ချထားပေးခဲ့သည်။

ကွင်းစလန်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနေပြီး အိမ်ခေါင်မိုးပေါ်တွင်တက်နေရသည့် ဒေသခံများကိုလည်း ကယ်ထုတ်ခဲ့ရသည်။ ဩစတြေးလျနိုင်ငံမြောက်ပိုင်းတွင် မုတ်သုံကာလ၌ မိုးသည်းထန်စွာရွာသွန်းမှုမျိုး မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ တနင်္ဂနွေနေ့နှောင်းပိုင်းတွင် အဓိကဆည်တစ်ခု၏ ရေလွှဲပေါက်များကို ဖွင့်ပေးလိုက်ရသည့်အတွက် ဆိုးရွားသည့်ရေကြီးမှုဖြစ်ပေါ်လာခဲ့ရသည်။

ဒေသခံများသည် ရေကြီးမှုတစ်ခုတည်းကိုပင် အန်တုနေရသည်မဟုတ် မြေပြိုမှုများ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် လမ်းမများထက်တွင် မိကျောင်းများရောက်လာသည့်အန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသည်။။ ကွင်းစလန်း ပြည်နယ်ရဲများက ဒေသခံများကို ရေထဲတွင်မနေကြရန် သတိပေးမှုထုတ်ပြန်ထားသည်။

**အေအက်ဖ်ပီ**

လမ်းမပေါ်သို့ ရောက်လာသည့် မိကျောင်းတစ်ကောင်ကို တွေ့ရစဉ်။

# အမေရိကန်-မက္ကဆီကိုနယ်စပ်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၃၇၅၀ ခန့် ပို့ဆောင်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အမေရိကန် -မက္ကဆီကိုနယ်စပ်တွင် နယ်စပ်လုံခြုံရေးကိစ္စများ ပိုမိုတက်ကြွစွာ ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၇၅၀ ခန့်ကို သုံးလကြာ တပ်ဖြန့်ချသွားမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က တနင်္ဂနွေနေ့တွင်ကြေညာခဲ့သည်။ အမေရိကန်အကောက်အခွန်နှင့် နယ်စပ်လုံခြုံရေးအတွက် အားဖြည့်သွားရန် ရည်ရွယ်ထားခြင်းဖြစ်ပြီး ယခုအခါ တပ်ဖြန့်ချထားသည့် တပ်ဖွဲ့ဝင်ပေါင်း ၄၃၅၀ ခန့် ရှိလာပြီဖြစ်သည်။

ယခု အသစ်ထပ်မံတပ်ဖြန့်ချထားသည့်အဖွဲ့ကို ရက်ပေါင်း ၉၀ခန့် တာဝန်ချထားမည်ဖြစ်ပြီး အမေရိကန်တောင်ပိုင်း နယ်စပ်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် အဆိုပါတပ်ဖွဲ့၏ စွမ်းဆောင်ရည်တို့ကို အကဲဖြတ်သွားမည်ဖြစ်သည်ဟု ပင်တဂွန်၏ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

နယ်စပ်လုံခြုံရေးရန်ပုံငွေအတွက် လွှတ်တော်နှစ်ရပ်တွင် သဘော တူညီမှုရရှိရေး ကြိုးစားနေစဉ် ယခုလိုကြေညာမှုမျိုး ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အကယ်၍ နယ်စပ်တံတိုင်းကာရံရန်အတွက် ရန်ပုံငွေချထားပေးရန် လွှတ်တော်မှသဘောမတူလျှင် နိုင်ငံတော်အရေးပေါ် အခြေအနေ ကြေညာချက် ထုတ်ပြန်သွားမည်ဟု အဆိုပြုထားသည်။

အိမ်ဖြူတော်နှင့် လွှတ်တော်မှဒီမိုကရက်များက နယ်စပ်တွင်တံတိုင်းကြီးတည်ဆောက်ရန် ရန်ပုံငွေအတွက် သဘောတူညီချက် မရခဲ့ခြင်းကြောင့် ရက်ပေါင်း ၃၅ ရက်ကြာ အစိုးရယန္တရားအချို့ ရပ်ဆိုင်းသွားခဲ့ရပြီး ပြီးခဲ့သည့်ဒီဇင်ဘာ ၂၅ ရက်ကမှ ယန္တရားအချို့ ပြန်လည် လည်ပတ်နိုင်ခဲ့သည်။ ယခုအသစ် ထပ်မံစေလွှတ်မည့် တပ်ဖွဲ့အသစ်သည်လည်း နယ်စပ်၌ အတားအဆီးများ လုပ်ဆောင်ရာတွင်လည်းကောင်း၊ ကင်းလှည့်စောင့်ကြည့်ရာတွင် လည်းကောင်း၊ နယ်စပ်ကိုစောင့်ကြည့်ရာတွင်လည်းကောင်း အထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဥရောပနိုင်ငံများကပေးသည့် ရာဇသံကို ဗင်နီဇွဲလားသမ္မတ မာဒူရို ပယ်ချ

**ကရာကတ် ဖေဖော်ဝါရီ ၄**

ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုသည် ဥရောပနိုင်ငံများက ပေးထားသော ရာဇသံဖြစ်သည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန်ကိစ္စကို တနင်္ဂနွေနေ့က ငြင်းပယ်လိုက်သည်။ ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက သူ့ကိုယ်သူ လက်တင်အမေရိက၏ တရားဝင်ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားသည်ဟု ကြေညာပြီးသည့်နောက်ပိုင်း မာဒူရိုက ပြန်လည်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။



ဗင်နီဇွဲလားတပ်ဖွဲ့ဝင်များကို သမ္မတမာဒူရို မိန့်ခွန်းပြောကြားနေစဉ်။

ဥရောပသမဂ္ဂအဖွဲ့ဝင် ခုနစ်နိုင်ငံက မာဒူရိုကို တနင်္ဂနွေနေ့တွင် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် ရက်သတ်မှတ်ပေးခဲ့သည်။ ထိုသို့ မလုပ်ပါက အသက် ၃၅ နှစ်အရွယ် ဂျူအန်ဂွိုက်ဒိုကို ကြားဖြတ်သမ္မတအဖြစ် အသိအမှတ်ပြုမည်ဟု ရာဇသံပေးခဲ့သည်။ သို့သော် မာဒူရိုက စပိန်ရုပ်သံလိုင်းနှင့် အင်တာဗျူးတွင် ဘာကြောင့် ဥရောပနိုင်ငံတွေက ရွေးကောက်ပွဲလုပ်ပြီးသားနိုင်ငံကို ထပ်ပြီး ရွေးကောက်ပွဲ လုပ်ခိုင်းရတာလဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့မဟာမိတ်လက်ယာယိမ်းတွေ အနိုင်မရတာကြောင့် ဒီလိုလုပ်ခိုင်းရတာဟု မာဒူရိုက ဖြေကြားခဲ့သည်။ မိမိတို့ကို ချောင်ထဲမှာ ပိတ်မိနေအောင် ဖိအားပေးနေခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ သမ္မတမာဒူရိုက အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို လူချင်းတွေ့ပြီး ဆွေးနွေးရန် တောင်းဆိုထားသော်လည်း ဂျူအန်ဂွိုက်ဒိုဘက်က ငြင်းဆိုထားသည်။

**အေအက်ဖ်ပီ**

# တောင်ကိုရီးယားမှ ကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်အစီအစဉ်မရှိဟုဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနျူကလီးယား ဖျက်သိမ်းရေးအတွက် တောင်ကိုရီးယားရှိ ၎င်း၏တပ်ဖွဲ့ဝင်များကို လျှော့ချရန်သော်လည်းကောင်း၊ ရုပ်သိမ်းသွားရန်သော်လည်းကောင်း အစီအစဉ်မရှိဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။ စီအက်စ်ဘီနှင့်ပြုလုပ်သော အင်တာဗျူးအစီအစဉ်တွင် သမ္မတထရမ့်က မြောက်ကိုရီးယားသည် စီးပွားရေးအရဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။ သို့သော် လက်ရှိအခြေအနေကို မပြောင်းလဲဘဲ မဖြစ်နိုင်ကြောင်း ထရမ့်က ဆက်ပြောသည်။ တောင်ကိုရီးယားတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက် ထားရှိခြင်းရှိ မရှိမေးမြန်းရာတွင် ထရမ့်က အင်အားလျှော့ချရန် အစီအစဉ်မရှိသကဲ့သို့ ဆွေးနွေးထားခြင်းမျိုးလည်းမရှိကြောင်း ဖြေကြားခဲ့သည်။ သို့သော် တစ်နေ့နေ့တွင်တော့ ဖြစ်လာနိုင်သည်ဟု ပြောခဲ့သည်။

မြောက်ကိုရီးယားနှင့် နျူကလီးယားလက်နက်ကင်းစင်ရေးတွင် ညှိနှိုင်းသည့်အနေဖြင့် တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို လျှော့ချခြင်းမျိုးရှိနိုင်သည်ဟု ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။ အမေရိကန်သမ္မတထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ဒုတိယအကြိမ်တွေ့ဆုံမှုမှာ ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ဖြစ်နိုင်ခြေရှိသည် ဟု ခန့်မှန်းထားသည်။ ဒုတိယအကြိမ်တွေ့ဆုံမှုအတွက် ပြင်ဆင်မှုများ ပြုလုပ်ရန် မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးသံအမတ် စတီဖင်ဘီဂန်သည် ယခု တောင်ကိုရီးယားသို့ ရောက်ရှိနေသည်။ ၎င်းသည် ပန်မွန်ဂျုံးကျေးရွာတွင် မြောက်ကိုရီးယားဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသွားရန်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### တူနီးရှား၌ စာသင်ကျောင်းတစ်ကျောင်း ပိတ်သိမ်း

**တူးနစ် ဖေဖော်ဝါရီ ၄**

တူနီးရှား၌ စာသင်ကျောင်းတစ်ကျောင်းကို အကြမ်းဖက်ဝါဒ အားပေးလှုံ့ဆော်မှုများ တွင် ပါဝင်ပတ်သက်နေသည်ဟုဆိုကာ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပိတ်သိမ်းလိုက်ကြောင်း တူနီးရှားပြည်ထဲရေးဝန်ကြီးဌာနက ဖော်ပြသည်။

အယ်လ်ရီကွက်ဘ်မြို့ရှိ ဘာသာရေးကျောင်းတစ်ကျောင်းကို ပိတ်သိမ်းလိုက်ခြင်းဖြစ်ပြီး အဆိုပါကျောင်းကို အကြမ်းဖက်လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်း ရှိမရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါစာသင်ကျောင်း၌ ဆိုးရွားစွာ ပြုမူဆက်ဆံခံခဲ့ရပြီး ခေါင်းပုံဖြတ်ခံရသည့် ကလေးငယ်များနှင့် ဆယ်ကျော်သက်များကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ ၎င်းတို့အနက် အသက် ၁၀ နှစ်မှ ၁၈ နှစ်အရွယ်ရှိ ကျောင်းသား ၄၂ ဦး ပါဝင်ပြီး ၁၈ နှစ်မှ ၃၅ နှစ်ကြားအရွယ် ၂၇ ဦး ပါဝင်ကြောင်း၊ ကျောင်းသားလူငယ်များမှာ ကျန်းမာရေးစောင့်ရှောက်မှုမရသည့်အပြင် လုံခြုံမှုလည်းမရှိသည့် အမိုးအကာအောက်တွင် နေထိုင်ရကြောင်းသိရသည်။

ဆင်ဟွာ

### အိုင်အင်န်အက်ဖ်မှ နုတ်ထွက်လိုက်သည့် အမေရိကန်၏ဆုံးဖြတ်ချက်ကို ဖိလစ်ပိုင်စိုးရိမ်

**မနီလာ ဖေဖော်ဝါရီ ၄**

ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဒယ်လ်ဖင်လိုရန်ဇာနာသည် အမေရိကန်နှင့် ရုရှားတို့ ၁၉၈၇ ခုနှစ်က ချုပ်ဆိုခဲ့သည့် တာလတ်ပစ် နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်(အိုင်အင်န်အက်ဖ်)မှ နုတ်ထွက်ရန် အမေရိကန်က ဆုံးဖြတ်လိုက်သည့်အပေါ် စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့ကြောင်း သိရသည်။

စစ်အေးခေတ်ကတည်းက ဥရောပလုံခြုံရေး၏ အချက်အချာတစ်ခု ဖြစ်ခဲ့သည့် ရုရှားနှင့် ချုပ်ဆိုထားသော နျူကလီးယားလက်နက်ထိန်းချုပ်ရေး သဘောတူစာချုပ်မှ နုတ်ထွက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုက ပြီးခဲ့သည့် သောကြာနေ့တွင် ကြေညာခဲ့သည်။ အမေရိကန်နည်းတူ ရုရှားကလည်း နုတ်ထွက်မည်ဟုဆိုသည်။

နှစ်နိုင်ငံလုံးက စာချုပ်မှ နုတ်ထွက်ခြင်းသည် စိုးရိမ်စရာကိစ္စဖြစ်ကြောင်း လိုရန်ဇာနာက ပြောကြားခဲ့သည်။ ယခုအချိန်တွင် မိမိတို့အားလုံး လုပ်နိုင်သည့်အရာမှာ အခြေအနေကို အနီးကပ်စစ်ဆေးထိန်းချုပ်ရန်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ထက်ထက်သန်သန် စောင့်ကြည့်သွားရန်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆင်ဟွာ

# အတိုက်အခံ သမ္မတနဲ့ လက်ရှိ သမ္မတတို့ အားပြိုင်မှုကြောင့် ဗင်နီဇွဲလားပဋိပက္ခ ကမ္ဘာ့အရေးမှာ သက်ဝင်လှုပ်ရှားလာ

**ထွန်းသစ်စ**

**ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက သူ့ကိုယ်သူ ယာယီသမ္မတအဖြစ်ကြေညာပြီးနောက်မှာ ကြားဖြတ်ရွေးကောက်ပွဲလုပ်ပေးဖို့ ဥရောပနိုင်ငံတွေက ပေးပို့လိုက်တဲ့ ရာဇသံကို လက်ရှိသမ္မတ နီကိုလပ်မာဒူရိုက ပယ်ချလိုက်တယ်လို့ လတ်တလောနိုင်ငံတကာသတင်းတွေမှာ တွေ့လိုက်ရပါတယ်။**

ဗင်နီဇွဲလားနိုင်ငံမှာ သမ္မတအပြောင်းအလဲအခြေအနေဟာ ကမ္ဘာ့အရေးမှာ သက်ဝင်လှုပ်ရှားစေပါတယ်။ ဗင်နီဇွဲလားအရေးဟာ လွယ်မယောင်နဲ့ ခက်သလို တိမ်မယောင်နဲ့ နက်နေတယ်လို့ ပြောရမလိုဖြစ်နေပါတယ်။ လက်တင် အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဗင်နီဇွဲလားနိုင်ငံဟာ စီးပွားရေး ယိုယွင်းလာမှုကြောင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုက အစပြုလို့ နိုင်ငံအတွင်း ဆူပူအုံကြွမှုတွေ ဖြစ်လာခဲ့တာပါ။

### အသိအမှတ်ပြုချင်

အတိုက်အခံဘက်က မိမိကိုယ်မိမိ သမ္မတအဖြစ် ကြေညာသူ ဂျူအန်ဂွိုက်ဒိုကလည်း သမ္မတမာဒူရို လက်ထက်မှာ စီးပွားရေးကျဆင်းတယ်လို့ထင်ကာ နိုင်ငံ့အခြေအနေမှာလည်း ရုပ်လုံးမကြွဖြစ်နေတယ်လို့ သုံးသပ်နေသလို ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲကိုလည်း သဘောကျဟန်မတူပါဘူး။ တစ်ဖက် မာဒူရိုကလည်း သူသာလျှင် တိုင်းပြည်ရဲ့သမ္မတ၊ သူသာလျှင် ရွေးကောက်ပွဲနိုင်ခဲ့သူဟုဆိုကာ ၂၀၂၅ မတိုင်မီအထိ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပမယ့် အရိပ်အယောင်တောင် မပြခဲ့ပါဘူး။ ဗင်နီဇွဲလားရဲ့နှစ်ဖက်တင်းမာနေတဲ့ အခြေအနေထဲကို အခုတော့ နိုင်ငံတကာအသိုင်းအဝိုင်းကပါ ဝင်ရောက်လာပြီဖြစ်ပါတယ်။ အတိုက်အခံ သမ္မတအဖြစ် ကြေညာသူ ဂျူအန်ဂွိုက်ဒိုကို အမေရိကန်သမ္မတကထောက်ခံခဲ့သလို နိုင်ငံခေါင်းဆောင်အတော်များများကလည်း ထောက်ခံခဲ့တယ်လို့ သိရပါတယ်။ ထို့အတူ ဂျူအန်ဂွိုက်ဒိုကလည်း နိုင်ငံတကာအသိုင်းအဝိုင်းက သူ့ကိုထောက်ခံပေးဖို့ လိုလားနေမှာပဲ ဖြစ်ပါတယ်။

အခုလတ်တလောမှာတော့ ဥရောပခုနစ်နိုင်ငံက မာဒူရိုကို လာမယ့်တနင်္ဂနွေနေ့မှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပဖို့ နောက်ဆုံးရက်သတ်မှတ်တောင်းဆိုခဲ့သလို သက်တမ်း ၃၅ နှစ်ရှိပြီဖြစ်တဲ့ အမျိုးသားလွှတ်တော်ရဲ့ဥက္ကဋ္ဌအဖြစ် သူ့ကိုယ်သူ သမ္မတအဖြစ် ကြေညာထားတဲ့ ဂျူအန်ဂွိုက်ဒိုကို အသိအမှတ်ပြုချင်နေတယ်လို့ ဆိုပါတယ်။

### အလျှော့ပေးမှာ မဟုတ်

ဥရောပနိုင်ငံအချို့ရဲ့ တောင်းဆိုမှုကို ပြောင်ပြောင်တင်းတင်းဖီဆန်ထားတဲ့ မာဒူရိုက စပိန်ရုပ်မြင်သံကြားတစ်ခုရဲ့ အင်တာဗျူးမှာ သူ့ကိုနုတ်ထွက်ပေးဖို့ တောင်းဆိုနေတဲ့သူတွေအပေါ် အလျှော့ပေးသွားမှာ မဟုတ် ဘူးလို့ ပြောခဲ့ပါတယ်။

“ဘာကြောင့်များ ဥရောပသမဂ္ဂက ရွေးကောက်ပွဲကျင်းပပြီးတဲ့ ကမ္ဘာ့နိုင်ငံတစ်နိုင်ငံကို ထပ်ပြီး ရွေးကောက်ပွဲပြုလုပ်ဖို့ ပြောနေတာပါလိမ့်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့မဟာမိတ်တွေ မနိုင်လို့ထင်တယ်”ဟု မာဒူရိုက ပြောပါတယ်။

“သူတို့တွေက ကျုပ်တို့ကို ရာဇသံတွေပေးပြီး ထိပ် တိုက်တွေ့ဆုံမှုတွေ ဖြစ်နေအောင် လုပ်နေတာလား”လို့လည်း မာဒူရိုက ထပ်မံပြောလိုက်ပါတယ်။

### တရားမဝင်ဘူး

ပြီးတော့လည်း မာဒူရိုက သူ့ကိုယ်သူ ဗင်နီဇွဲလားသမ္မတအဖြစ် ကြေညာထားသူ ဂွိုက်ဒိုကို မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးဖို့ တိုက်တွန်းလိုက်ပါတယ်။ သို့သော်လည်း ဂွိုက်ဒိုက သူ့ရဲ့ကမ်းလှမ်းချက်ကို ရှေးမတိုင်မီကပဲ ငြင်းဆန်ထားတယ်လို့ သိရပါတယ်။

ဂွိုက်ဒိုက မာဒူရိုရဲ့သမ္မတဖြစ်မှုဟာ တရားမဝင်ဘူးလို့ ပြောလိုက်ပါတယ်။ ပြစ်ချက်များနဲ့ ပြည့်နေတဲ့ ရွေးကောက်ပွဲကြောင့်လို့ ဆိုပါတယ်။ ပြီးတော့ ဂွိုက်ဒိုက အစိုးရတစ်ရပ်ပြောင်းလဲဖို့နဲ့ ရွေးကောက်ပွဲသစ်လုပ်ပေးဖို့ တောင်းဆိုထားပါတယ်။

### ကူညီပါဦး

အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျနဲ့ များစွာသော လက်တင်အမေရိကနိုင်ငံများကပါ နိုင်ငံခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားတဲ့ ဂွိုက်ဒိုဟာ တပ်မတော်ကိုလည်း စီးပွားရေးကြောင့် နာလန်မထူနိုင်တဲ့ နိုင်ငံကို ကူညီဖို့ တိုက်တွန်းပြောကြားလိုက်ပါတယ်။

မိမိတို့ရဲ့အာဏာကို ပဋိပက္ခအကျပ်အတည်းတွေ ဖြေရှင်းတဲ့နေရာမှာ ကျင့်သုံးဖို့လိုကြောင်း။ ဒီမိုကရေစီကို ပြန်လည်ထိန်းသိမ်းရမှာဖြစ်ပြီး လွတ်လပ်ရေးရအောင် စွမ်းဆောင်ရမှာဖြစ်ကြောင်း သူက ဖေဖော်ဝါရီ ၃ ရက်က တွစ်တာမှာ ပြောခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေရောက်ရှိလာမယ့်ရက်ကို သူ့အနေနဲ့ ပြောကြားသွားမယ်လို့လည်း မျှော်လင့်ထားပါတယ်။ ဗင်နီဇွဲလားနိုင်ငံမှာ လူပေါင်းသုံးသိန်းလောက် အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းတွေ လိုအပ်နေတယ်လို့ သူက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မှာကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရေနံနဲ့ ချမ်းသာတဲ့ နိုင်ငံတွေအနက် ဆင်းရဲတွင်းနက်နေတဲ့ ဗင်နီဇွဲလားနိုင်ငံရဲ့ အကျပ်အတည်းတွေနဲ့ ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာကြားဝင်မှုတွေ ဆောင်ရွက်မယ့် သဘောရှိပါတယ်။

### ဂွိုက်ဒိုနဲ့အတူ

အမေရိကန် ဒုသမ္မတ မိုက်ပန့်စ်ကလည်း ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားသမ္မတအဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက အသိအမှတ်ပြုပေးဖို့နဲ့ လွတ်မြောက်ရေးဘက်မှာ ရပ်တည်ကြဖို့ အမေရိကန်ပြည်ထောင်စုက တိုက်တွန်းကြောင်း ပြောကြားလိုက်ပါသေးတယ်။

နိုင်ငံရေးတင်းမာမှုတွေ တစ်နေ့တခြား မြင့်မားလာတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ လက်ရှိသမ္မတ နီကိုလပ်မာဒူရိုနဲ့ ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့ရဲ့အာဏာယှဉ်ပြိုင်မှုဟာ တစ်နေ့တခြား ကြီးမားလာနေတယ်ဆိုတာ ငြင်းမရပါဘူး။

အမေရိကန်ပြည်ထောင်စုအနေနဲ့ ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင်ဘက်မှာ ရပ်တည်နေကြောင်း အမေရိကန်ဒုသမ္မတ မိုက်ပန့်စ်က ထပ်လောင်းပြောကြားခဲ့ပါသေးတယ်။ ထို့အတူ ဗင်နီဇွဲလားနိုင်ငံမှာ လွတ်လပ်မှု ပြန်လည်ရရှိလာတဲ့အထိ အမေရိကန်အစိုးရအနေနဲ့ ဗင်နီဇွဲလားပြည်သူတွေနဲ့အတူ ရပ်တည်သွားမှာဖြစ်ကြောင်း ဒုသမ္မတ မိုက်ပန့်စ်ကဆိုပါတယ်။

ထိပ်တန်းလေတပ်ဗိုလ်ချုပ်ကြီးတစ်ဦး ဂွိုက်ဒိုဘက်မှာ ရပ်တည်ကြောင်း လူသိရှင်ကြားကြေညာပြီးနောက် ဖေဖော်ဝါရီ ၃ ရက် အစောပိုင်းမှာ မာဒူရိုက စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်တွေကို နိုင်ငံရဲ့ကမ်းရိုးတန်းအရှေ့မြောက်မှာ စစ်ရေးလေ့ကျင့်မှုလုပ်ဖို့ မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အတိုက်အခံအုပ်စုက “နိုင်ငံကို နိုင်ငံခြားသားလွှမ်းမိုးမှုနဲ့ ပြိုကွဲအောင်လုပ်နေတယ်”လို့ မာဒူရိုက တပ်ဖွဲ့ဝင်တွေကို ပြောခဲ့ပါတယ်။

ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနဲ့ စပိန်နိုင်ငံစသည်တို့ပါဝင်တဲ့ ဥရောပခုနစ်နိုင်ငံက မာဒူရိုကို ရွေးကောက်ပွဲ ပြုလုပ်ပေးဖို့ ရှစ်ရက်တာ အချိန်ပေးခဲ့ပါတယ်။ ရှစ်ရက်အတွင်းမှာ ရွေးကောက်ပွဲ မပြုလုပ်ပေးဘူးဆိုရင် ဂျူအန်ဂွိုက်ဒိုကို မာဒူရိုနေရာမှာ အစားထိုးမယ်လို့ ပြင်သစ်နိုင်ငံရဲ့ ဥရောပရေးရာဝန်ကြီး နာတာလီလွိုက်ဆီက ပြင်သစ်မီဒီယာကို ပြောခဲ့ပါတယ်။

### အားပြိုင်မှု

မာဒူရိုရဲ့အရင်နောင်တော်ကြီး ဟူဂိုချာဗက်နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ပါတယ်။ မာဒူရိုလက်ထက်မှာ နိုင်ငံဟာ စီးပွားရေးနဲ့ပတ်သက်ပြီး ယိုယွင်းလာခဲ့ပါတယ်။ စီးပွားရေးယိုယွင်းလာတဲ့ ဗင်နီဇွဲလားနိုင်ငံဟာ ကုန်ဈေးနှုန်းတွေ ခေါင်ခိုက်အောင် ကြီးလာပြီး အစားအစာတွေနဲ့ ဆေးဝါးတွေလည်း ပြတ်တောက်ခဲ့ပါတယ်။

အခုတော့ အတိုက်အခံသမ္မတနဲ့ လက်ရှိသမ္မတတို့ရဲ့အားပြိုင်မှုဟာ ဘယ်သူနိုင်လို့ ဘယ်သူရှုံးမလဲဆိုတာတော့ လေ့လာစောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ သို့သော်လည်း ဂျူအန်ဂွိုက်ဒိုကတော့ နိုင်ငံကို ပြောင်းလဲချင်သူတစ်ယောက် ဖြစ်လေတော့ သူသာသမ္မတဖြစ်ခဲ့မယ်ဆိုရင် ဗင်နီဇွဲလားနိုင်ငံကြီး ဘယ်လိုများဖြစ်လာမလဲဆိုတာ သိချင်နေမိပါတယ်။

> **“နိုင်ငံရေးတင်းမာမှုတွေ တစ်နေ့တခြား မြင့်မားလာတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ လက်ရှိသမ္မတ နီကိုလပ်မာဒူရိုနဲ့ ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုတို့ရဲ့ အာဏာယှဉ်ပြိုင်မှုဟာ တစ်နေ့တခြား ကြီးမားလာနေတယ်ဆိုတာ ငြင်းမရပါဘူး”**



ရွေးကောက်ပွဲစောကျင်းပဖို့ တောင်းဆိုနေသော ဗင်နီဇွဲလား အတိုက်အခံထောက်ခံ ပြည်သူများ

ကိုးကား-အေအက်ဖ်ပီ

# မုံရွာ၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၄

**မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ မြန်မာနိုင်ငံကိုယ်စားပြု (စစ်ကိုင်းတိုင်းဒေသကြီး) အားကစားနှင့် ကာယပညာသိပ္ပံ အမျိုးသမီးအသင်းနှင့် အိန္ဒိယနိုင်ငံကိုယ်စားပြု မဏိပူရ်ပြည်နယ်(ခ) အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (စစ်ကိုင်းတိုင်းဒေသကြီး) အားကစားနှင့် ကာယပညာသိပ္ပံ အမျိုးသမီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။**

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ Mr. Shri Y. Khemchand Singh က အမှာစကားပြောကြားသည်။

ပြိုင်ပွဲမစတင်မီ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Mr. Nandan Singh Bhaisora နှင့် တာဝန်ရှိသူများက နှစ်ဖက်အသင်းမှ အားကစားသမားများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးဘောလုံးဒိုင်လူကြီးများအား လိုက်လံနှုတ်ဆက်ကြသည်။

ယှဉ်ပြိုင်ကစားမည့် နှစ်နိုင်ငံ ဘောလုံးအားကစားသမားများအား မုံရွာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသူများက အမှတ်တရ ပန်းစည်းများပေးအပ်ကြပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲအပြီးတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသော မြန်မာနိုင်ငံကိုယ်စားပြု (စစ်ကိုင်းတိုင်းဒေသကြီး)အားကစားနှင့် ကာယပညာသိပ္ပံ အမျိုးသမီးအသင်းအား ပထမတံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီနာယက ဒေါ်တင့်တင့်နှင့် အိန္ဒိယနိုင်ငံ ကိုယ်စားပြု မဏိပူရ်ပြည်နယ်(ခ) အမျိုးသမီးအသင်းအား ဒုတိယဆုဖလားကို တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်မာမာဝင်းတို့က ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**



ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် အမျိုးသမီးအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ဘုရားသုံးဆူမြို့ အနန်းကွင်းကျေးရွာတွင် ၂၄ နာရီ ဓာတ်အားရရှိ

**ဘုရားသုံးဆူ ဖေဖော်ဝါရီ ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အနန်းကွင်းကျေးရွာတွင် ၄၀၀ ကေဗွီ Hybrit Micro-Grid System ဖြင့် ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် Solar Firm ဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်က ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကာ KNU ကရင်အမျိုးသားအစည်းအရုံးမှ ဦးမောင်ရွှေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် MREF Power Co.Ltd မှ Mr.Dous Hymas၊ Mr.Nicholas Woffinden နှင့် Sula Tech Solutions Co., Ltd ၏ CEO ဖြစ်သူ ဦးသူရိန်လွင်တို့က ဓာတ်အားဖြန့်ဖြူးရေးစနစ် ဖြစ်မြောက်ရေးနှင့် တည်ဆောက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ Mr.Dous Hymas နှင့် ဦးသူရိန်လွင်တို့က ၄၀၀ ကေဗွီ Hybrit Micro-Grid System အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဓာတ်အားဖြန့်ဖြူးရေးစနစ်များကို လိုက်လံကြည့်ရှုခဲ့ကြသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ၄၀၀ ကေဗွီ Hybrit Micro-Grid System ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အနန်းကွင်းကျေးရွာသည် အိမ်ခြေပေါင်း ၄၀၀ ခန့်ရှိပြီး ဖွင့်ပွဲကျင်းပသည့်နေ့တွင် အိမ်ခြေပေါင်း ၃၂၈ လုံးကို တစ်ယူနစ်လျှင် ငွေကျပ် ၂၅၀ နှုန်းဖြင့် ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးပေးနေပြီဖြစ်ရာ ဒေသခံပြည်သူများ လျှပ်စစ်ကို အခြေခံ၍ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရန် အတွက် အကျိုးရှိစွာ အသုံးချနိုင်တော့မည် ဖြစ်သည်။

ကရင်ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်ရှိသည့်အနက် ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီးမြို့နယ်များသာ ၂၄ နာရီ ဓာတ်အားရရှိနေသေးကြောင်း၊ ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ JICA Loan တို့ဖြင့် ခွဲဝေခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစိုးရလက်ထက်တွင် ကျုံဒိုး၊ မြိုင်ကြီးငူ၊ ကမမောင်း၊ ပိုင်ကျုံ၊ ဘောဂလိ၊ လိပ်သိုနှင့် ကော့လုံကျွန်းဒေသများကို နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်များကို ဒီဇယ်လောင်စာသုံး ဓာတ်အားပေးစက်ဖြင့် အချိန်ပိုင်း ဖြန့်ဖြူးပေးနေကြောင်း၊ မော်လမြိုင်-မြဝတီ ၂၃၀ ကေဗွီ၊ မြဝတီ- ကော့ကရိတ် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးပါက နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းချိုသာစွာဖြင့် ပြည်နယ်တစ်ခုလုံး အပြည့်အဝရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အခြေခံလျှပ်စစ်ပညာသင်တန်း ဖျာပုံမြို့၌ ဖွင့်လှစ်

**ဖျာပုံ ဖေဖော်ဝါရီ ၄**

စက်မှုဝန်ကြီးဌာန အမှတ်၂ စက်မှု သင်တန်းကျောင်း (မန္တလေး)နှင့် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့်အသက်မွေးပညာ လျှပ်စစ်အခြေခံပညာ ရွေ့လျားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်က ဆရာ ဇော်ဂျီ ရာပြည့်စာကြည့်တိုက်တိုးချဲ့ဆောင်သစ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်းက အမှာစကားပြောကြားပြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးဦးကျော်စွာဦးက စက်မှုသင်တန်းကျောင်းမှ နိုင်ငံတစ်ဝန်း အသက်မွေးသင်တန်းများ ဖွင့်လှစ်ထားရှိမှုများ၊ လက်ရှိဖွင့်လှစ်သည့် သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက လက်ရှိ ဆရာဇော်ဂျီစာကြည့်တိုက်၏ လုပ်ငန်းလည်ပတ်နေမှုအခြေအနေ၊ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး သင်တန်းကို စက်မှုသင်တန်းကျောင်း(မန္တလေး)မှ နည်းပြဆရာ ဆရာမများက သင်တန်းပို့ချခဲ့သည်။

သင်တန်းကို ဖျာပုံမြို့နယ်အတွင်းမှ သင်တန်းသား ၅၅ ဦးတက်ရောက်လျက်ရှိပြီး သက်တန်းကာလတွင် အခြေခံလျှပ်စစ်ပညာများကို ၁၄ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# ကလေးဝမြို့တွင် ၂၄ နာရီ လျှပ်စစ်မီးလင်းခြင်း အောင်ပွဲအထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

**ကလေးဝ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မဟာဓာတ်အားလိုင်းမှ ၂၄ နာရီလျှပ်စစ်မီးလင်းခြင်းအောင်ပွဲ အထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ယနေ့ နံနက်က စတင်၍ ချင်းတွင်းမြစ်အတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါလှေလှော်ပြိုင်ပွဲသည် အထက်ချင်းတွင်းဒေသတွင် တစ်ခုတည်းသောပြိုင်ပွဲဖြစ်ပြီး မင်းကင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်တို့မှ လာရောက်၍ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၁သင်း၊ အမျိုးသမီးအသင်း ရှစ်သင်းတို့က ချင်းတွင်းမြစ်အတွင်း၌ မြန်မာရိုးရာအနုစ်သာရပါပါ တံခွန်စိုက်ဒိုင်းဆုကြီးအပါအဝင် ဆုတံဆိပ်များနှင့် ငွေသားဆုများ ဆွတ်ခူးနိုင်ရေး၊ ဒေသဂုဏ်ဆောင်နိုင်ရေးတို့အတွက် ပါဝင်ယှဉ်ပြိုင်ကြသည်။ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို စတင်ကျင်းပနိုင်ရန်အတွက် ကလေးခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လှေလှော်ပြိုင်ပွဲကျင်းပရေးကော်မတီနာယက ဦးကိုကိုနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ လှေပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပေါက်ဇော်၊ မြို့မိမြို့ဖ ဦးတင်ဆန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ၂၄ နာရီ မီးရရှိရေးအတွက် ၆၆ကေဗွီ ရာဇဂြိုလ်- ကလေး- ကလေးဝ ဓာတ်အားလိုင်း ၄၈ ဒသမ ၉၆ မိုင်လိုင်းဆွဲခြင်းနှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ကလေးဝမြို့တွင်းသို့ ၂၄ နာရီ ဓာတ်အားပို့လွှတ်နေပြီဖြစ်ကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**



ကလေးဝမြို့ လျှပ်စစ်မီးလင်းခြင်း အထိမ်းအမှတ် ချင်းတွင်းမြစ်တွင်း လှေလှော်ပြိုင်ပွဲ ကျင်းပနေစဉ်။

# ပခုက္ကူမြို့၌ နိုင်ငံခြားပညာတော်သင်ဆုနှင့် တက်ရောက်နည်းအကြောင်း ဆွေးနွေး



ပခုက္ကူမြို့မှ ကျောင်းသား၊ လူငယ်များ တက်ရောက်ဆွေးနွေးကြစဉ်။

**ပခုက္ကူ ဖေဖော်ဝါရီ ၄**

Social Care Volunteer Group (SCVG)မှ ဦးဆောင်၍ လူငယ်များအတွက် အခွင့်အလမ်းသစ်တစ်ခုဖြစ်စေမည့် နိုင်ငံခြားပညာတော်သင်များဆုနှင့် တက်ရောက်နည်းအကြောင်းကို ယမန်နေ့က ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဆွေးနွေးကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးမှ စီမံချက်အရာရှိ ဒေါ်မေမြင့်သူနှင့် စီမံချက်လက်ထောက် ဦးဖိုးဒွေးတို့ကနိုင်ငံခြားပညာတော်သင်လျှောက်ထားနည်းများနှင့် တက်ရောက်နည်းအကြောင်း ဆွေးနွေးပွဲပြုလုပ်ရခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး Social Care Volunteer Group (SCVG)မှ Resource Pool Member ဒေါ်မေဖြိုးခိုင်က နယူးဇီလန်တွင် လူငယ်များရရှိနိုင်သည့်နိုင်ငံခြား ပညာတော်သင်ဆုအကြောင်း၊ Online Application ဖြင့် လျှောက်ထားနည်းအကြောင်း၊ Postgraduate Certificate (6 months)၊ Postgraduate Diploma (1 year)၊ Masters Degree (1-2 years)၊ PhD(up to 3.5 years )စသည့်သင်တန်းများတက်ရောက်နည်းအကြောင်း၊ နယူးဇီလန်နိုင်ငံတွင် ပညာတော်သင်ဆုအတွက် သင်ကြားချိန်တွင် တွေ့ကြုံရမည့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အကြောင်း၊ အစားအစာများအကြောင်း၊ ကြိုတင်ပြင်ဆင်နည်းများအကြောင်းများနှင့် ပညာတော်သင်ဆုအတွက် တက်ရောက်သင်ကြားခြင်းဖြင့် ပညာအရည်အချင်းမြင့်မားခြင်း၊ ခေါင်းဆောင်မှု အတတ်ပညာများမြင့်တက်လာခြင်းအကြောင်းတို့ကိုပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းပြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်ကြသည့် ပခုက္ကူတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ ဒေသခံလူငယ်များက နိုင်ငံခြားပညာတော်သင်ဆုနှင့် ပတ်သက်၍ မိမိသိရှိလိုသည်များနှင့် ဆက်သွယ်လျှောက်ထားနည်းများတို့ကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ပထမအကြိမ်အဖြစ် မကွေးမြို့၌ ပညာတော်သင်ဆုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ ပခုက္ကူမြို့တွင် ဒုတိယအကြိမ်အဖြစ် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ Social CareVolunteerGroup (SCVG)၏ ရည်ရွယ်ချက်ဖြစ်သော အရည်အချင်းရှိပြီး စွမ်းဆောင်ရည် ပြည့်ဝသောလူငယ်များ ပေါ်ထွန်းလာစေရန်အတွက် နိုင်ငံခြားမှ ပညာတော်သင်ဆုများနှင့် ပတ်သက်၍ အနယ်နယ်အရပ်ရပ်မှ လူငယ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆွေးနွေးမှုဝေကြခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# မုံရွာကြက်မွေးမြူရေးအထူးဇုန်၌ အကောင်ပေါက်ဈေးနှင့်အစာဈေးနှုန်း သက်သာသော ဥစားကြက်မျိုးများ မွေးမြူ

**မုံရွာ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက်စစ်ပုံတောင် ကျေးရွာအနီးရှိ ကြက်မွေးမြူရေးအထူးဇုန်တွင် အကောင်ပေါက်ဈေးနှုန်းနှင့် အစာဈေးနှုန်း သက်သာသော တက်ရှောင်ဥစားကြက်မျိုးများကိုသာ အများဆုံးမွေးမြူလျက်ရှိကြောင်း မွေးမြူရေးသမားများ၏ ပြောကြားချက်အရ သိရသည်။



“စီပီဥစားကြက်မျိုးက သူ့အစာနဲ့သူမွေးရင် အကောင်ဖြစ်နှုန်း ကောင်းသလိုဥနှုန်းကလည်း ကောင်းတယ်၊ သူ့အစာဈေးနှုန်းကမြင့်တဲ့အပြင် အကြွေးစနစ်နဲ့မရောင်းပေးတဲ့အတွက် တစ်ပိုင်တစ်နိုင်မွေးကြတဲ့သူတွေက ငွေမလိုက်နိုင်တော့ မကျွေးနိုင်ကြဘူး၊ အခုမွေးနေတဲ့ တက်ရှောင်ဥစားကြက်မျိုး ကျတော့ အကောင်ပေါက်ဈေးနှုန်းလည်း သက်သာသလို၊ အစာဈေးနှုန်းကသက်သာတယ်။ နောက်တစ်ခုက တက်ရှောင်ကထုတ်တဲ့ စုပေါင်းအစာအိတ်မှာ ရက်သတ္တပတ်အလိုက် ဘာတွေနဲ့စပ်ပြီးတော့ကျွေးရမလဲဆိုတာကို ဖော်ပြပေးထားတော့ တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားတွေအတွက် အစာစပ်တဲ့နေရာမှာ အများကြီးအထောက်အကူဖြစ်တယ် ” ဟု မုံရွာကြက်မွေးမြူရေးအထူးဇုန်မှ မွေးမြူရေးသမား ဦးကျန်တင်က ပြောသည်။

ယခုလက်ရှိအချိန်တွင် မုံရွာကြက်မွေးမြူရေးအထူးဇုန်တွင် အကောင်ဈေးနှုန်းသက်သာခြင်း၊ အစာဈေးနှုန်းသက်သာသည့် “တက်ရှောင် ”ဥစားကြက်ကောင်ရေ တစ်သိန်းကျော်ကို မွေးမြူရေးသမား ၃၀ ကျော်မှ မွေးမြူလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် အကောင်းဆုံးအဖြစ် ဂုဏ်ပြု

**မြောင်းမြ ဖေဖော်ဝါရီ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ အကောင်းဆုံးဆောင်ရွက်နိုင်သော ကုန်းသာကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယမန်နေ့က မြို့ဟောင်းကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားပြီး ခရိုင်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြို့ဟောင်းကျေးရွာ ရွာသူရွာသားများ ကိုယ်စားအဖွဲ့ခေါင်းဆောင်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

မြောင်းမြမြို့နယ် မြို့ဟောင်းကျေးရွာသည် အိမ်ခြေ ၃၃၂ ၊ အိမ်ထောင်စု ၃၃၅ လူဦးရေအမျိုးသား ၇၃၇ အမျိုးသမီး ၇၃၅ နေထိုင်လျက်ရှိပြီး မြို့နယ်ကျေးလက်ဦးစီးဌာနမှ အမှိုက်များစနစ်တကျစွန့်ပစ်ရန်အတွက် အသိပညာပေးပိုစတာများကပ်ကာ အသိပညာပေးခြင်းလုပ်ငန်းများ၊ ကျေးရွာကော်မတီများ ဖွဲ့စည်းပေးခြင်း၊ ကျေးရွာတွင်အမှိုက်ပုံး၊ အမှိုက်ခြင်းနှင့် အမှိုက်အိတ်များထားရှိပေးခြင်းနှင့် ကျန်းမာသန့်ရှင်းသောကျေးရွာပတ်ဝန်းကျင်အဖြစ် စတင်အကောင်အထည် ဖော်ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာသန့်ရှင်းရေးနှင့်ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သတ်မှတ်ထားသော နေရာများတွင် အမှိုက်များစနစ်တကျစွန့်ပစ်စေရေးတို့ အတွက်လည်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ ကျေးရွာသူကျေးရွာသားများနှင့်အတူ ကျေးရွာတွင်း အမှိုက်များကောက်ခြင်း၊ အမှိုက်စနစ်တကျစွန့်ပစ်ခြင်း လုပ်ငန်းများကို တစ်ပတ်လျှင်တစ်ရက် ကျေးရွာသန့်ရှင်းရေးကို ရွာလုံးကျွတ်လုပ်အားပေးကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**



**ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ အမြင့်ပေ ၁၀၂၀၀ ရှိသော နတ်မတောင်သို့တက်ရောက်ရန် ပြင်ဆင်နေသော ရတနာပုံခြေလျင်နှင့် တောင်တက်အသင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအပတ်စဉ် စနေနေ့၊တနင်္ဂနွေနေ့များတွင် အမရပူရ တောင်သမန်အင်းတစ်ပတ် လမ်းလျှောက်ခြင်းနှင့် ကျုံးတစ်ပတ်လမ်းလျှောက်ခြင်းများ ပြုလုပ်နေမှုကို တွေ့ရစဉ်။**

တင်မောင် (မန်းကိုယ်ပွား)

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၉ ⋅ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၀ ⋅ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၄ ⋅ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၇ ⋅ ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၇ ⋅ ၂ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၀ ⋅ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ⋅ ၂၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ⋅ ၂၅၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ ⋅ ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ ⋅ ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ⋅ ၅၂၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ဝ၆၇-၃၄၀၄၂၂၂၊ ဝ၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ဝ၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ဝ၆၇-၃၆၁၄၅၊ **ဖက်စ်** ဝ၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ဝ၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

*ယခင်အပတ်မှအဆက်*

**အိန္ဒိယ-အမေရိကန်ဆက်ဆံရေး**

အိန္ဒိယနိုင်ငံနဲ့ အမေရိကန်နိုင်ငံ နှစ်နိုင်ငံစလုံးဟာ ဒီမိုကရေစီနိုင်ငံကြီးတွေ ဖြစ်ကြသော်လည်း တစ်ချိန်တစ်ခါက ဆက်ဆံရေးခပ်တန်းတန်း အနေအထားမှာသာ ရှိခဲ့တဲ့အတွက် နှစ်နိုင်ငံ ဆက်ဆံရေးကို ခပ်စိမ်းစိမ်းဒီမိုကရေစီနိုင်ငံတွေ (Estranged Democracies) လို့တောင် သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပါတယ်။ သို့သော်လည်း စစ်အေးကာလလွန်မြောက်ပြီးနောက်ပိုင်း ၂၁ ရာစုအတွင်းမှာတော့ နှစ်နိုင်ငံဆက်ဆံရေးဟာ အပြောင်းအလဲတွေ ဖြစ်လာခဲ့ပြီး အိန္ဒိယနိုင်ငံနဲ့ အမေရိကန်အကြား ထိတွေ့ဆက်ဆံမှုတွေ များပြားလာခဲ့ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးမှာ အကျိုးစီးပွားဦးတည်ချက်ချင်း တူညီမှုရှိလာတာတွေရယ်၊ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာမှာ ပူးပေါင်းဆောင်ရွက်မှုတွေ များပြားလာတာရယ်၊ ဒီမိုကရေစီစံနှုန်းစံထားတွေအပေါ် တူညီတဲ့ အလေးထားမှုတွေကြောင့် နှစ်နိုင်ငံဆက်ဆံရေးဟာကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့် (Global Strategic Partnership) အထိ တိုးမြှင့်လာခဲ့ပါတယ်။ အခုဆိုရင် နှစ်နိုင်ငံဆက်ဆံရေးဟာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကာကွယ်ရေးနဲ့ လုံခြုံရေး၊ ပညာရေး၊ သိပ္ပံနဲ့နည်းပညာ၊ ဆိုက်ဘာလုံခြုံရေး၊ အရပ်ဘက်သုံး အဏုမြူနည်းပညာ ကဏ္ဍ၊ အာကာသနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေတဲ့ စွမ်းအင်နည်းပညာ၊ လယ်ယာစိုက်ပျိုးရေးနဲ့ ကျန်းမာရေးစတဲ့ ကဏ္ဍပေါင်းစုံအထိ ကျယ်ပြန့်လာခဲ့ပါတယ်။

**ဝန်ကြီးချုပ်မိုဒီ၏ အရှေ့မျှော်ဝါဒကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း**

အိန္ဒိယနိုင်ငံအနေနဲ့ အာရှ-ပစိဖိတ်ဒေသနဲ့ နီးကပ်စွာ ထိတွေ့ဆက်ဆံသွားဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဆယ်စုနှစ် နှစ်စု ကျော်သွားပြီ ဖြစ်ပါတယ်။ သို့သော်လည်း လက်တွေ့မှာ ထိထိရောက်ရောက်ပြောင်းလဲဖို့ဆိုရင် ဝန်ကြီးချုပ်မိုဒီအစိုးရအနေနဲ့ ဒေသတွင်းမှာရှိတဲ့ မိတ်ဖက်နိုင်ငံများနဲ့ မဟာဗျူဟာမြောက်ဆက်ဆံရေး တိုးချဲ့တည်ထောင်သွားမယ်လို့ အလေးအနက် ကတိကဝတ် ပြုတာထက် ပိုမိုကျော်လွန် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ အဲဒီအချက်အပေါ် ဘယ်လောက်အထိအလေးအနက်ထား ဆောင်ရွက်နေသလဲဆိုတာ ညွှန်းကိန်းအချို့နဲ့ တိုင်းတာနိုင်ပါတယ်။ နိုင်ငံရေးညွှန်းကိန်းအရကြည့်ရင် အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့အာရှ နဲ့ အရှေ့တောင်အာရှ မိတ်ဖက်နိုင်ငံများနဲ့ ပိုမိုထိတွေ့ဆက်ဆံခြင်း၊ သံတမန်နည်းလမ်းအရ ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ခြင်းအပြင် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ် (ASEAN Regional Forum-ARF) နဲ့ အိန္ဒိယက အဖွဲ့ဝင်အဖြစ် လျှောက်ထားတဲ့ အေပက်အဖွဲ့ကြီး (APEC) စတဲ့ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးမျက်နှာစာမှာ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ စီးပွားရေးညွှန်းကိန်းအရကြည့်ရင် အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့အာရှနဲ့ အရှေ့တောင်အာရှ မိတ်ဖက်နိုင်ငံများနဲ့ ရှိပြီးသား ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်သွားမယ့် အနေအထားမှာ ရှိပါတယ်။ သို့သော်လည်းအိန္ဒိယနိုင်ငံ အနေနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဆွဲဆောင်နိုင်ဖို့ ပြည်တွင်းလုပ်ထုံးလုပ်နည်းတွေကို ဘယ်လောက်အတိုင်းအတာအထိ ဖြေလျှော့ပေးမယ်ဆိုတဲ့ အချက်ဟာ အိန္ဒိယနိုင်ငံအနေနဲ့ အာရှ- ပစိဖိတ်နိုင်ငံများ၊ အထူးသဖြင့် ဂျပန်နိုင်ငံနဲ့ စီးပွားရေးအရ တိုးမြှင့်ဆက်ဆံရာမှာ ဘယ်လောက်စိတ်ပိုင်းဖြတ်ထားတယ်ဆိုတဲ့အချက်ကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်တဲ့အချက် ဖြစ်ပါတယ်။ တတိယနဲ့ အရေးအကြီးဆုံးညွှန်းကိန်းကတော့ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ ကာကွယ်ရေးအပိုင်းမှာ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၊ ကာကွယ်ရေးသုံးပစ္စည်းများနဲ့ နည်းပညာလွှဲပြောင်းပေးမှု၊ ငွေကြေးနဲ့နည်းပညာ အထောက်အပံ့ပေးမှုစသည်ဖြင့် တိုးချဲ့ပူးပေါင်းဆောင်ရွက်နိုင်မယ့် အနေအထားကလည်း သူ့ရဲ့စိတ်ဆန္ဒရှိမှုကို အကောင်းဆုံးဖော်ပြနိုင်မှာ ဖြစ်ပါတယ်။

မကြာသေးတဲ့အချိန်ကို ပြန်ကြည့်လိုက်မယ်ဆိုရင် အရှေ့အာရှနဲ့ အရှေ့တောင်အာရှ နိုင်ငံများနဲ့ ထိတွေ့ဆက်ဆံဖို့ အိန္ဒိယနိုင်ငံကို တွန်းအားပေးတဲ့ အဓိကအချက်က တရုတ်နိုင်ငံရဲ့အင်အားကြီးထွားလာတဲ့ စိန်ခေါ်မှုကို တုံ့ပြန်နိုင်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဝန်ကြီးချုပ်မိုဒီရဲ့ ဒေသတွင်းထိတွေ့ဆက်ဆံမှုပုံစံဟာ တရုတ်နိုင်ငံရဲ့အိန္ဒိယနိုင်ငံအပေါ် ဆက်ဆံရေးနဲ့ အိန္ဒိယနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံများအပေါ် ဆက်ဆံရေးအနေအထားက အကျိုးသက်ရောက်မှုရှိစေမှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံနဲ့ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက်အငြင်းပွားနေတဲ့ နေရာတွေမှာ ကျူးကျော်ဝင်ရောက်မှုတွေ ဆက်လက်ပြုလုပ်နေဦးမယ်လို့ အိန္ဒိယအစိုးရက ထင်မြင်နေရင်၊ တရုတ်နိုင်ငံအနေနဲ့ အိန္ဒိယသမုဒ္ဒရာအတွင်းမှာ ပိုမိုပါဝင်လာရာမှာ စစ်ရေးအရ လှုပ်ရှားတက်ကြွမှုတွေ သိသာထင်ရှားစွာ များပြားလာတယ်ဆိုရင် အိန္ဒိယနိုင်ငံအနေနဲ့ အရေးပါတဲ့ မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ ဗီယက်နမ်၊ သြစတြေးလျ၊ အာဆီယံနဲ့ အင်ဒိုနီးရှားနိုင်ငံတွေနဲ့ ပိုမိုနီးနီးကပ်ကပ်ထိတွေ့ဆက်ဆံလာမယ့် အခြေအနေမှာရှိပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံအနေနဲ့ အာရှဒေသအတွင်း နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုတွေမှာ ပိုမိုတွန်းတွန်းတိုက်တိုက်ဆောင်ရွက်လာပြီး ဒေသရဲ့တည်ငြိမ်မှုအပေါ် သက်ရောက်မှုတွေ ရှိလာမယ်ဆိုရင် အရှေ့အာရှနဲ့ အရှေ့တောင်အာရှ နိုင်ငံတွေဟာလည်း ဒေသရဲ့ လုံခြုံရေးဆိုင်ရာ တည်ဆောက်မှုမှာ အိန္ဒိယနိုင်ငံအနေနဲ့ ပိုမိုအရေးပါတဲ့နေရာကနေ ပိုမိုပါဝင်ဆောင်ရွက်လာဖို့ အလေးအနက်ကြိုးပမ်းလာကြမှာ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်နိုင်ငံအနေနဲ့ အာရှဒေသရဲ့ လုံခြုံရေးကိစ္စရပ်တွေမှာ အရေးပါတဲ့ နေရာကနေ ဆက်လက်ပါဝင်မှုအခြေအနေအပေါ်မူတည်ပြီး အိန္ဒိယနဲ့ အမေရိကန် နိုင်ငံတို့အကြား ဆက်ဆံရေးဖြစ်ထွန်းမှုဟာ အိန္ဒိယနဲ့ အရှေ့အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံ တွေအကြား ဆက်ဆံရေးကိုလည်း ပုံဖော်နိုင်မှာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့လည်း အိန္ဒိယနိုင်ငံကို ကမ္ဘာ့ရေးရာတွေမှာပိုမိုတက်ကြွစွာပါဝင် ဆောင်ရွက်စေလိုတဲ့ ဆန္ဒရှိမှုကိုလည်း ထုတ်ဖော်ပြောကြားလေ့ရှိပါတယ်။ ၂၀၁၀ ပြည့်နှစ်အတွင်း အမေရိကန်နိုင်ငံကထုတ်ဝေတဲ့ ကာကွယ်ရေးဆိုင်ရာစာတမ်းတစ်စောင်မှာ အိန္ဒိယနိုင်ငံဟာ ကမ္ဘာ့ရေးရာတွေမှာ ပိုမိုသြဇာလွှမ်းမိုးမှုရှိတဲ့ကဏ္ဍကနေ ပါဝင်ဆောင်ရွက်လာမယ့် အနေအထားမှာ ရှိနေပြီး သူ့ရဲ့အင်အားကြီးမားလာနေတဲ့ ကာကွယ်ရေးစွမ်းရည်နဲ့အညီ အာရှဒေသရဲ့လုံခြုံရေးမှာ အဓိကကျလာဖို့ရှိတာကို အသိအမှတ်ပြု ဖော်ပြခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ချိန်က ဟီလာရီကလင်တန်ကလည်း အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့ကိုချည်းမျှော်ကြည့်မနေဘဲ အရှေ့ဘက်နဲ့ ထိတွေ့ဆက်ဆံဖို့ တိုက်တွန်းခဲ့ဖူးပါတယ်။ ဒီအမြင်တွေကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးတွေကြားမှာ အခုအချိန်အထိ စွဲကိုင်ထားဆဲဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား နီးနီးကပ်ကပ်ထိတွေ့ဆက်ဆံမှု များပြားလာတာနဲ့အမျှ အိန္ဒိယနိုင်ငံနဲ့ အရှေ့အာရှ၊ အရှေ့တောင် အာရှနိုင်ငံများအကြား ထိတွေ့ဆက်ဆံမှုဟာလည်း ပိုမိုတက်ကြွလှုပ်ရှားလာမှာ ဖြစ်ပါတယ်။ စစ်တမ်း ကောက်ယူမှုအရလည်း အိန္ဒိယပြည်သူတွေဟာ အမေရိကန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား ဆက်ဆံရေးပိုမိုနွေးထွေးမှုရှိလာစေဖို့ ဆန္ဒရှိကြတာကိုလည်း တွေ့ရပါတယ်။ ဆန္ဒပြုကြသူ ၈၃ ရာခိုင်နှုန်းက အမေရိကန်နဲ့အိန္ဒိယအကြားဆက်ဆံရေး ပိုမိုခိုင်မာလာစေဖို့ ဆန္ဒရှိကြသလို ကျန် ၇၅ ရာခိုင်နှုန်းကလည်း နှစ်နိုင်ငံဆက်ဆံရေးဟာလာမယ့် ၁၀ နှစ်အတွင်း ပိုမိုခိုင်မာလာစေဖို့ ဆန္ဒရှိကြောင်း ထုတ်ဖော်ခဲ့ကြပါတယ်။ အခုအချိန်အထိတော့ ဝန်ကြီးချုပ်မိုဒီအစိုးရဟာ အမေရိကန်နိုင်ငံနဲ့ ပိုမိုပြီးလက်တွေ့ကျကျ မိတ်ဖက်ဖွဲ့စည်းသွားလိုတဲ့ဆန္ဒရှိကြောင်း ၂၀၁၄ခုနှစ်အောက်တိုဘာလအတွင်း အမေရိကန်နိုင်ငံကို သွားရောက်ခဲ့တဲ့ခရီးစဉ်အတွင်းနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း အိန္ဒိယနိုင်ငံရဲ့ အမျိုးသားနေ့ စစ်ရေးပြအခမ်းအနားကို အထူးဧည့်သည်တော်အဖြစ် တက်ရောက်ဖို့ အမေရိကန်သမ္မတ အိုဘားမားကို ဖိတ်ကြားခဲ့ခြင်းတို့က ပြသနေပါတယ်။ အမေရိကန်နိုင်ငံဆီက အဆင့်မြင့်စစ်ရေးနည်းပညာတွေ ရရှိရေးဟာ အိန္ဒိယနိုင်ငံအတွက် အဓိကရည်မှန်းချက်တွေ ဖြစ်ပါတယ်။

**အိန္ဒိယဝန်ကြီးချုပ်၏ အလှည့်အပြောင်းမိန့်ခွန်း**

အိန္ဒိယနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ မဟာဗျူဟာမြောက် အားပြိုင်မှုတွေရှိနေသော်လည်း လက်တွေ့မှာ ထိပ်တိုက်ရင်ဆိုင်မှု မဖြစ်ပွားစေရေး၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ပုံမှန်ပြုလုပ်ရေး လုပ်ငန်းစဉ်တွေကိုလည်း ဂရုပြု ထိန်းသိမ်းထားရှိပါတယ်။ ဒါကြောင့် အင်ဒို- ပစိဖိတ်မူဝါဒကို ဂျပန်၊ သြစတြေးလျ၊ အမေရိကန်နိုင်ငံတို့က ဖော်ထုတ်အသုံးချလာချိန်မှာ အိန္ဒိယနိုင်ငံဟာ ပြတ်ပြတ်သားသား ပြောကြားလေ့မရှိဘဲ သက်ဆိုင်ရာနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုတော့ ဆက်လက်ပြုလုပ်လျက်ရှိပါတယ်။ ဒါပေမယ့် ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်နေ့က စင်ကာပူနိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ ရှန်ဂရီလာဆွေးနွေးပွဲ (The Shangri- la Dialogue) မှာ တက်ရောက်ပြောကြားတဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီရဲ့မိန့်ခွန်းမှာ အင်ဒို- ပစိဖိတ်ဒေသနဲ့ပတ်သက်ပြီး တရားဝင်သုံးစွဲ ပြောကြားခဲ့တဲ့အတွက် ဒီမိန့်ခွန်းဟာ အိန္ဒိယနိုင်ငံအနေနဲ့ အင်ဒို- ပစိဖိတ်မူဝါဒကို လက်ခံကျင့်သုံးသွားမယ့် သတင်းပေးတဲ့ သဘောဆောင်တာကြောင့် အလှည့်အပြောင်းမိန့်ခွန်းတစ်ရပ်လို့ နိုင်ငံရေးလေ့လာသူတွေက သုံးသပ်ကြပါတယ်။

ဝန်ကြီးချုပ် မိုဒီရဲ့မိန့်ခွန်းမှာ အင်ဒို- ပစိဖိတ်ဒေသမှာဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်တွေဟာ တစ်ကမ္ဘာလုံးရဲ့ ကံကြမ္မာအပေါ် သက်ရောက်မှုဖြစ်လာစေနိုင်တဲ့အထိ အင်ဒို- ပစိဖိတ်ဒေသဟာ အင်အားကြီးမားလာခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေရဲ့ မျှော်လင့်ချက်တွေ၊ *စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၉ သို့*




၂၀၁၈ ခုနှစ် မတ်လအတွင်း စင်ကာပူတွင်ကျင်းပပြုလုပ်သည့် ရှန်ဂရီလာဆွေးနွေးပွဲတွင် အိန္ဒိယဝန်ကြီးချုပ် မိန့်ခွန်းပြောကြားစဉ်။

"အိန္ဒိယနိုင်ငံအနေနဲ့ အာရှ- ပစိဖိတ်ဒေသနဲ့ နီးကပ်စွာ ထိတွေ့ဆက်ဆံသွားဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဆယ်စုနှစ် နှစ်စု ကျော်သွားပြီ ဖြစ်ပါတယ်။ သို့သော်လည်း လက်တွေ့မှာ ထိထိရောက်ရောက်ပြောင်းလဲဖို့ဆိုရင် ဝန်ကြီးချုပ် မိုဒီအစိုးရအနေနဲ့ ဒေသတွင်းမှာရှိတဲ့ မိတ်ဖက်နိုင်ငံများနဲ့ မဟာဗျူဟာမြောက်ဆက်ဆံရေး တိုးချဲ့တည်ထောင်သွားမယ်လို့ အလေးအနက် ကတိကဝတ်ပြုတာထက် ပိုမိုကျော်လွန် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်"

*စာမျက်နှာ ၁၈ မှ*

မျှော်မှန်းချက်တွေကို စုစည်းပြီး ဒေသရဲ့အနာဂတ်ကို လက်တွဲပုံဖော်သွားနိုင်ကြမှာဖြစ်ကြောင်း၊ သမုဒ္ဒရာလမ်းကြောင်းတွေ ပွင့်လင်းနေရင်၊ ပင်လယ်ပြင်တွေဟာ လုံခြုံမှုရှိနေရင်၊ ဒေသတွင်းနိုင်ငံတွေအကြား ပေါင်းစည်းဆက်သွယ်မှုရှိနေရင်၊ ဥပဒေစိုးမိုးမှုရှိပြီး ဒေသဟာတည်ငြိမ်အေးချမ်းနေမယ်ဆိုရင် ဒေသတွင်းမှာရှိတဲ့ ကြီးငယ်မဟူ နိုင်ငံတိုင်းဟာ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲပြီး ကြွယ်ဝချမ်းသာမှုကို ခံစားနိုင်ကြမှာ ဖြစ်ကြောင်း၊ နိုင်ငံကြီးတစ်နိုင်ငံရဲ့ လက်အောက်ခံအဖြစ်မရပ်တည်ဘဲ မိမိခံယူထားတဲ့မူဝါဒတွေ အပေါ်မှာသာ ခိုင်ခိုင်မာမာရပ်တည်ခြင်းဟာ ကမ္ဘာ့နိုင်ငံတွေရဲ့လေးစားမှုကို ခံယူရရှိနိုင်ပြီး နိုင်ငံတကာမျက်နှာစာမှာလည်း ဩဇာလွှမ်းမိုးမှုရှိနိုင်တယ်၊ မတူကွဲပြားခြားနားမှုတွေကို နိုင်ငံအတွင်းတွင် ပေါင်းစည်းပေးနိုင်ခြင်းဟာ မိမိနိုင်ငံအား နိုင်ငံတကာတွင် ဝင်ဆန့်ပေးနိုင်တယ်ဆိုတာ စင်ကာပူနိုင်ငံက သက်သေပြနေကြောင်း၊ မလက္ကာရေလက်ကြားနဲ့ တောင်တရုတ်ပင်လယ်ဟာအိန္ဒိယနိုင်ငံကို ပစိဖိတ်သမုဒ္ဒရာနှင့်ရော၊ အိန္ဒိယနိုင်ငံရဲ့မိတ်ဖက်နိုင်ငံ များဖြစ်ကြတဲ့ အာဆီယံ၊ ဂျပန်၊ ကိုရီးယားနှင့် အမေရိကဒေသနှင့်ရော ဆက်စပ်ပေးထားကြောင်း၊ အင်ဒို-ပစိဖိတ်ဒေသအတွင်းတွင် အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားအများအပြားရှိပြီး ထိတွေ့ဆက်ဆံမှုများမှာလည်း နက်ရှိုင်းမှုရှိကြောင်း၊ အာဆီယံနိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးကဏ္ဍများတွင် ထိတွေ့ဆက်ဆံမှုများ တိုးတက်များပြားလာလျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ကြီး၊ ထိုင်းနိုင်ငံတို့နှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်များ ချုပ်ဆိုထားရှိကြောင်း၊ ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့ (Regional Comprehensive Cooperative Partnership-RCEP) မှာလည်း ပါဝင်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဝန်ကြီးချုပ်မိုဒီက အိန္ဒိယကာကွယ်ရေးတပ်ဖွဲ့အထူးသဖြင့် အိန္ဒိယရေတပ်ဟာ အင်ဒို- ပစိဖိတ်ဒေသတွင်းမှာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအတွက် မိတ်ဖက်နိုင်ငံများနှင့် လက်တွဲဆောင်ရွက်နေကြောင်း၊ စင်ကာပူနိုင်ငံနဲ့ ရေတပ်ပူးတွဲစစ်ရေး လေ့ကျင့်မှုများ ကာလကြာရှည်စွာ ပြုလုပ်ခဲ့သလို ကျန်အာဆီယံနိုင်ငံများနဲ့လည်း တိုးချဲ့ပြုလုပ်သွားမှာ ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံက အိန္ဒိယသမုဒ္ဒရာအတွင်းမှာ ပြုလုပ်နေတဲ့ မီလန်စစ်ရေးလေ့ကျင့်ခန်း (Exercise Milan) မှာ ဒေသတွင်းမိတ်ဖက်နိုင်ငံတွေပါဝင် ပူးပေါင်းလျက်ရှိသလို အိန္ဒိယနိုင်ငံဟာ ပစိဖိတ်သမုဒ္ဒရာအတွင်းက RIMPAC စစ်ရေးလေ့ကျင့်မှုမှာ ပူးပေါင်းပါဝင်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံရဲ့ ရည်မှန်းချက်က နိုင်ငံတည်ထောင်မှု (၇၅)နှစ်ပြည့်မြောက်မယ့် ၂၀၂၂ ခုနှစ်မှာ နိုင်ငံကို မတူကွဲပြားတဲ့ နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်နိုင်ရေးဖြစ်ကြောင်း၊ နိုင်ငံရဲ့စီးပွားရေးကို နှစ်စဉ် ၇ ဒသမ ၅ ရာခိုင်နှုန်းကနေ ၈ ရာခိုင်နှုန်းအကြား တိုးတက်မှုရှိစေဖို့ ထိန်းသိမ်းသွားမှာဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေနဲ့ အခြားဒေသများမှာထက် အင်ဒို- ပစိဖိတ်ဒေသ အတွင်းမှာ ထိတွေ့ဆက်ဆံမှုတွေ ပိုမိုတိုးမြှင့်သွားပြီး မိမိတို့ရဲ့ ရပ်တည်မှုတိုးချဲ့သွားမှာဖြစ်ကြောင်း၊ ဒေသတွင်းမှာ စစ်ရေးအင်အားတည်ဆောက်လာမှုကြောင့် မလုံခြုံမှုကို ပိုမိုခံစားလာကြရသလို နိုင်ငံတကာကုန်သွယ်မှုနဲ့ ယှဉ်ပြိုင်မှုမှာလည်း မရိုးသားမှုတွေရှိလာခဲ့ကြောင်း၊ နိုင်ငံတကာစံနှုန်းစံထားတွေကို အင်အားသုံးပြီး လမ်းကြောင်းပြောင်းဖို့ ကြိုးပမ်းလာမှုတွေကိုလည်း တွေ့မြင်နေရကြောင်း၊ အကြမ်းဖက်မှု၊ အစွန်းရောက်မှု၊ စိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်နေကြရကြောင်း၊ ဒီကနေ့ခေတ်လို အကျိုးစီးပွားနဲ့ အနာဂတ်ကံကြမ္မာတွေ အပြန်အလှန်မှီခိုနေကြရတဲ့အချိန်မှာ မည်သည့်နိုင်ငံ တစ်နိုင်ငံကမှ သူ့အလိုကျပုံသွင်းလို့ရမှာ မဟုတ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဝန်ကြီးချုပ်မိုဒီက သဘာဝအရဆက်စပ်နေတဲ့ အင်ဒို- ပစိဖိတ်ဒေသဟာ အခွင့်အလမ်းများ၊ ခြိမ်းခြောက်မှုများနဲ့ပြည့်နှက်နေကြောင်း၊ ဒေသတွင်းမှာ အတူနေထိုင်နေကြတဲ့ နိုင်ငံများရဲ့ ကံကြမ္မာများဟာ အပြန်အလှန်ဆက်စပ်နေကြောင်း၊ အရှေ့တောင်အာရှ ၁၀-နိုင်ငံဟာ သမုဒ္ဒရာကြီး နှစ်စင်းကို ပထဝီအနေအထားအရရော၊ လူမှုယဉ်ကျေးမှု ဓလေ့ထုံးစံအရပါ ဆက်စပ်ပေးထားကြောင်း၊ ပွင့်လင်းမှု၊ အားလုံးပါဝင်နိုင်မှု၊ အာဆီယံရဲ့ စည်းလုံးညီညွတ်မှုနဲ့ အရေးပါမှုတွေဟာ အင်ဒို- ပစိဖိတ်ဒေသအသစ်ရဲ့ တန်ဖိုးများပင်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေနဲ့ အင်ဒို-ပစိဖိတ်ဒေသကို မဟာဗျူဟာတစ်ရပ်အဖြစ် ရှုမြင်ခြင်း၊ ကန့်သတ်ထားတဲ့ နိုင်ငံအနည်းငယ်မျှရဲ့ သင်းဖွဲ့ဖွဲ့စည်းခြင်းအဖြစ် သဘောထားမှာမဟုတ်ကြောင်း၊ အလားတူ နိုင်ငံတစ်နိုင်ငံကို ပစ်မှတ်ထားဆောင်ရွက်ဖို့၊ လွှမ်းမိုးနိုင်ဖို့ ဆောင်ရွက်သွားမှာ မဟုတ်တဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ အင်ဒို-ပစိဖိတ်အမြင်ဟာ အပြုသဘောဆောင်ကြောင်း၊ အိန္ဒိယနိုင်ငံရဲ့အင်ဒို- ပစိဖိတ်ဒေသနဲ့ ထိတွေ့ဆောင်ရွက်မှုဟာ အာဖရိကကမ်းခြေကနေ အမေရိကကမ်းခြေဒေသအထိ အကျုံးဝင်မှာ ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံက ခံယူထားတဲ့ ဒီမိုကရေစီစံနှုန်းများဟာ မိမိတို့အနေနဲ့ ပြည်ပနိုင်ငံများနဲ့ ထိတွေ့ဆက်ဆံမှုကိုလည်း ပုံဖော်သွားမှာဖြစ်ကြောင်း၊ အပြန်အလှန်လေးစားမှု၊ ထိတွေ့ဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ တည်ငြိမ်အေးချမ်းရေးနဲ့ ကြွယ်ဝချမ်းသာမှုတို့ဟာ နိုင်ငံတကာနဲ့ ဆက်ဆံရာမှာထားရှိမယ့် တန်ဖိုးများဖြစ်ကြောင်း၊ ဒီမိုကရေစီနဲ့ စည်းမျဉ်း၊ စည်းကမ်းများအပေါ် အခြေခံတဲ့ နိုင်ငံတကာအနေအထားနဲ့ နိုင်ငံတိုင်းရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အိန္ဒိယနိုင်ငံအနေနဲ့ တိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ သမိုင်းရဲ့အတွေ့အကြုံတွေအရ အင်အားရဲ့ အကန့်အသတ်ရှိမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုရဲ့ အကျိုးရလဒ်တွေကို မိမိတို့တွေ့မြင်ခဲ့ရပြီး ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများအကြား တန်းတူရည်တူမှုအပေါ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာတဲ့အကျိုးစီးပွားဟာ မိမိတို့တစ်နိုင်ငံချင်းစီရဲ့အကျိုးစီးပွားကိုလည်း ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

### အိန္ဒိယနိုင်ငံရဲ့ရည်မှန်းချက်တွေမှာ ကြုံတွေ့လာနိုင်တဲ့ အခက်အခဲများ

အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့အာရှ၊ အရှေ့တောင်အာရှနိုင်ငံများနဲ့ ဆက်ဆံရေးတိုးမြှင့် လိုတဲ့ဆန္ဒဟာ အိန္ဒိယနဲ့ သူ့ရဲ့အိမ်နီးချင်းတောင်အာရှနိုင်ငံများနဲ့ ဆက်ဆံရေးအပေါ်မှာလည်း အတိုင်းအတာတစ်ခုအထိ တည်မှီနေပါတယ်။ အိန္ဒိယပြည်သူအများစုကတော့ အိန္ဒိယနိုင်ငံကို လာမယ့်ဆယ်စုနှစ်တွေအထိ အဓိကခြိမ်းခြောက်မှု ပြုနိုင်တာက ပါကစ္စတန်နိုင်ငံလို့ ရှုမြင်နေကြပါတယ်။ အထူးသဖြင့် ပါကစ္စတန်နိုင်ငံရဲ့ အားပေးအားမြှောက်ပြုမှုနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ နိုင်ငံအတွက် အလေးအနက်ခြိမ်းခြောက်မှုအဖြစ် ဖော်ပြကြပါတယ်။ အထူးသဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း အယ်လ်ကေဒါအဖွဲ့ရဲ့ တောင်အာရှအဖွဲ့ခွဲအသစ် ဖွဲ့စည်းကြောင်း ကြေညာခဲ့မှုနဲ့ တောင်အာရှဒေသအတွင်းမှာ အစ္စလာမ့်စ်နိုင်ငံထူထောင်ရေး အလားအလာတွေအပေါ် ပိုမိုစိုးရိမ်ပူပန် လာခဲ့ကြပါတယ်။ ဒါကြောင့် အိန္ဒိယနဲ့ ပါကစ္စတန်နိုင်ငံအကြား ဆက်ဆံရေး သိသာထင်ရှားစွာ ဆိုးရွားလာခဲ့ရင် (ဒါမှမဟုတ်) ပါကစ္စတန်ရဲ့ကျောထောက်နောက်ခံပြုမှုနဲ့ အိန္ဒိယနိုင်ငံအတွင်းမှာ အကြမ်းဖက်မှု ကြီးကြီးမားမား ဖြစ်လာခဲ့မယ်ဆိုရင် နိုင်ငံတကာမျက်နှာစာမှာ အိန္ဒိယနိုင်ငံရဲ့ အလေးပေးမှုဟာ သူ့ရဲ့ ပတ်ဝန်းကျင်နိုင်ငံများဆီ လျင်မြန်စွာ ပြန်လည်ပြောင်းလဲသွားနိုင်တဲ့ အနေအထားမှာ ရှိနေခြင်းဖြစ်ပါတယ်။

အလားတူပဲ အိန္ဒိယနိုင်ငံရဲ့ အနောက်ဘက်မှာရှိနေတဲ့ နိုင်ငံများမှာ မတည်မငြိမ်ဖြစ်လာခဲ့မယ်ဆိုရင်လည်း အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့အာရှနိုင်ငံများနဲ့ ထိတွေ့ဆက်ဆံမှုကိုလည်း ရိုက်ခတ်လာမှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ ပင်လယ်ကွေ့ဒေသကနေ သူသုံးစွဲနေတဲ့ ရေနံပမာဏရဲ့ ၆၈ ရာခိုင်နှုန်းကို ဝယ်ယူတင်သွင်းနေရသလို ပင်လယ်ကွေ့နိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ အိန္ဒိယနိုင်ငံသားများရဲ့ ပြန်လည်လွှဲပြောင်းပေးပို့ငွေဟာ နှစ်စဉ်ဒေါ်လာ ဘီလီယံ ၃၀ ရှိတာကြောင့် အရှေ့အလယ်ပိုင်းဒေသဟာ အိန္ဒိယနိုင်ငံအတွက် အရေးပါတဲ့ အနေအထားမှာ ဆက်လက်ရှိနေဆဲဖြစ်ပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေ အာဖဂန်နစ္စတန်နိုင်ငံကနေ ပြန်လည်ဆုတ်ခွာသွားပြီးနောက်ပိုင်း ဖြစ်ပေါ်လာတဲ့ အင်အားလေဟာနယ်နဲ့ အကျိုးဆက်အဖြစ် မတည်မငြိမ်ဖြစ်မှုတွေ တိုးပွားလာခြင်းဟာလည်း အိန္ဒိယနိုင်ငံရဲ့ အရှေ့မျှော်ဝါဒကို အနောက်ဘက်ဆီ ပြန်လည်ရွှေ့သွားစေနိုင်တဲ့ အချက်တွေ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ အစ္စရေးနိုင်ငံနဲ့ ဆက်ဆံရေးတိုးမြှင့်ဖို့ ဆန္ဒရှိနေတာကလွဲလို့ အနောက်အာရှဒေသဟာ အိန္ဒိယနိုင်ငံအတွက် အာရှ- ပစိဖိတ်ဒေသကို ဦးစားပေးသလိုမျိုးအနေအထားမှာ ရှိလာနိုင်ဖို့ အခြေအနေနည်းပါးပါတယ်။ သို့သော်လည်း မိုဒီရဲ့ ဆောင်ပုဒ်တစ်ခုဖြစ်တဲ့ "အရှေ့ကိုကြည့်၊ အနောက်နဲ့ချိတ်ဆက်" (Look East, Link West) ဆိုတဲ့ အချက်က အိန္ဒိယ နိုင်ငံအနေနဲ့ ဒေသနှစ်ခုစလုံးရဲ့ အောင်မြင်မှုနဲ့ တွဲဆက်ထားလိုတဲ့ ကျယ်ပြန့်တဲ့ အမြင်ကို ဖော်ညွှန်းပြသနေပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ အာရှ-ပစိဖိတ်ဒေသအတွင်းမှာ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လိုတဲ့ ရည်မှန်းချက်တွေဟာ အိန္ဒိယနိုင်ငံရဲ့ ပြည်တွင်းရေးအခြေအနေကြောင့်လည်း နှောင့်နှေးစေနိုင်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ တိုးတက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက် ရောက်ရှိခဲ့ရာကနေ ပြန်လည်ကောင်းမွန်လာတာ မကြာမြင့်သေးပါဘူး။ အလားတူ ဝန်ကြီးချုပ်မိုဒီ အနေနဲ့ နိုင်ငံရဲ့ စီးပွားရေးပြန်လည်ထောင်တက်လာအောင် မစွမ်းဆောင်နိုင်ခဲ့ဘူးဆိုရင် စီးပွားရေးအပိုင်းမှာ ပြန်လည်နှောင့်နှေးမှုတွေ ရှိလာနိုင်ပြီး ဒေသတွင်းနဲ့ ကမ္ဘာ့နိုင်ငံရေးမှာ ပိုမိုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နိုင်ဖို့ ရည်မှန်းချက်အပေါ် ကန့်သတ်ချက်တွေ ကြုံတွေ့လာရမှာ ဖြစ်သလို ပြည်တွင်းမှာလည်း နိုင်ငံရေးအရ လွတ်လွတ်လပ်လပ်လှုပ်ရှား ဆောင်ရွက်နိုင်မှုကိုလည်း ထိခိုက်လာနိုင်ပါတယ်။ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုနှုန်းနည်းပါးမှု အချိန်ကြာကြာဆက်လက်ဖြစ်နေမယ်ဆိုရင်တော့ အိန္ဒိယနိုင်ငံအနေနဲ့ ဒေသအတွက် အရင်းအမြစ်တွေအားဖြည့်ဆောင်ရွက်ပေးနိုင်မယ့် အစွမ်းအစလျော့နည်းလာမှာဖြစ်သလို ဒေသတွင်းနိုင်ငံတွေရဲ့အမြင်မှာလည်း အိန္ဒိယနိုင်ငံရဲ့အားကိုးအားထားပြုနိုင်စွမ်းအပေါ် သံသယဝင်လာစေနိုင်ပါတယ်။

အိန္ဒိယနိုင်ငံဟာ သူ့ရဲ့ရေတပ်ကို အိန္ဒိယသမုဒ္ဒရာထက်ကျော်လွန်ပြီး ဖြန့်ကြက်နိုင်စွမ်းဟာ လက်ရှိအချိန်ဟာ အစပိုင်းမှာပဲ ရှိနေပါသေးတယ်။ ဒါကြောင့် ရေတပ်အတွက် နှစ်စဉ်ဘတ်ဂျက်တိုးမြှင့်ချထားပေးမှု ဆက်လက်ရရှိနေစေဖို့နဲ့ ရေတပ်ဖွဲ့စည်းမှုနဲ့ အခြေခံအဆောက်အအုံတွေ အခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့လည်း လိုအပ်နေပါသေးတယ်။ ဒါကြောင့် အာရှ- ပစိဖိတ် ပထဝီအနေအထားရဲ့ ပြင်ပစည်းဝိုင်းမှာ ရောက်ရှိနေတဲ့ အိန္ဒိယနိုင်ငံဟာ မလက္ကာရေလက်ကြားထက် ကျော်လွန်ပြီး အင်အားဖြန့်ကြက်ထားနိုင်ဖို့ အရှေ့တောင်အာရှနိုင်ငံများအပါအဝင် မိတ်ဖက်နိုင်ငံများရဲ့ အင်အားကို ဆက်လက်ရယူဆောင်ရွက်သွားရမယ့်အနေအထားမှာ ရှိနေသလို မိတ်ဖက်နိုင်ငံတွေက အားကိုးအားထားပြုထိုက်တဲ့ အမြင် ရရှိလာစေဖို့လည်း ထပ်မံကြိုးပမ်းဆောင်ရွက်သွားဖို့ လိုနေသေးတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားများ မြို့နယ်အသီးသီး၌ ကျင်းပ

**ကော့သောင်း**

မြန်မာ့လွတ်လပ်ရေးဗိသုကာဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ပျော်ရွှင်ဖွယ်ဘောလုံးလက်ဆင့်ကမ်းပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံအရုပ်ဆက်ပြိုင်ပွဲ နှင့် ဗိုလ်ချုပ်ပုံတူပန်းချီ ပြိုင်ပွဲများကို ကော့သောင်းရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့သည်။ **(အောက်ပုံ)**

မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များကို လူငယ်များအစဉ်အဆက်သိရှိစေရန်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဖြောင့်မတ်တည် ကြည်စိတ်၊ ရဲဝံ့စိတ်၊ မဆုတ်မနစ်အားထုတ်တတ်သောစိတ်များကို လူငယ်များအတုယူနိုင်စေရန်နှင့် စိတ်ဓာတ်ရော အရည်အသွေးပါ ပြည့်ဝ၍ နိုင်ငံအတွက် သယ်ပိုးထမ်းရွက်လိုသော လူငယ်လူရွယ်များ ပေါ်ထွန်းလာရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



ဗိုလ်ချုပ်ပုံတူပန်းချီပြိုင်ပွဲတွင် ကလေးငယ်များ ပါဝင်ရေးဆွဲနေစဉ်။

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ပုလဲရတနာခန်းမနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖေဖော်ဝါရီ ၃ ရက်က ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ် အကြိုစာစီစာကုံး၊ ဗိုလ်ချုပ်ပုံတူပန်းချီနှင့် ဗိုလ်ချုပ် မိန့်ခွန်းကောက်နုတ်ချက် ပြောဆိုမှုပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးတင်ငွေကအကဲဖြတ် အမှတ်ပေးမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ပြိုင်ပွဲများသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၈၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဆုရရှိမည့် ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အခမ်းအနား၌ ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**နောင်ချို**

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်နေ့တွင် ကျရောက်မည့် ဗိုလ်ချုပ်မွေးနေ့ အခမ်းအနားအား ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးလူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပခဲ့သည်။

ဗိုလ်ချုပ်မွေးနေ့အခမ်းအနားကို နောင်ချိုမြို့ မြို့နယ်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်၏ ငယ်စဉ်ဘဝပုံရိပ်များ၊ ကျောင်းသားဘဝနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလ ပုံရိပ်များကို နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ စာအုပ်စာစောင်များခင်းကျင်းပြသခြင်း၊ ဆုချီးမြှင့်ခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မလှိုင်**

မလှိုင်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးတွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်များတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သော ကဗျာ၊ ကာတွန်းနှင့် ဆောင်းပါးများ၊ ဓာတ်ပုံမှတ်တမ်းများ၊ သမိုင်းဝတ္ထုများ အစုံအလင်တို့ကို ခင်းကျင်းပြသခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းအရာများကိုလည်း ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို ရေးသားပေးပို့လိုပါက မလှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ဖေဖော်ဝါရီ ၆ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**



ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပနိုင်ရေး ဆွေးနွေးကြစဉ်။

# လွိုင်ကော်နှင့် ကြွတ်ဂူပဟေဠိ

## မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာမြေ၏ ဘူမိဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သည့် တောင်စွယ်တောင်တန်းများအနက် ရှမ်းရိုးမနှင့် ဆက်နေသည့် တောင်တန်းများသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှသည် တနင်္သာရီကမ်းမြောင်ဒေသအထိ ရောက်ရှိနေပေသည်။ ယင်းတောင်တန်းများ၏ နေရာအချို့တွင် သဘာဝလိုဏ်ဂူများဖြစ်ပေါ်နေကြရာ ရှမ်းတောင်တန်း၏ တောင်ဘက်အစွယ်ဖြစ်သည့် ကယားပြည်နယ်ရှိ ကြွတ်ဂူသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

သဘာဝလိုဏ်ဂူများတွင်ရှိသည့် ကျောက်စက်ပန်းဆွဲများ၊ သဘာဝရေစီးကြောင်းများ၊ ရှေးဟောင်းဆင်းတုရုပ်ပွားများ၊ အုတ်ခွက်ဘုရားများ စသည်တို့ကို ခရီးသွားများက စိတ်ဝင်တစားသွားရောက်လည်ပတ် ကြည့်ရှုလေ့ရှိကြသည်။ သို့သော် ကြွတ်ဂူကိုမူ ဂူအတွင်းရှိ အခေါင်းပျက်များဟု ယူဆကြသည့် သစ်သားစများကြောင့် လူအများက စိတ်ဝင်စားခဲ့ကြကာ သွားရောက်သူများ များပြားလာခဲ့ပြီး ကြွတ်ဂူသည် မြန်မာ့ခရီးသွားနယ်မြေတစ်ခု ဖြစ်လာခဲ့သည်။

ထို့ကြောင့် သဘာဝထုံးကျောက်ဂူအတွင်း သင်္ဂြိုဟ်မြှုပ်နှံမှု ရှိနိုင်ခဲ့သည့် အထောက်အထားအဖြစ် အခေါင်းများဟု ဆိုကြသည့် သစ်ထွင်းလုံးများရှိရာ ကြွတ်ဂူသို့ ရန်ကုန်တက္ကသိုလ် မနုဿဗေဒပညာဌာနမှ ဘွဲ့လွန်သင်တန်းသားများနှင့် အတူ လေ့လာရေးခရီး ရောက်ရှိခဲ့ပါသည်။

### လွိုင်ကော်

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ကယားပြည်နယ် လွိုင်ကော်မြို့ကို မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ် (ခရစ်နှစ် ၁၈၃၈ ခုနှစ်) တွင် ဦးသီရိက တည်ထောင်ခဲ့သဖြင့် လွိုင်ကော်သည် ရှေးအခါက သီရိဒေါ်ရွာဟု အမည်တွင်ခဲ့သည်။ ယင်းကျေးရွာကို တောင်ကွဲတောင်အနီးတွင် တည်ခဲ့သဖြင့် ရှမ်းဘာသာဖြင့် လွိုင်ခေါ်ဟု ခေါ်ဆိုခဲ့ရာ လွိုင်သည် တောင်၊ ခေါ်သည် တကွဲတပြားစီဟု အဓိပ္ပာယ်ရှိသည်။ ကာလကြာမြင့်လာချိန်တွင် လွိုင်ခေါ်မှ လွယ်ကော်၊ လွိုင်ကော်ဟု ပြောင်းလဲခဲ့သည်။

ခရစ်နှစ် ၁၈၈၈ ခုနှစ် ဧပြီလ ၂၀ ရက်တွင် ကန္တာရဝတီ စော်ဘွား စဝ်လဝီးသည် လွိုင်ကော်မြို့တွင် ဟော်နန်းစိုက်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရရှိမီက ကရင်နီပြည်နယ်အဖြစ် တည်ရှိခဲ့သည့် ကယားဒေသသည် ၁၉၅၁ ခုနှစ်တွင် ကယားပြည်နယ်ဖြစ်လာခဲ့သည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်၌ လွိုင်ကော်မြို့နယ်ကို ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာ ၁၂၇ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။ သို့သော် လက်ရှိလွိုင်ကော်မြို့နယ်ကို ၂၀၁၆ ခုနှစ် မတ်လ ၁၇ ရက်တွင် ရပ်ကွက် ၁၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာ ၁၂၃ ရွာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

လွိုင်ကော်မြို့နယ်သည် ၅၉၈ ဒသမ ဝ၆ စတုရန်းမိုင် ကျယ်ဝန်းလျက် အရှေ့ဘက်တွင် ရှားတောမြို့နယ်၊ အနောက်ဘက်တွင် ဒီးမော့ဆိုမြို့နယ်၊ တောင်ဘက်တွင် ဘော်လခဲမြို့နယ်၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်မှ ဖယ်ခုံမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့ တည်ရှိသည်။

လွိုင်ကော်မြို့နယ်သည် မြေပြန့်လွင်ပြင်နည်းပါး၍ တောတောင်၊ သစ်တောများ ထူထပ်ကာ သီရိမင်္ဂလာတောင်တော် (တောင်ကွဲ)၊ ရွှေတောင်၊ တောင်သုံးလုံး၊ မြကလပ်တောင်နှင့် ရွှေလက်ဝါးတောင်တို့သည် မြို့နယ်အတွင်း၌ အထင်ရှားဆုံးတောင်များဖြစ်ကြသည်။ ဘီလူးချောင်းသည် လွိုင်ကော်မြို့နယ်၏ အဓိက ရေအရင်းအမြစ်ဖြစ်သကဲ့သို့ ဘီလူးချောင်း ရေအားလျှပ်စစ်ထုတ်လုပ်ရေး(လောပိတ) သည် မြန်မာနိုင်ငံ မြို့ရွာအနှံ့သို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးလျက်ရှိသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀ မြင့်သည့် လွိုင်ကော်မြို့နယ်သည် ဒဏ္ဍာရီလာ ငွေတောင် သုခနေဇာတ်လမ်းကြောင့် ငွေတောင်ပြည်အဖြစ်လည်း ထင်ရှားခဲ့ကာ မြို့နယ်အတွင်း၌ ကယားလူမျိုး၊ ဗမာလူမျိုးနှင့် ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြသည်။

### ကြွတ်ဂူ

ယခင်က လွိုင်ကော်မြို့သို့ ရောက်ရှိလာသူများသည် တောင်ကွဲစေတီ၊ လောပိတနှင့် ငွေတောင်ဆည်သို့သာ သွားရောက်လည်ပတ်ခဲ့ကြသော်လည်း ယခုအချိန်တွင် ကြွတ်ဂူသို့ပါ သွားရောက်လေ့ရှိလာခဲ့ကြသည်။

မြန်မာနိုင်ငံ ခရီးသွားများအကြား လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက ထင်ရှားလာခဲ့သည့် ကြွတ်ဂူသည် ကယားပြည်နယ် လွိုင်ကော်မြို့၏ အရှေ့ဘက် ၁၀ မိုင်အကွာတွင် တည်ရှိသည်။ ကြွတ်ဂူသို့ သွားရန် ပင်လောင်းမှ လွိုင်ကော်သို့လာလျှင် လွိုင်ကော်မြို့သို့ဝင်သည့် လမ်းခွဲ၌ လက်ဝဲဘက်သို့ ချိုးသွားရသည်။ မော်တော်ကားလမ်းသည် ကြွတ်ဂူတည်ရှိသည့် တောင်ခြေအထိ ကောင်းမွန်ချောမွေ့သဖြင့် အလွယ်တကူ သွားရောက်နိုင်ကြသည်။

ဂူပေါက်ဝသည် တောင်ခြေမှ အမြင့်ပေ ၁၂၀၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၉၀ တွင်ရှိသဖြင့် ဂူရှိသည့်တောင်ပေါ်သို့တက်ရန် အုတ်လှေကားထစ်များ ပြုလုပ်၍ လက်ရန်းများတပ်ဆင်ထားသည်။ ကြွတ်ဂူရှိသည့်တောင်ကို ဒေသခံများက ကယားဘာသာစကားဖြင့် ရာစုကူဟု ခေါ်ဆိုခဲ့ကြသည်။

လက်ရှိအချိန်တွင် ကြွတ်ဂူကို ဒေသခံ ဆရာတော် ဦးဝါယမက ဦးစီးထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ဂူအတွင်းသို့ မဝင်မီ ဖိနပ်များချွတ်ရန် ရေးသားထားသည်။ သို့သော် ကြွတ်ဂူသည် ထုံးကျောက်ဂူဖြစ်သဖြင့် ဂူကြမ်းခင်းမြေသားသည် အမြဲစိုစွတ်လျက်ရှိနေသည်။

ကြွတ်ဂူသည် ၂၁၉၄ မီတာရှည်လျားသည့် တစ်ဖက်ပိတ်ဂူဖြစ်ကာ အတွင်းပိုင်းသည် တစ်စတစ်စ ကျဉ်းမြောင်းသွားပြီး လှျောက်လမ်းအဆုံး၌ ဝင်ရောက်၍ မရတော့ချေ။ ကြွတ်ဂူအဝမှ အတွင်းသို့ မီတာ ၆၀၀ အထိ လျှပ်စစ်မီးများသွယ်တန်းကာ အချို့နေရာများတွင် သစ်သားတံတားများ ပြုလုပ်ပေးထားသဖြင့် ဂူအတွင်းသို့ ဝင်ထွက်ရာတွင် လွယ်ကူမှုရှိပေသည်။

ဂူပေါက်ဝမှ ခန့်မှန်း ပေ ၃၀၀ ဝန်းကျင်၌ အခေါင်းပုံစံ သစ်သားနှင့်သစ်လုံးအပိုင်းအစများကို မြင်တွေ့ကြရသည်။ ယင်းတို့အနက် အချို့သည် သစ်လုံးကို ထွင်းထားသည့် အခေါင်းပုံများဖြစ်ကာ အချို့က ပျဉ်ချပ်များဖြစ်ကြ ပြီး ယင်းတို့ကို အကောင်းအတိုင်း မတွေ့ရှိခဲ့ရဘဲ အပိုင်းအစ၊ အကျိုးအပဲ့များအဖြစ်သာ တွေ့ရှိခဲ့ရသည်။ ဂူအတွင်းပိုင်း နံရံများအနီး၌ သစ်ထွင်းလုံးများကို တင်ခဲ့သည့် စင်ဟု ယူဆရဖွယ်ရှိသည့် ပြိုပျက်နေသော သစ်သားတိုင်များ၊ တန်းများကို မြင်ကြရပေသည်။ ယင်းစင်အချို့သည် ဂူကြမ်းပြင်မှ ပေ ၂၀ ဝန်းကျင်အမြင့်တွင် ရှိနေကြသည်။

ဒေသခံများက ယင်းအခေါင်းများတွင် ယခင်က လူအရိုးစုများရှိခဲ့သည်ဟု ဆိုကြသော်လည်း ယခုအချိန်တွင်မူ အရိုးစုကို လည်းကောင်း၊ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းအကြွင်းအကျန်များကိုလည်းကောင်း မတွေ့ရှိကြရပါချေ။ သို့သော် သစ်သားစများအနီးတွင် မြေအိုးကွဲ အစအနများတွေ့ရှိရသဖြင့် မြန်မာလူမျိုးများ၏ ဓလေ့ထုံးတမ်းအရ နာရေးအခမ်းအနား ဆောင်ရွက်ရာတွင် လူသေကို သင်္ချိုင်းသို့ ပို့ဆောင်ချိန်၌ ကျင့်သုံးလေ့ရှိသည့် ရေအိုးခွဲသည့် ဓလေ့နှင့် ဆက်စပ်နိုင်ဖွယ်ရှိ မရှိ သုတေသနပြုကြရမည် ဖြစ်သည်။

ကြွတ်ဂူတွင်တွေ့မြင်ရသည့် ထွင်းထားသော သစ်လုံးအပိုင်းအစများကို အခေါင်းများဟု ဆိုကြသော်လည်း လူအရိုးအပိုင်းအစများကို တစ်ခုမျှမတွေ့ရှိရခြင်းသည် ထူးခြားမှုတစ်ရပ် ဖြစ်နေခဲ့သည်။

အခေါင်းဟု ယူဆကြသည့် သစ်သားများကို ကြွတ်ဂူအတွင်းပိုင်း အနောက်ဘက် နံရံတစ်ဝိုက်တွင် အများဆုံးတွေ့ရှိကြရသည်။ ယင်းတို့သည် လိုဏ်ဂူအတွင်းနံရံပေါ်သို့ တစ်ခြမ်းစောင်းတင်လျက် ဂူကြမ်းပြင်တွင် ဖရိုဖရဲ တည်ရှိနေကြသည်။ အချို့ သစ်ထွင်းလုံးများတွင် ကြိုးချည်နိုင်သည့် နဖားပေါက်များပါရှိသည်။ ထို့ကြောင့် ယင်းတို့ကို တောင်အောက်မှ ဂူအတွင်းသို့ သယ်ယူရာတွင်လည်းကောင်း၊ ဂူအတွင်း၌ ထားရှိစဉ် ပြုတ်မကျစေရန် ထိန်းထားရာတွင်လည်းကောင်း ယင်းအပေါက်များတွင် ကြိုးချည်ခဲ့ဟန်ရှိကြောင်း ယူဆနိုင်ပေသည်။

အခေါင်းပုံဖြစ်နေသည့် သစ်ထွင်းလုံးများသည် ကျွန်းသစ်လုံးများဖြစ်ကြကာ အများစုသည် ကျိုးပဲ့ပျက်စီးနေပြီဖြစ်သည်။ ယင်းတို့ တစ်ခုစီသည် အလျား ရှစ်ပေမှ ၁၅ ပေနီးပါး အထိရှည်လျားကာ ထွင်းထားသည့် အကျယ်သည် လက်မ ၂၀ မှ နှစ်ပေ ခန့်အထိရှိသည်။ ယင်းသစ်လုံးများသည် လူတစ်ဦး ထည့်သွင်းနိုင်သည့် အရွယ်ထက် များစွာရှည်လျားနေခြင်း၊ ဂူအတွင်းသို့ မည်သည့်အချိန်တွင် ရောက်ရှိနေခဲ့သည်ကို မသိရှိခြင်း၊ အခေါင်းပုံသဏ္ဍာန်နှင့် တူညီနေခြင်းတို့ကြောင့် ကြွတ်ဂူသည် ပဟေဠိဆန်သော ဂူတစ်ခုဖြစ်လာခဲ့သည်။

ကြွတ်ဂူကို ထိန်းသိမ်းစောင့်ရှောက်နေသည့် ဆရာတော်က ယခင်က ဂူအနီးသို့ ဒေသခံများ မလာရဲကြကြောင်း၊ ယုံကြည်ကိုးကွယ်မှုအရ နတ်ကြီးသည်ဟု ယူဆကြကြောင်း၊ အစဉ်အဆက်ပြောကြသည့် ဂမ္ဘီရဆန်သည့် ဇာတ်လမ်းများလည်း ရှိကြောင်း ရှင်းပြခဲ့သည်။ သို့သော် နှုတ်ပြောရာဇဝင် ဇာတ်လမ်းများသည် ခိုင်မာသော အထောက်အထားများ မဟုတ်သဖြင့် ယင်းတို့သည် ကြွတ်ဂူ၏ မှန်ကန်သောအဖြေဟု မယူဆနိုင်ပါချေ။

### ကျောက်တောင်နံရံတွင် ချိတ်ဆွဲထားသည့် အခေါင်းများ

လွန်ခဲ့သည့် နှစ် ၄၀၀ မှ ၂၅၀၀ အတွင်း တရုတ်နိုင်ငံတွင် လူသေအလောင်းများ ထည့်သွင်းထားသည့် အခေါင်းများကို ကျောက်ဆောင်ကမ်းပါးများတွင် ချိတ်ဆွဲ၍ သင်္ဂြိုဟ်သည့် ဓလေ့ရှိခဲ့သည်။ ယင်းသို့ တွဲလဲဆွဲထားသည့် အခေါင်းများကို အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင်လည်း မြင်တွေ့ကြရသည်။ အခေါင်းများကို လေတွင် ချိတ်ဆွဲ သင်္ဂြိုဟ်ခြင်းသည် ရှေးခေတ် လူမျိုးစုအချို့၏ သင်္ဂြိုဟ်မှုဓလေ့တစ်ခုဖြစ်ပြီး အထူးသဖြင့် တရုတ်နိုင်ငံတောင်ပိုင်းတွင် နေထိုင်ခဲ့သည့် ဘိုလူမျိုးစုများက အများဆုံး ကျင့်သုံးခဲ့ကြသည်။

> “အခေါင်းပုံဖြစ်နေသည့် သစ်ထွင်းလုံးများသည် ကျွန်းသစ်လုံးများဖြစ်ကြကာ အများစုသည် ကျိုးပဲ့ပျက်စီးနေပြီဖြစ်သည်။ ယင်းတို့ တစ်ခုစီသည် အလျား ရှစ်ပေမှ ၁၅ ပေနီးပါး အထိရှည်လျားကာ ထွင်းထားသည့် အကျယ်သည် လက်မ ၂၀ မှ နှစ်ပေ ခန့်အထိရှိသည်။ ယင်းသစ်လုံးများသည် လူတစ်ဦး ထည့်သွင်းနိုင်သည့် အရွယ်ထက် များစွာရှည်လျားနေခြင်း၊ ဂူအတွင်းသို့ မည်သည့်အချိန်တွင် ရောက်ရှိနေခဲ့သည်ကို မသိရှိခြင်း၊ အခေါင်းပုံသဏ္ဍာန်နှင့် တူညီနေခြင်းတို့ကြောင့် ကြွတ်ဂူသည် ပဟေဠိဆန်သော ဂူတစ်ခုဖြစ်လာခဲ့သည်”



သစ်လုံးကို အရွယ်မျိုးစုံ၊ ပုံသဏ္ဍာန်မျိုးစုံထွင်းထားသည့် သစ်သားအခေါင်းများကို ကျောက်တောင်များ၏ အစွန်းထွက်နေသည့် မျက်နှာပြင်နေရာများတွင် တင်ထားသည်ကို လည်းကောင်း၊ လိုဏ်ဂူများအတွင်း ကျောက်သားနံရံများတွင် ချိတ်ဆွဲထားသည်ကိုလည်းကောင်း တွေ့ရှိခဲ့ကြရသည်။

သေဆုံးသူများ၏ ရုပ်အလောင်းများကို အခေါင်းများအတွင်းသို့ထည့်၍ အမြင့်တွင် ချိတ်ဆွဲထားခြင်းသည် အလောင်းကို သားရဲတိရစ္ဆာန်များ စားသောက်ခြင်းမှ ကာကွယ်ရန်နှင့် အခေါင်းများကို အမြင့်တွင်ထားခြင်းဖြင့် သေဆုံးသူသည် ကောင်းကင်ဘုံနှင့် နီးကပ်လာပြီး နတ်ဘုရားများ ခေါ်ယူနိုင်သည့် အကွာအဝေးတွင် ရှိစေရန် ရည်ရွယ်ကြသည်။ သေဆုံးသူကို ကောင်းကင်ရှိ နတ်ဘုရားများက ခေါ်ဆောင်သည်ဟု ယုံကြည်မှုအရ နတ်ဘုရားတို့နှင့် နီးကပ်ရန် အခေါင်းများကို မြေပြင်မှ မြင့်သည်ထက်မြင့်ရန် ချိတ်ဆွဲခဲ့ကြသည်။

တရုတ်နိုင်ငံတွင် ဖူကျန့်ပြည်နယ်မှ ဝူယီတောင်တန်း၊ ဟူဘေးပြည်နယ်မှ ဇီဂီဒေသ၊ ကျန်ဇီပြည်နယ်မှ လောင်ဟူရှန်၊ စီချွမ်ပြည်နယ်နှင့် ယူနန်ပြည်နယ်၊ ဖိလစ်ပိုင်နိုင်ငံမှ လူဇုန်ကျွန်းနှင့် အင်ဒိုနီးရှားနိုင်ငံမှ စာဂါဒါတို့တွင် ယင်းဓလေ့ကို ကျင့်သုံးခဲ့ကြသည့် အထောက်အထားများကို တွေ့ရှိခဲ့ကြရပေသည်။ သို့သော် အခေါင်းများကို ချိတ်ဆွဲထားခြင်း၏ ရည်ရွယ်ချက်ကို အတိအကျ မသိရှိကြဘဲ ယေဘုယျအားဖြင့် သေဆုံးသူကို နတ်ဘုရားများ အလွယ်တကူ ခေါ်ဆောင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်နိုင်ကြောင်း ယူဆခဲ့ကြသည်။

### ကြွတ်ဂူနှင့် အခေါင်းများ

တရုတ်နိုင်ငံတွင် တွေ့ရှိခဲ့သည့် အခေါင်းများအနက် နောက်အကျဆုံး ချိတ်ဆွဲခဲ့သည့် အခေါင်းများသည် လွန်ခဲ့သည့် နှစ် ၄၀၀ က အုပ်စိုးခဲ့သည့် မင် မင်းဆက် (ခရစ်နှစ် ၁၃၆၈-၁၆၄၄) အလယ်ပိုင်းနှင့် နှောင်းပိုင်းကာလဖြစ်သည်။ အစောဆုံးအခေါင်းကို လွန်ခဲ့သော နှစ် ၁၀၀၀ ခန့်က ဆောင်မင်းဆက် (ခရစ်နှစ် ၉၆၀-၁၂၇၉) တွင် ချိတ်ဆွဲခဲ့သည်။

မြန်မာနိုင်ငံတွင် လူသေအလောင်းများကို ခေါင်းအတွင်းသို့ ထည့်သွင်း၍ ချိတ်ဆွဲခဲ့သည့် ဓလေ့ကို ကျင့်သုံးခဲ့ကြောင်း ယူဆရဖွယ်ရှိသည့် အထောက်အထားကို ကြွတ်ဂူတွင်သာ တွေ့မြင်ကြရပေသည်။ သို့သော် လက်ရှိအချိန်တွင် အခေါင်းများနှင့် အနီးဝန်းကျင်၌လူသေကို သင်္ဂြိုဟ်မြှုပ်နှံခဲ့သည့် အထောက်အထားဖြစ်သည့် ရုပ်ကြွင်းများ၊ အရိုးအပိုင်းအစများ၊ ခန္ဓာကိုယ် အစိတ်အပိုင်းများကို မတွေ့ရှိရသဖြင့် သုတေသီအချို့က ကြွတ်ဂူအတွင်းမှ သစ်သားအပိုင်းအစများသည် အခေါင်းများ မဖြစ်နိုင်ဟု ယူဆကြသည်။ ခရီးစဉ်တွင် လိုက်ပါလာသည့် မနုဿဗေဒ ဘွဲ့လွန်သင်တန်းသားများက ယင်းတို့သည် အခေါင်းနှင့် ပုံသဏ္ဍာန်နီးစပ်သည့် သစ်ထွင်းလှေများလည်း ဖြစ်နိုင်ကြောင်း၊ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကြွတ်ဂူတွင် ထိန်းသိမ်းထားခြင်းလည်းဖြစ်နိုင်ကြောင်းနှင့် လူတစ်ယောက်၏ အရပ်သည် အမြင့်ဆုံး ခုနစ်ပေထက် မကျော်လွန်သော်လည်း ကြွတ်ဂူအတွင်းရှိ အခေါင်းပုံ ထွင်းထားသည့် သစ်လုံးများသည် လူနှစ်ဦး ထည့်သွင်းနိုင်သည့် အရွယ်အစားဖြစ်နေကြောင်း သုံးသပ်ခဲ့ကြသည်။

ထွင်းထားသည့် သစ်လုံးများကို မည်သည့်အချိန်တွင် မည်သည့်မျိုးနွယ်စုများက ဂူအတွင်းသို့ ပို့ဆောင်ထားခဲ့သည် ဆိုသည့်အချက်ကို တိကျစွာမဖော်ထုတ်နိုင်သေးသဖြင့် ကြွတ်ဂူသည် ပဟေဠိဆန်နေခဲ့ရာ လူအများ၏ စိတ်ဝင်စားမှုကို ရရှိခဲ့ပေသည်။

မြန်မာနိုင်ငံတွင် သစ်ထွင်းအခေါင်းများဖြင့် လိုဏ်ဂူများအတွင်း သင်္ဂြိုဟ်သည့် ဓလေ့ကို မတွေ့ရှိရသော်လည်း မြန်မာနိုင်ငံနှင့် နီးကပ်စွာတည်ရှိနေသည့် ထိုင်းနိုင်ငံမြောက်ပိုင်း Mae Hong Son ပြည်နယ်၊ Pang Mapha ခရိုင်ရှိ Bo Krai ဂူနှင့် Ban Rai ကျောက်အမိုးတို့တွင် ကျွန်းသစ်လုံးထွင်းအခေါင်းများ (Teak Log Coffin) များကို တွေ့ရှိခဲ့သည်။ Pang Mapha ခရိုင်သည် လွိုင်ကော်မြို့၏ အရှေ့ဘက် တည့်တည့်တွင် တောင်တန်းများခြားလျက် လတ္တီတွဒ်မျဉ်း နီးကပ်စွာတည်ရှိနေကြသဖြင့် ဒေသနှစ်ခုအကြား၌ ယဉ်ကျေးမှု ဆက်စပ်မှု ရှိ မရှိ သုတေသနပြုနိုင်ပါက ကြွတ်ဂူအဖြေကို ဖော်ထုတ်နိုင်မည် ဖြစ်ပေသည်။

ကြွတ်ဂူသို့ လာရောက်ကြသူများအား နံနက် ၉ နာရီ မှ ညနေ ၄ နာရီ အကြား ဂူအတွင်းသို့ ဝင်ရောက်ခွင့်ပြုသည်။ ပြည်တွင်းပြည်ပ ခရီးသွားများ၏ စိတ်ဝင်စားမှုများကြောင့် ကြွတ်ဂူခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ခိုင်မာသော အထောက်အထားများကို ဖော်ထုတ်ထိန်းသိမ်းနိုင်ပါက ကြွတ်ဂူဒေသသည် ယခုထက်ပို၍ ဖွံ့ဖြိုးစည်ကားလာမည်ဟု ယူဆမိပါသည်။ ။

# ဟိုင်းကြီးကျွန်းတွင် မိုးတွင်း၌ ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုကြောင့် ကမ်းပြို၍ လူနေအိမ်များ ထိခိုက်မှုရှိနေသည့် ကပ္ပလီကမ်းခြေကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ရေတားကျောက်စီတမံတည်ဆောက်နေ

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)



ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ကပ္ပလီကမ်းခြေရှိ ပင်လယ်ရေတိုက်စားခံရသောနေရာ၌ ယခုတည်ဆောက်နေသည့် အရှည်ပေ ၉၇၀ ရှိ ရေတားကျောက်စီတမံ လုပ်ငန်းခွင်ကိုတွေ့ရစဉ်။

**ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကပ္ပလီပင်လယ်ကမ်းခြေတွင် အရှည်ပေ ၉၇၀ ရှိ ရေတားကျောက်စီတမံတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၂၅၀ ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးကြပ်ကာ ယခုလ ၂၁ ရက်နေ့မှစ၍ တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ ၂၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။**

### အန္တရာယ်ရှိသောနေရာ

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ ကပ္ပလီပင်လယ်ကမ်းခြေမှာ လွန်ခဲ့သော ၂၀၁၇ ခုနှစ်ကစတင်၍ မိုးတွင်းကာလများနှင့် ရာသီဥတုဆိုးရွားသည့် အချိန်များတွင် ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် ကမ်းခြေကိုရေတိုက်စားခံရမှုမှာ တစ်နှစ်ထက်တစ်နှစ်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ လူနေအိမ် တချို့ထိခိုက်ပျက်စီးသည်အထိ ဖြစ်ခဲ့သည့် နေရာလည်းဖြစ်သည်။ ကပ္ပလီကမ်းခြေကို ပင်လယ်ရေတိုက်စား၍ ကမ်းခြေ ကျိုးပေါက်ကာ အနောက်ဘက်ရှိ လယ်ကွင်းများအတွင်းသို့ ပင်လယ်ဒီရေဝင်ရောက်လာနိုင်ပြီး ထိုမှတစ်ဆင့် ရိုးများ၊ ချောင်းငယ်များအတွင်းသို့ ပင်လယ်ရေဝင်ရောက်သွားမည်ဆိုပါက ဟိုင်းကြီးကျွန်းမြို့အတွက် ဆိုးရွားသော အခြေအနေတစ်ခု ဖြစ်ပေါ်လာနိုင်သောနေရာတစ်ခု ဖြစ်သည်။ အဆိုပါကမ်းခြေကို ဒေသခံအများစုက အန္တရာယ်ရှိသော နေရာတစ်ခုအဖြစ် သတ်မှတ်ထားကြောင်းလည်း သိရသည်။

### ပျော်ရွှင်ဝမ်းမြောက်နေကြ

မူလက ကပ္ပလီကမ်းခြေ၏ ပင်လယ်ရေတိုက်စားခြင်းခံနေရသော အရှည်ပေ ၆၀၀၀ ကို ရေတားကျောက်စီတမံတည်ဆောက်ရန် တင်ပြထားခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘတ်ဂျက်အခြေအနေအရ အရှည်ပေ ၉၇၀ ကိုသာ ခွင့်ပြုပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ခွင့်ပြုပေ အရှည်မှာ မူလကထက်နည်းသွားခဲ့သော်လည်း လက်ရှိတွင် ကမ်းခြေ၏ အန္တရာယ်ရှိနေသော အစိတ်အပိုင်းတစ်ခုကို တားဆီးကာကွယ်ခွင့် ရရှိနိုင်ခဲ့သည့်အတွက်လည်း ဒေသခံများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိသည်။

### ကန်ထရိုက်ယူ၍ တည်ဆောက်ခြင်းမဟုတ်

ခွင့်ပြုရန်ပုံငွေကို သုံးစွဲရာ၌ အစိုးရထံမှလုပ်ငန်းကို ကန်ထရိုက်ယူ၍ တည်ဆောက်နေသည့် ပုံသဏ္ဌာန်မျိုးမဟုတ်ဘဲ ကျွမ်းကျင်လုပ်သားနှင့် ယာဉ်၊ ယန္တရားစရိတ်များအတွက် ငွေကြေးသုံးစွဲခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို တင်ဒါစနစ်ဖြင့် ဝယ်ယူသုံးစွဲခြင်း စသည်ဖြင့်ကဏ္ဍနှစ်ရပ်ခွဲ၍ ဆောင်ရွက်ခြင်းမျိုးဖြစ်ကာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သတ်မှတ်ချိန်အတွင်းပြီးစီးရေးနှင့် တင်ဒါစနစ်ဖြင့်တင်သွင်းသည့် လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးပြည့်မီမှုရှိစေရေးကို တာဝန်ခံကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မူလကခွင့်ပြုထားသည့် ရန်ပုံငွေထက် လျော့နည်း၍ ကုန်ကျမည်ဖြစ်ကာ လုပ်ငန်းပြီးစီးသည့်အချိန်တွင် စုစုပေါင်းမည်မျှ ကုန်ကျစရိတ်ရှိသည်ကို အတိအကျ တွက်ချက်နိုင်မည်ဖြစ်ကြောင်း ကမ်းထိန်းလုပ်ငန်း၏ တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်ဇော် ကပြောသည်။

ရေတားကျောက်စီတမံတည်ဆောက်ရန်အတွက် ကမ်းခြေတွင် အရှည်ပေ ၉၇၀၊ မြေအနက် သုံးပေခွဲ၊ အကျယ် ၃၁ ပေကို မြေကြီးတူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီး မြေအနက်သုံးပေခွဲမှစတင်၍ အောက်ခြေကြမ်းခင်းကို ဝါးထရံခင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့နောက် ကျောက်ကြီးတစ်ပေထုခင်းမည်ဖြစ်ကြောင်း၊ ဆက်လက်၍ နိုင်လွန်ပိုက်များအုပ်ထားသော ကျောက်ကြီးကို တစ်ပေထုထပ်ခင်းမည်ဖြစ်ကြောင်း သိရှိရသည်။ ဖောင်ဒေးရှင်းအဖြစ် နှစ်ပေထုအမြင့်ရရှိသွားပြီဖြစ်၍ ယင်းအထက်မှ အမြင့် ငါးပေကို ကျောက်ကြီးဖြင့် အရှေ့အနောက် ဆင်ခြေလျှောပုံစံစီသွားမည်ဖြစ်ကြောင်း၊ ကမ်းခြေဘက်အခြမ်းမှာ ဆင်ခြေလျှော ပြေပြစ်မည်ဖြစ်ပြီး အတွင်းဘက်တွင် မတ်စောက်သည့် ပုံသဏ္ဌာန်မျိုးဖြစ်ကြောင်း၊ ဆက်လက်၍ ကျောက်စီတမံနှင့် ပင်လယ်ကမ်းခြေကြားတွင် အရှည်ပေ ၉၅၀ တောက်လျှောက် ၂၅ ပေအကျယ်ကို ဒေသထွက် အုန်းပင်တိုင်များဖြင့် ရေလှိုင်းအရှိန်ကို ဟန့်တားနိုင်ရန် စိုက်ထူထားရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

### လုပ်ငန်းခွင်အခက်အခဲများ

ကပ္ပလီကမ်းခြေတွင် တည်ဆောက်နေသော ရေတားကျောက်စီတမံလုပ်ငန်းခွင်အတွင်း၌ လုပ်ငန်းသုံးပစ္စည်းများ သတ်မှတ်နေရာသို့အချိန်မီ သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ အခက်အခဲအမျိုးမျိုးရှိနေသည်။ လုပ်ငန်းသုံးပစ္စည်းများကို တင်ဒါအောင်ထားသော လုပ်ငန်းရှင်များက လာရောက်ပို့ဆောင်ရာ၌ ပင်လယ်ပြင်မှ သယ်ယူပို့ဆောင်ရန် မလွယ်ကူသည့်အတွက် လုပ်ငန်းခွင်နှင့် လေးမိုင်ခန့်ဝေးသော ဟိုင်းကြီးတံတားပေါ်မှဖြတ်၍ ကုန်းလမ်းခရီးကတစ်ဆင့် သယ်ယူကြရသည့်အတွက် အချိန်ကြန့်ကြာမှုများ ရှိနေကြောင်း သိရသည်။ ဇန်နဝါရီ ၂၀ ရက် ည ၁၀ နာရီအချိန်ခန့်က လုပ်ငန်းသုံးပစ္စည်းဖြစ်သည့် ဝါးထရံများလာပို့သည့် ရေကြည်မြို့မှ စက်လှေတစ်စင်း လုပ်ငန်းခွင်ရှေ့ပင်လယ်ပြင်၌ ပစ္စည်းအပြည့်ဖြင့် ကျောက်ချရပ်နားထားရာက ရုတ်တရက်ကျောက်ထွက်သွားကာ ရေအောက်ရှိ ကျောက်တန်းနှင့် ဆောင့်၍ စက်လှေကွဲကာ နစ်မြုပ်သွားခဲ့သည့်ဖြစ်စဉ်မျိုးပင် ရှိခဲ့ကြောင်း၊ နစ်မြုပ်စက်လှေတွင်ပါရှိသော ပစ္စည်းများကို အချိန်မီဆယ်တင်နိုင်ခဲ့ခြင်းကြောင့် စက်လှေမှလွဲ၍ တခြားထိခိုက်ဆုံးရှုံးမှုများ မရှိခဲ့ကြောင်း သိရှိရသည်။ ပင်လယ်ကမ်းခြေ၌ လုပ်ဆောင်ရသည့် တည်ဆောက်ရေးလုပ်ငန်းဖြစ်သောကြောင့် ရာသီဥတုအခြေအနေကောင်းမွန်သည့် ကာလများတွင်သာ ဆောင်ရွက်နိုင်ပြီး ချက်ချင်းဆိုသလို ရာသီဥတုပြောင်းလဲကာ လှိုင်းလေပြင်းထန်လာပါက လှိုင်းနှင့်အတူ ပင်လယ်ရေများ မြေကျင်းတူးဖော်ထားသည့် နေရာသို့ဝင်ရောက်သွားမည်ဆိုပါက လုပ်ငန်းခွင်အတွင်း ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည့် အတွက် သတိထားကိုင်တွယ်လုပ်ဆောင်နေရကြောင်း၊ ၂၀၁၉ ခုနှစ် မတ်လကုန်အတွင်း အပြီးသတ်ဆောင်ရွက်ရမည်ဖြစ်ပြီး မတ်လနောက်ပိုင်း ရာသီဥတု အခြေအနေများက စိတ်ချ၍မရနိုင်တော့ကြောင်း အင်ဂျင်နီယာ ဦးခင်မောင်ဇော်က ပြောသည်။

### ဒေသခံများပူးပေါင်းပါဝင်ထိန်းသိမ်းကြရန်လည်းလို

ယခုတည်ဆောက်နေသော ကပ္ပလီကမ်းခြေ၏ ရေတားကျောက်စီတမံ အမျိုးအစားထက် ပိုမိုကောင်းမွန်သည့် ဒီဇိုင်းများရေးဆွဲတွက်ချက်၍ ဆောင်ရွက်နိုင်သော်လည်း ခွင့်ပြုရန်ပုံငွေအပေါ်တွင် တွက်ချက်ဆောင်ရွက်ရသည့်အတွက် ယခုဒီဇိုင်းအမျိုးအစားဖြင့် ခိုင်ခံ့အောင် ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ ကျောက်စီတမံ တည်ဆောက်ပြီးစီးသွားပါက ပင်လယ်ရေလှိုင်းဒဏ်ကို အကောင်းဆုံးရင်ဆိုင်ဟန့်တားနိုင်မည်ဖြစ်သည်။ ကမ်းခြေကိုထိန်းသိမ်းကာကွယ်ထားနိုင်ရန်အတွက် တမံ၏အတွင်းဘက်တွင် ကြီးမြန်လေကာပင်များ စိုက်ပျိုးခြင်းကို ဒေသခံများစုပေါင်းဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"ဒီဒေသကို မိုးတွင်းမှာ မုန်တိုင်းအရှိန်ကြောင့် လှိုင်းရိုက်လို့ ကမ်းတွေပြို။ အိမ်တွေကို မြေကြီးမှတူးဖော်ကာ ထမ်းယူရွှေ့ပြောင်းခဲ့ကြရတဲ့အတွက် ဒုက္ခရောက်ခဲ့ကြရတာ။ အခုအစိုးရရဲ့ ရန်ပုံငွေနဲ့ ကျောက်တန်းလာဆောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် တစ်ခုဆိုးတာက အခုလာပြီးဆောက်ပေးနေတဲ့ ဌာနဆိုင်ရာတွေက သတ်မှတ်ရက်အတွင်း ရာသီဥတုနဲ့ ချိန်ပြီး အလုပ်လုပ်ရတာဆိုတော့ အချိန်ကိုလု လုပ်ကြရတာ။ ဒီမှာရှိတဲ့ အိမ်တချို့က အလုပ်ခွင်ထဲက ကားတွေနဲ့ နေအိမ်အစွန်းမလွတ်လို့ နည်းနည်းဖယ်ပေးဖို့ကိုတောင် ရန်လုပ်တဲ့ လူတချို့ကို တွေ့ရတော့ စိတ်ထဲမကောင်းချင်ဘူး။ အိမ်ဆိုလို့ ဒီမှာက ဝါးနဲ့ဆောက်တာများတယ်။ မလွတ်တဲ့နေရာကို နည်းနည်းဖယ်ပေးလိုက်လို့ ကြီးကြီးမားမားမဆုံးရှုံးနိုင်ပါဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

### သာယာသောကမ်းခြေတစ်ခုဖြစ်လာနိုင်

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် ကပ္ပလီကမ်းခြေ၌ အိမ်ခြေ ၅၅ လုံး၊ အိမ်ထောင်စု ၅၄ စုခန့်ရှိကာ များသောအားဖြင့် ကမ်းနီးငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။ လယ်လုပ်ငန်းလုပ်ကိုင်သူ လူနည်းစုလည်းရှိသည်။ ဒေသခံအိမ်ထောင်စုများ အများစုနေထိုင် လုပ်ကိုင်စားသောက်လျက်ရှိပြီး ရေလုပ်ငန်းလုပ်ကိုင်ရန် ယာယီပြောင်းရွှေ့ကာ လာရောက်နေထိုင်ကြသော အိမ်ထောင်စုများလည်း ရှိသည့်အတွက် နှစ်စဉ်ငါးဖမ်းရာသီ၌ စည်ကားနေတတ်သည့် နေရာတစ်ခုလည်း ဖြစ်သည်။ ပြီးခဲ့သည့် မိုးတွင်းကာလများက လေပြင်းများ တိုက်ခတ်ပြီး လှိုင်းလေပြင်းထန်ခြင်းကြောင့် ကမ်းခြေရေတိုက်စားခံရကာ ယာယီပြောင်းရွှေ့နေထိုင်မှုများ မကြာခဏပြုလုပ်ခဲ့ကြရပြီး ဒုက္ခရောက်ခဲ့ကြရသော်လည်း ယခုဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၂၅၀ ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ကာ ရေတားကျောက်စီတမံတည်ဆောက်ပြီးပါက ဒေသခံများ၏ စုပေါင်း ထိန်းသိမ်းမှုဖြင့် သာယာသော ကမ်းခြေတစ်ခုဖြစ်ပေါ်လာနိုင်ကြောင်း ရေးသားလိုက်ရပါသည်။ ။



ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် ရေတိုက်စားခံရပြီး ကမ်းပြိုနေသော ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) ရပ်ကွက် ကပ္ပလီကမ်းခြေ

---

## ကင်ဆာရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားများ အမြို့မြို့အနယ်နယ်၌ ကျင်းပ

### သုံးခွ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့သာသနာ့ဗိမာန်တော်ကြီးတွင် ယနေ့နံနက်က ကမ္ဘာ့ကင်ဆာရောဂါနေ့ အထိမ်းအမှတ်နေ့အဖြစ် ကင်ဆာရောဂါဆိုင်ရာ အသိပညာမြှင့်တင်ရေး လှုပ်ရှားမှုဟောပြောပွဲ ကျင်းပကြောင်း သိရသည်။ အခမ်းအနားတွင် ဒေါက်တာ ဌေးဌေးကြည် (မန်နေဂျင်းဒါရိုက်တာ ပင်လုံဆေးရုံများအုပ်စု) က ကမ္ဘာ့ကင်ဆာနေ့အကြောင်း၊ ကင်ဆာရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ကမ္ဘာ့ကင်ဆာနေ့ ဆောင်ပုဒ် I am and I will အကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းတို့ ဦးဆောင်မှုဖြင့် ပင်လုံဆေးရုံများအုပ်စု၊ IKBZ Insurance တို့ ပူးပေါင်းကာကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အသည်းရောင်အသားဝါဘီပိုး ရှိ မရှိ စစ်ဆေးပေးခြင်း၊ ရင်သားကင်ဆာ ကြိုတင်ကာကွယ်ရေး စမ်းသပ်စစ်ဆေးနည်းပြသပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကိုကျော်(သုံးခွ)**

---

### ဂန့်ဂေါ

ကင်ဆာရောဂါနေ့ အထိမ်းအမှတ်အဖြစ် ဂန့်ဂေါမြို့နယ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစုရပ်မှ အားကစားကွင်းအထိ ထို့အပြင် အားကစားကွင်း နှစ်ပတ် စုပေါင်းလမ်းလျှောက်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူးအပါအဝင် ပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၄၀၀ ကျော်တို့ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် အားကစားကွင်း၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာ အောင်သူမြင့်က ကင်ဆာရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောကာ Myanmar Fitness Dance အကဖြင့် စုပေါင်းပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**စိန်ကျော်**

---

### ကွန်ဟိန်း

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ ပြည်သူ့ဆေးရုံ၌ ကမ္ဘာ့ကင်ဆာရောဂါနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က အမှာစကားပြောကြားခဲ့ပြီး မြို့မကျန်းမာရေးမှူး ဦးသိန်းမင်းသူက ကင်ဆာရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကင်ဆာရောဂါများ အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်က ကျင်းပသည်။

ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဦးမျိုးသန့်က World Cancer Day ဖြစ်ပေါ်လာမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးပညာအထူးကု ဆရာဝန်ကြီး ဒေါက်တာနီလာထွန်းက General Medicine in Oncology အကြောင်းနှင့် ပတ်သက်၍ လည်းကောင်း၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန် ဒေါက်တာ ထက်ထက်ကျော်က ခံတွင်းကင်ဆာအကြောင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကင်ဆာဆေးပညာ အထူးကုဆရာဝန်ကြီး ဒေါက်တာ အေးစန္ဒာညွန့်က ကင်ဆာရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးကြကာ တက်ရောက်ကြသူများက သိလိုသည်များ မေးမြန်းခဲ့ကြသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်) ကင်ဆာဆေးပညာဌာနအတွက် ဆေးပဒေသာပင်အလှူငွေကျပ်သိန်း ၂၀ လှူဒါန်းခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဂ) ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန် မလျှောက်ထားမီ သဘောရိုးဖြင့် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် လျှောက်ထားပြီးသော အမှတ်တံဆိပ်သည် ပုဒ်မ ၅၇ ကို ချိုးဖောက်၍ အသုံးပြုထားသော်လည်း အခန်း(၁၅) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်း မရှိလျှင် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းတွင် မည်သို့ပင်ရှိစေကာမူ အဆိုပါ ထုတ်ကုန်များအတွက် ဆက်လက်အသုံးပြုနိုင်သည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါကိစ္စရပ်များအတွက် ဒေသဆိုင်ရာ အညွှန်းအသုံးပြုမှုကို ယင်းနှင့်ဆက်နွှယ်နေသော အမှတ်တံဆိပ် အသုံးပြုမှုကဲ့သို့ ခွင့်ပြုရမည်။

၆၁။ (က) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် အကာအကွယ်ရရှိထားသော ဒေသဆိုင်ရာအညွှန်းများကို ကြီးကြပ်ကွပ်ကဲရမည်။ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းအချို့ကို အခြားပုဂ္ဂိုလ်တစ်ဦးအား လွှဲအပ်နိုင်သည်။

(ခ) ကြီးကြပ်ကွပ်ကဲမှုတွင် အောက်ပါတို့ ပါဝင်ရမည် -

(၁) ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသော ထုတ်ကုန်များ၏ သတ်မှတ်ဖော်ပြချက်များနှင့် သက်ဆိုင်ရာ ထုတ်ကုန်တို့၏ ကိုက်ညီမှု၊

(၂) မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်းအမည်များအား ဈေးကွက်တွင် အသုံးပြုမှု။

(ဂ) ထုတ်ကုန်၏ သတ်မှတ်ဖော်ပြချက်များနှင့်ကိုက်ညီရန် ကြီးကြပ် ကွပ်ကဲမှုအတွက် ကုန်ကျစရိတ်အား အကျိုးသက်ဆိုင်သူများမှ ပေးဆောင်ရမည်။

၆၂။ ဒေသဆိုင်ရာအညွှန်း၏ အခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် သတ်မှတ်ချက်များအား ဖောက်ဖျက်ပါက အမှတ်တံဆိပ် အခွင့်အရေးထိပါးချိုးဖောက်မှုများ၏ အရေးယူမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ အတိုင်း ဆောင်ရွက်ရမည်။

## အခန်း(၁၇)
## ကုန်သွယ်မှုအမည်

၆၃။ (က) ကုန်သွယ်မှုအမည်သည်အမှတ်တံဆိပ်တစ်ခု၏ အစိတ်အပိုင်းတစ်ရပ် အဖြစ် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းကုန်သွယ်မှုအမည်ကို မှတ်ပုံတင်ခြင်းမပြုသော်လည်း အကာအကွယ်ပေးရမည်။

(ခ) အမည် သို့မဟုတ် သတ်မှတ်ဖော်ပြချက်တစ်ရပ်၏ သဘောသဘာဝ အရဖြစ်စေ၊ ယင်းကို ထည့်သွင်းအသုံးပြုခြင်းအားဖြင့် ဖြစ်စေ အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်သိက္ခာကို ဆန့်ကျင်ထိပါးစေလျှင်၊ အထူးသဖြင့် ယင်းအမည်ဖြင့် ဖော်ပြထားသော စီးပွားရေးလုပ်ငန်းသဘောသဘာဝသည် ကုန်သွယ်မှုနယ်ပယ် သို့မဟုတ် အများပြည်သူကို လှည့်ဖြားသကဲ့ သို့ ဖြစ်ပေါ်စေလျှင် ယင်းအမည် သို့မဟုတ် သတ်မှတ်ဖော်ပြချက်ကို ကုန်သွယ်မှုအမည် အဖြစ် အသုံးမပြုရ။

(ဂ) ကုန်သွယ်မှုအမည် တစ်ခုနှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်အသားကို အခြားကုန်သွယ်မှုအမည်အဖြစ် လည်းကောင်း၊ အမှတ်တံဆိပ်အဖြစ်လည်းကောင်း ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေလျှင် ကုန်သွယ်မှုအမည်ကို အကာအကွယ်ပေးရမည်။

## အခန်း(၁၈)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၆၄။ အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ် မှတ်ပုံတင်စနစ် သဘောတူစာချုပ်တွင် နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

## အခန်း(၁၉)
## အယူခံခြင်း

၆၅။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သောဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန် ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည်မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၆၆။ အေဂျင်စီက ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကစီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် မူပိုင်ခွင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း( ၂၀)
## မူပိုင်ခွင့်တရားရုံးတည်ထောင်ခြင်း

၆၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခန့်ထားသည့် တရားသူကြီးများကို မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ(က) အရ မူပိုင်ခွင့် တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သောတရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့် တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ်အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ပုဒ်မ ၆၆ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း(၂၁)
## အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကောက်ခွန်ဦးစီးဌာနက အကာအကွယ်ပေးခြင်း

၆၈။ အခွင့်အရေးရရှိသူသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံထားရသော ကုန်ပစ္စည်းများကို နိုင်ငံတော် နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ အထောက်အထားရှိပါက အဆိုပါ ကုန်ပစ္စည်းကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၆၉။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မ ၆၈ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကို စိစစ်ရန် လိုအပ်သော သတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ၁၅ ရက်အတွင်း သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့ရန် ယင်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကို လက်ခံရာတွင် အာမခံချက်တစ်ရပ်ကို အကောက်ခွန်ဦးစီးဌာနတွင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူမှပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်ကို ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာဖော်ပြရမည်။

(ခ) လျှောက်ထားသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်း မပြုခဲ့လျှင် ပုဒ်မခွဲ(က) ပါလုပ်ဆောင်မှုများသည် ခြောက်လအထိ သက်ရောက်မှုရှိစေရမည်။

၇၀။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၆၉ အရ လျှောက်ထားချက်ကို လက်ခံပြီးနောက်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရဖြစ်စေ အမှတ်တံဆိပ်အတုကို အသုံးပြု၍ တင်သွင်းသော ကုန်ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့် အထောက်အထားများ ရှိလျှင် အဆိုပါကုန်ပစ္စည်းများ ကုန်သွယ်မှု လမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်း အကြောင်းကြားရမည်။

(ခ) အဆိုပါကုန်ပစ္စည်းသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းဖြစ်ကြောင်း လျှောက်ထားသူ၏ တောင်းဆိုချက် မှန်ကန် ကြောင်း သက်သေပြရန် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် လျှို့ဝှက် သတင်းအချက်အလက်များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသော ကုန်ပစ္စည်းများကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၇၁။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက် အတွင်း လျှောက်ထားသူက အမှုကိစ္စအမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံးမှ ကုန်ပစ္စည်းစီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူ ဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းကုန်ပစ္စည်း ကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သောကိစ္စရပ်များတွင် ထိုသတ်မှတ်သည့် အချိန်ကာလကို ၁၅ ရက် မကုန်ဆုံးမီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ၁၅ ရက် ထပ်မံတိုးနိုင်သည်။

(ခ) ပျက်စီးလွယ်သော ပစ္စည်းဖြစ်ပါက သတ်မှတ်ကာလသည် သုံးရက်ဖြစ်သည်။

၇၂။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကို မကျေနပ်ပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့်တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေး တောင်းဆိုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည် ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၇၃။ မူပိုင်ခွင့်တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်း မှန်ကန်ကြောင်းဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါကုန်ပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ဦးစီးဌာနသို့ ပေးဆောင်ရမည်။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေဖြင့် တင်သွင်းသူထံမှ အဆိုပါကုန်ကျစရိတ်များကို မရရှိခဲ့လျှင် လျှောက်ထားသူသည် အဆိုပါကုန်ကျစရိတ်များ အား ပေးဆောင်ရန် တာဝန်ရှိပြီး တင်သွင်းသူထံမှ ထိုသို့ပေးဆောင်ရမည့် မည်သည့်စရိတ် ကိုမဆို ပြန်လည်ရပိုင်ခွင့် ရှိစေရမည်။

၇၄။ မူပိုင်ခွင့်တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါကုန်ပစ္စည်းများကို မှားယွင်းစွာဆိုင်းငံ့ခြင်းနှင့် ယာယီ ထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို မူပိုင်ခွင့်တရားရုံးမှ သတ်မှတ် ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၇၅။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများအား စီးပွားရေးအလို့ငှာ မဟုတ်ဘဲ တင်သွင်းသူက ကိုယ်ပိုင်သုံးရန် ရည်ရွယ်၍ ခရီးသည် ဝန်စည်အနေဖြင့် ယူဆောင်လာသော ကုန်ပစ္စည်းနှင့်သော် လည်းကောင်း၊ နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသော တင်သွင်းတင်ပို့လာသော ကုန်ပစ္စည်းနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ။

၇၆။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲထားသည့်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ အကောက်ခွန်အဖွဲ့နှင့် လည်းကောင်း၊ အခြားနိုင်ငံမှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်နှင့်လည်းကောင်း သတင်းအချက်အလက်များ ဖလှယ်ပြီး ပူးပေါင်းဆောင်ရွက် နိုင်သည်။

## အခန်း(၂၂)
## အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၇၇။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၇၉ နှင့် ၈၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထား နိုင်သည်။

(ခ) အခွင့်အရေးရရှိသူသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၇၈။ မူပိုင်ခွင့်တရားရုံးသည်-

(က) အမှတ်တံဆိပ်ပိုင်ရှင် မဟုတ်သော အခြားသူတစ်ဦးက ယင်းအမှတ် တံဆိပ် ပိုင်ရှင်၏ သဘောတူခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၈ ပါ အခွင့်အရေး တစ်ရပ်ရပ်ကို နိုင်ငံတော်တွင် ကျင့်သုံးဆောင်ရွက်ပါက ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်ကို ချိုးဖောက်သည်ဟု မှတ်ယူရမည်။

(ခ) ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူ သို့မဟုတ် အလားတူ မှတ်ပုံတင်မထားသည့် ကျော်ကြားသော အမှတ်တံဆိပ် သင်္ကေတတစ်ခုအား ခွင့်ပြု ချက်မရဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည် ဟု မှတ်ယူရမည်။

၇၉။ (က) မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါး ချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၇၊ ပုဒ်မခွဲ (က)အရ လျှောက်ထား လာပါက တရားမကြောင်းအရ ကုစားဆောင်ရွက်ရန် အောက်ပါယာယီ အရေးယူ ဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်း ကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့် ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန် ပစ္စည်းများ အပါအဝင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော် ၏ ကုန်သွယ်မှု လမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးရန်သင့် သည် ထင်မြင်သည့်အမိန့်၊

(၂) စွပ်စွဲခံရသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုး ဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံ အထောက် အထားများ ကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန် သင့်သည်ထင်မြင် သည့် အမိန့်၊

(၃) သက်ဆိုင်ရာအကောက်ခွန်ဦးစီးဌာနက ထုတ်ထားသည့် ဆိုင်းငံ့ မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကိုတင်သွင်းရန် ညွှန်ကြားနိုင်သည်-

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါး ချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့် အထောက်အထားများကို တင်ပြစေခြင်း၊

(၂) ယာယီ အရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ် တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်အရ ယာယီအရေးယူ ဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ် လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေး ယူ ဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက် နစ်နာမှုအပေါ် အမှုကိုအပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့် တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူ ဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရား စွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၈၀၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၇၉၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၈၀၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူ ဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

(င) မူပိုင်ခွင့် တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်း မရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သောထိခိုက် နစ်နာမှုများအတွက် သင့်လျော်သောလျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၀။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကိုဖြစ်စေ တန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာ ရှိခြင်း၊

(၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့် အန္တရာယ် အမှန်တကယ် ကျရောက်နေခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူ ဆောင်ရွက်ရာတွင်-

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့သတ်မှတ်ချက် မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်း မရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(ဂ) ယင်းအရေးယူ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၈၁။ (က) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၇၇၊ ပုဒ်မခွဲ(ခ)အရ စွဲဆိုမှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးခြင်း အပါအဝင် အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့် အမိန့်၊

(၂) (ကက) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သော နစ်နာကြေးကို ပေးဆောင်စေရန် အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကို ဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်၊

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန် အလို့ငှာ လျော်ကြေး တစ်စုံတစ်ရာ ပေးဆောင်စေခြင်းမရှိဘဲ အမှတ်တံဆိပ် ချိုးဖောက်သော ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်၊

(၄) အမှတ်တံဆိပ်ချိုးဖောက်သော ကုန်ပစ္စည်းများ ပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)နှင့် (၄) တို့အရ အမိန့်တစ်ခုခုကို ချမှတ်ရန်စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် အမှတ်တံဆိပ် ချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည် ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၈၂။ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန် တိုင်ကြားကြောင်းပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၈၃။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့်သက်သေခံ အထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့် စပ်ဆိုင်သည့် ခိုင်လုံသောသက်သေခံ အထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင် ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက် မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၈၄။ မူပိုင်ခွင့်တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအား ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၅။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကို အခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့် စွဲဆိုပါက မူပိုင်ခွင့်တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့်ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၈၄ အရချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေးအဖြစ် ပေးခဲ့သော ငွေကြေးကို ခုနှိမ်ပေးရမည်။

၈၆။ မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ တရားမကျင့်ထုံး ဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း(၂၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈၇။ (က) မည်သူမဆို စီးပွားရေးအလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို အခွင့်အရေး ရရှိသူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(၁) အမှတ်တံဆိပ်အတု ပြုလုပ်ခြင်း၊

(၂) အမှတ်တံဆိပ်အတုအား ကုန်ပစ္စည်းတွင် အသုံးချခြင်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အသုံးချခြင်း၊

(၃) အမှတ်တံဆိပ် အတုပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တံဆိပ်အတုကို ကုန်ပစ္စည်းတွင် အသုံးချရန်ဖြစ်စေ အဓိကအသုံးပြုသော မည်သည့် ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာများကိုမဆို လက်ဝယ်ထားရှိခြင်း။

(ခ) မည်သူမဆို စီးပွားရေးအလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(၁) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား ရောင်းဝယ်ဖောက်ကား ဖြန့်ဝေခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကား ဖြန့်ဝေရန် လက်ဝယ်ထားခြင်း၊

(၂) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်မှ တင်ပို့ခြင်း။

၈၈။ မည်သူမဆိုပုဒ်မ ၈၇ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ၁၀ နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၉။ မည်သူမဆို နိုင်ငံတော်မှ အဖွဲ့ဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ အထူးအကာအကွယ်ပေးထားသောအလံ သို့မဟုတ် သင်္ကေတ အမှတ်အသားများကို အမှတ်တံဆိပ်အဖြစ် စီးပွားရေးအလို့ငှာ အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၀။ မည်သူမဆို အမှတ်တံဆိပ်ပိုင်ရှင်ကို ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မှတ်ပုံတင် အမှတ်တံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းတစ်ခုခု ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ကို မမှန်မကန် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း။

၉၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းပါဝင်လျှင် ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

## အခန်း(၂၄)
## အထွေထွေ

၉၃။ ဤဥပဒေအာဏာမတည်မီက မှတ်ပုံတင်အက်ဥပဒေနှင့်အညီ -

(က) စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် မှတ်ပုံမတင်ထားသော်လည်း နိုင်ငံတော်၏ ဈေးကွက်အတွင်းတွင် အမှန်တကယ် အသုံးပြုနေသော အမှတ်တံဆိပ်ပိုင်ရှင်များသည် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုလျှင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရန် လျှောက်ထားရမည်။

(ခ) စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ထားသည်ဖြစ်စေ နိုင်ငံတော်၏ ဈေးကွက်အတွင်းတွင် အမှန်တကယ် အသုံးပြုနေသော အမှတ်တံဆိပ်များသည် အဆိုပါ အမှတ်တံဆိပ်ကို အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ယင်း အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် အသုံးပြုခြင်းဆိုင်ရာ ဦးစားပေး အခွင့်အရေးကို သတ်မှတ်ထားသော ကာလအတွင်း ခံစားစေရမည်။

၉၄။ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ -

(က) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေအရသာ အရေးယူရမည်။

၉၅။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကို အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက သတ်မှတ်ချက်များနှင့်အညီ ထိုသူကို တင်ပြကြားနာခွင့်ပေးရမည်။

၉၆။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ် မိတ္တူနှင့် အထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်ရာမူပိုင်ခွင့်တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၇။ မူပိုင်ခွင့်တရားရုံးသည် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သောကိရိယာ တန်ဆာပလာများအပါအဝင် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန် သင့်သည် ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

၉၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၉၉။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီ အဖွဲ့ဝင်၊ အေဂျင်စီ အဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၁၀၀။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၁၀၁။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၀၂။ ဤဥပဒေပါ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုက စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏အရေးပေါ်အခြေအနေနှင့် အများပြည်သူ ဘေးအန္တရာယ်ကိစ္စများတွင် အမှတ်တံဆိပ်ပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူ အကျိုးငှာအသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၀၃။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟုသတ်မှတ်သည်။

၁၀၄။ အမှတ်တံဆိပ်အငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၀၅။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့်အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၀၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

(ဂ) အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသော ဝန်ကြီးဌာနသည် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဃ) အေဂျင်စီနှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း နှစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များ သင်ကြားခွင့်ရှိနေ

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၏ **ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ဒေါတမငယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါတမငယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ထက်ဆင့်သင် ကျောင်းသား ကျောင်းသူ ၁၇၇ ဦးသာ ရှိသည့်အပြင် အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်သော ဒီးမော့ဆို အခြေခံပညာအထက်တန်းကျောင်းနှင့် တစ်မိုင်ခန့်သာ ကွာဝေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရန် ဦးစားပေးသတ်မှတ်ထားခြင်း မရှိပါကြောင်း၊ လက်ရှိတွင်လည်း အခြေခံပညာအထက်တန်းအဆင့် ပညာရပ်များလည်း သင်ကြားခွင့်ရှိနေပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဆင်အိုးချိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရခိုင်ပြည်နယ်

*စာမျက်နှာ ၇ ကော်လံ ၁*




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။ သတင်းစဉ်

# အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအသင်း လေ့ကျင့်မှုများ စတင်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

မြန်မာ ယူ-၂၂ အသင်းသည် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဖေဖော်ဝါရီ ၄ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းကို ပဏာမကစားသမား ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြသစ် ပိုပေါ့ဗ် ကိုင်တွယ်နေသည့် အသင်းလည်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်း၏ လေ့ကျင့်ရေးအစီအစဉ်များကြောင့် ပြည်တွင်းလိဂ်ပြိုင်ပွဲကို ခေတ္တရပ်နားထားပြီး အာဆီယံ ယူ-၂၂ ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ၁၀ ရက် ကျော်ရရှိမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အဓိက နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုပြိုင်ပွဲမှာ ပထမဆုံး ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲလည်း ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဇန်နဝါရီတွင် မြန်မာ ယူ-၂၂ အသင်းအား နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ဦးကြည်လွင်အစား ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်ကို ပြောင်းလဲခန့်အပ်ခဲ့သည်။



မြန်မာ ယူ-၂၂ အသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

မြန်မာယူ-၂၂ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် မလေးရှား၊ အင်ဒိုနီးရှား၊ အိမ်ရှင် ကမ္ဘောဒီးယားအသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စု (က)တွင် ဗီယက်နမ်၊ ထိုင်း၊ တီမောနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ မြန်မာယူ-၂၂ အသင်းသည် ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားတော့မည်မဟုတ်ဘဲ ပြည်တွင်းခြေစမ်းပွဲ တစ်ပွဲ

*စာမျက်နှာ ၁၂ ကော်လံ ၅*

# အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲပထမအဆင့်အဖြစ် ဆီရက်စ်နှင့် ရန်ကုန်အသင်း ယနေ့ ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ကလပ်အသင်းပြိုင်ပွဲများအနက် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲ၏ အကြိုခြေစစ်ပွဲ ပထမအဆင့်ပွဲများကို ဖေဖော်ဝါရီ ၅ ရက် **(ယနေ့)** တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် အဝေးကွင်းပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲများကိုလည်း ဇုန်အလိုက်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှဇုန်၏ အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ပွဲနှစ်ပွဲ ပါဝင်မည်ဖြစ်သည်။ ခြေစစ်ပွဲများကို တစ်ကျော့တည်းသာ ကျင်းပမည်ဖြစ်ပြီး ကလပ်အသင်းများ၏ အဆင့်သတ်မှတ်ချက်များအပေါ်မူတည်၍ အိမ်ကွင်း၊ အဝေးကွင်း ကစားရခြင်းဖြစ်သည်။ အရှေ့အာရှဇုန် အကြိုခြေစစ်ပွဲ ပထမအဆင့်အဖြစ် ဆီရက်စ် (ဖိလစ်ပိုင်)နှင့် ရန်ကုန်(မြန်မာ)၊ ဟုမ်းယူနိုက်တက်(စင်ကာပူ)နှင့် ပါဆီဂျာဂျာကာတာ(အင်ဒိုနီးရှား) တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် အကြိုခြေစစ်ပွဲ ဒုတိယအဆင့်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေပြီး ဆီရက်စ်အသင်းကို ကျော်ဖြတ်နိုင်ခဲ့ပါက ထိုင်းကလပ် ချင်းရိုင်ယူနိုက်တက်အသင်းနှင့် ဒုတိယအဆင့်တွင် ကစားရမည်ဖြစ်သည်။ ရန်ကုန်နှင့် ဆီရက်စ်အသင်းသည် ၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခဲ့ဖူးပြီး ရန်ကုန်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယအကျော့အိမ်ကွင်းပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရသော်လည်း နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-ငါးဂိုးဖြင့်ရှုံးနိမ့်ကာ ဖိုင်နယ်ပွဲနှင့် လွဲချော်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅*


ဘူးသီးတောင်၌ မသင်္ကာသူတစ်ဦးအား ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ငါးတောင့်နှင့်အတူ ဖမ်းဆီးရမိ စာ » ၁၃

ဩစတြေးလျ ရေကြီးမှုနှင့်အတူ မိကျောင်းများပါ လမ်းမပေါ်ရောက်လာ စာ » ၁၄

အတိုက်အခံ သမ္မတနဲ့ လက်ရှိ သမ္မတတို့ အားပြိုင်မှုကြောင့် ဗင်နီဇွဲလားပဋိပက္ခ ကမ္ဘာ့အရေးမှာ သက်ဝင်လှုပ်ရှားလာ စာ » ၁၅



